# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ Monday 26 November 2018 ၉၄၈၂


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နီပေါနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း နီပေါနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကတ္တမန္ဒူးမြို့၌ ကျင်းပမည့် "အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး ၂၀၁၈" သို့လည်း ချစ်ကြည်ရေးခရီးစဉ်နှင့် တစ်ဆက်တည်း တက်ရောက်မည်ဖြစ်သည်။ **သတင်းစဉ်**

### ယနေ့သတင်းအညွှန်း

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံအသစ်တွင် ဘာသာရပ်အားလုံး၌ လွယ်၊ သင့်၊ ခက် မျှတစွာဖြင့် စဉ်းစားတွေးခေါ်မှုကို အားပေးသည့် မေးခွန်းများ ပိုမိုပါဝင်လာမည်

စာမျက်နှာ »» ၃

၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်များအဖြစ် ရွေးချယ်ခြင်းခံရသည့် စာရေးဆရာအချို့၏ စကားသံများ

စာမျက်နှာ »» ၈

ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ပဥ္စမအကြိမ်ပြုလုပ်

စာမျက်နှာ »» ၁၀

ပုဂံဒေသတွင် ပဒေါင်တိုင်းရင်းသားများကိုယ်တိုင် လက်တွေ့ရက်လုပ်သည့် အထည်များကို စိတ်ဝင်စားမှုများပြား

စာမျက်နှာ »» ၂၀

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဒီရေတောအတွင်း အမှတ်တရသစ်ပင်စိုက်ပျိုး ဒီရေတော ဧက ၁၈၀၀ ထိန်းသိမ်းခြင်းနှင့် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းများ စစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့နယ်ခွဲအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒီရေတောဧရိယာ ဧက ၁၈၀၀ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ပုသိမ်မြို့နယ် ပုသိမ်-ငွေဆောင်ကားလမ်း မိုင်တိုင်အမှတ်(၁၇/၀) အနီး သလပ်ခွာကြီးဝိုင်း အကွက်အမှတ်(၂၇)အတွင်းရှိ ပုသိမ်မြို့နယ် သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း အမြဲတမ်းစခန်းရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပုသိမ်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနမှထုတ်ပြန်ထားသည့် Standard Operation Procedures (SOPs)အတိုင်း တိတိကျကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအပေါ် တာဝန်ရှိဝန်ထမ်းများက ရာထူးအဆင့်အလိုက် တာဝန်ခံ၊ တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ခြင်းများ အထူးလိုအပ်ကြောင်း၊ ပင်ပူးခွာကိုင်းချိုင်ခြင်း၊ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းများအတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့် တာဝန်ခံများက စနစ်တကျကြီးကြပ်ရန် လိုအပ်သလို သစ်တောစိုက်ခင်းများနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များ၊ သုံးသပ်ချက်များကို အစီရင်ခံစာ စနစ်တကျရေးသားပြုစု၍ ဦးစီးရုံးချုပ်သို့ တင်ပြရန်လိုအပ်ကြောင်း၊ သို့မှသာ နောင်တစ်ချိန်တွင် သစ်တောလုပ်ငန်းများ အလုပ်လွှဲပြောင်းမှုများအတွက် မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**




ကြေးမုံ

# ပြုပြင်ပြောင်းလဲခြင်းဖြင့် စီးပွားရေးကဏ္ဍမြှင့်တင်

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူအဆင်ပြေလျှင် ထိုနိုင်ငံ၏ စီးပွားရေး တိုးတက်လာမည်မှာ အမှန်ဖြစ်သည်။ စီးပွားရေးလုပ်ကိုင်မှု အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးဆိုင်ရာကဏ္ဍများတွင် ပြုပြင်ပြောင်းလဲလုပ်ကိုင်ကြရသည်။

စီးပွားရေးသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိ၊ မရှိအပေါ်တွင် သက်ဆိုင်မှုရှိသည်ဟုဆိုသော်လည်း ပြည်သူများ၏ နိစ္စဓူဝ ဘဝရပ်တည်ရှင်သန်ရေးအတွက် စီးပွားရေးကို အခက်အခဲကြား၊ စိန်ခေါ်မှုကြားမှ မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ကြရသည်။ အဓိကမှာ စီးပွားရေးအတွက် လုပ်သာကိုင်သာရှိသော အခွင့်အလမ်းများကို ဖန်တီးပေးရန်လိုအပ်သည်။

မျက်မှောက်ကမ္ဘာတွင် အခက်အခဲကြားမှ နိုင်ငံအချို့နှင့် အချို့နိုင်ငံငယ်များ နိုင်ငံ့စီးပွားရေး နိုးထလာသည်ကို လေ့လာတွေ့ရှိရသည်။ အီရတ်၊ အာဖဂန်နစ္စတန်၊ အီသီယိုးပီးယား စသည့် ပဋိပက္ခကြားမှ နိုင်ငံများ၊ အာဖရိကတိုက်မှ နိုင်ငံငယ်များသည် စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှု တိုးတက်မှု အများဆုံးနိုင်ငံစာရင်းတွင် ပါဝင်လာသည်ကို တွေ့ရသည်။ ယင်းသည် လုပ်သာကိုင်သာရှိသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်သောကြောင့်ဖြစ်သည်။

စီးပွားရေးလုပ်ကိုင်ရန်လွယ်ကူမှုသည် အလွန်အရေးကြီးသည့် အချက်ဖြစ်သည်ကို သတိမူမိကြသည်။ မြန်မာနိုင်ငံအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတော်အစိုးရတို့ အချိန်ပေးပြီး ပြုပြင်ပြောင်းလဲ လုပ်ဆောင်လာသည်ကို တွေ့ရသည်။ စီးပွားရေးလုပ်ကိုင်နိုင်မှုတွင် ၂၀၁၉ ခုနှစ်အတွက် မြန်မာနိုင်ငံ၏အဆင့်မှာ ကျမသွားဘဲ ယခင်နှစ်ကဲ့သို့ပင် အဆင့် (၁၇၁)တွင် ရှိနေသည်ဟု ကမ္ဘာ့ဘဏ်က သုံးသပ်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးအညွှန်းကိန်းတစ်ခုကို တစ်နှစ်လျှင် ပြုပြင်ပြောင်းလဲမှု သုံးခု အနည်းဆုံးဆောင်ရွက်ရန် စီမံကိန်းရေးဆွဲဆောင်ရွက်မှသာ ၂၀၂၀ ပြည့်နှစ်တွင် စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှု အဆင့် (၁၀၀)အတွင်း ရောက်ရှိမည်ဟု စီးပွားရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။ စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှု အဆင့် (၁) နိုင်ငံမှာ နယူးဇီလန်ဖြစ်ပြီး အဆင့် (၂)မှာ စင်ကာပူဖြစ်သည်။ မလေးရှားမှာ အဆင့် (၁၅) ဖြစ်ပြီး အာဖဂန်နစ္စတန်မှာ (၁၆၇) ဖြစ်သည်။

မြန်မာနိုင်ငံသည် စီးပွားရေးဆိုင်ရာ လုပ်သာကိုင်သာရှိသော အခြေအနေကောင်းများရှိပြီးဖြစ်သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို မကြာသေးမီနှစ်များမှ စတင်ပြောင်းလဲလုပ်ဆောင်သောကြောင့် တိုးတက်မှုအဆင့်မှာ မပြောင်းလဲသေးသဖြင့် ယခုလက်ရှိ ပြုပြင်ပြောင်းလဲလုပ်ဆောင်မှုများကို အရှိန်အဟုန်မြှင့်ကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာ စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှုအဆင့် (၁၀၀) အတွင်း ရောက်ရှိမည်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအညွှန်းကိန်းခေါင်းဆောင်များ၊ ကမ္ဘာ့ဘဏ်၏အကြံပေးများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က စီးပွားရေးဆိုင်ရာ ပကတိအခြေအနေကို အမှန်အတိုင်းသိရှိခြင်း၊ ကာလတိုအတွင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခြင်း၊ စဉ်ဆက်မပြတ်တိုးတက်မှုများ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ယခုအခါ မြန်မာနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံဖြင့် အများဆုံးဝင်ရောက်ထားပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါးရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ကိုင်ရန်လွယ်ကူခြင်း၊ စီးပွားရေးတိုးတက်ခြင်းသည် အလွန်အရေးကြီးသောအချက်ဖြစ်၍ နိုင်ငံတော်အစိုးရနှင့် စီးပွားရေးအဖွဲ့အစည်းများ အထူးအလေးထားဆောင်ရွက်နေရာ စီးပွားရေးနှင့် သက်ဆိုင်သူများအားလုံးအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြိုင်ကြီးငူဆရာတော်ကြီး ဘဒ္ဒန္တသုဇန၏ ဥတုဇရုပ်ကလာပ်တော်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သွားရောက်ဖူးမြော်ကြည်ညို၍ လှူဒါန်းမှုများပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကြီးငူ စုံနံ့သာမြိုင် ဆွေမြို့တော်သို့ ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၃၀ ရက်က ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သော သက်တော်(၇၁)နှစ်၊ ဝါတော်(၅၂)ဝါရှိ မြိုင်ကြီးငူဆရာတော်ကြီးဘဒ္ဒန္တသုဇန၏ ရုပ်ကလာပ်တော်ကို သွားရောက်ဖူးမြော်ကြည်ညိုသည်။



မြိုင်ကြီးငူ ဆရာတော်ကြီးသည် သာသနာ့အရေးနှင့် ငြိမ်းချမ်းရေးအတွက် ကရင်ပြည်နယ် မြိုင်ကြီးငူဒေသတွင်အစပြု၍ နိုင်ငံတော်နှင့် ကရင်ပြည်နယ်အတွက် အကျိုးပြုလုပ်ငန်းတာဝန်များကို ကြိုးပမ်းအားထုတ်ခဲ့သည်။ ယခုအခါ အပူဇော်ခံထားရှိသော ဆရာတော်၏ ရုပ်ကလာပ်ကို အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် မြိုင်ကြီးငူ စုံနံ့သာမြိုင် ဆွေမြို့တော်တွင် ယာယီစံကျောင်းတော်ဖြင့် အပူဇော်ခံရန် ပြင်ဆင်ထားရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကြွရောက်လာသည့် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်ခြင်း၊ လှူဒါန်းငွေကျပ်သိန်းသုံးဆယ်ခုနစ်သောင်းငါးထောင်နှင့် ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းနှင့်အတူ သာသနာ့အရေး၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းစွမ်းဆောင်မှု မှတ်တမ်းစာအုပ် ၅၀၀ တို့ကို ရေစက်သွန်းချ လှူဒါန်းခဲ့သည်။

ဆရာတော်၏ အန္တိမစျာပနကို မြိုင်ကြီးငူ စုံနံ့သာမြိုင် ဆွေမြို့တော်၌ နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးသုံးခုအတွင်းရှိ မြစ်ရေတင်စီမံကိန်း ၁၀၀ မှ ယခုနှစ် မိုးသီးနှံ ၆၄၈၈၃ ဧကအား စိုက်ပျိုးရေပေးဝေခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြစ်ရေတင်စီမံကိန်း ၁၀၀ မှ မိုးစပါး ၄၂၄၇၆ ဧကနှင့် အခြားသီးနှံ ၂၂၄၀၇ ဧက စုစုပေါင်း ၆၄၈၈၃ ဧကအား စိုက်ပျိုးရေပေးဝေခဲ့သည်။

ထိုကဲ့သို့ စိုက်ပျိုးရေပေးဝေနိုင်သည့်အတွက် တိုင်းဒေသကြီး သုံးခု၏ စိုက်ပျိုးစွမ်းအား မြှင့်တင်နိုင်ခြင်း၊ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ထုတ်လုပ်လာနိုင်ခြင်း၊ သီးထပ်သီးညှပ်စိုက်စွမ်းအား မြှင့်တင်ပေးနိုင်ခြင်း၊ သီးနှံအထွက်နှုန်းများ တိုးတက်အောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။

ဖော်ပြပါ တိုင်းဒေသကြီး သုံးခုသည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုန်တွင်ပါဝင်ကာ ယခင်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် သဘာဝမိုးရေကိုသာ မှီခိုအားထား စိုက်ပျိုးခဲ့ကြရသည်။ ယခုအချိန်တွင် နိုင်ငံတော်မှ ဆည်များ၊ တာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေဖြင့် စိုက်ပျိုးရေတွင်းများအား နေရာဒေသအလိုက် လိုအပ်ချက်များကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ရေး၊ စိုက်ဧကများ တိုးတက်ရေး၊ သီးနှံအထွက်နှုန်းများ တိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**
**ဓာတ်ပုံ-ဆည်မြောင်း**



၂၀၁၈-၂၀၁၉ ခုနှစ် မိတ္ထီလာခရိုင် မိတ္ထီလာလွှင့်ပြင်ရေတင်လုပ်ငန်းမှ မိုးသီးနှံရေပေးဝေနေစဉ်။

## အနိမ့်ဆုံးအပူချိန်စံချိန်သစ်

၂၅-၁၁-၂၀၁၈

| စဉ် | စခန်းအမည် | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင် စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | မြင်းမူ | ၁၃. ၂ | ၅၅. ၈ | ၁၃. ၅ | ၅၆. ၃ | ၃၀-၁၁-၂၀၀၁ | ၃၆ |

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရွှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ၏ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုန်းသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ သက်တော်(၈၅)နှစ် သိက္ခာတော်(၆၅)ဝါ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲဝင်းဦး၊ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်တို့ တက်ရောက်ပူဇော်ခဲ့ကြသည်။



### စိန်ကတ္တီပါလွှမ်းခြုံပူဇော်

အခမ်းအနားကို ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ အမှူးပြုသော ပရိသတ်အားလုံးက "သဗ္ဗေ သင်္ခါရာ အနိစ္စာတိ" အစချီသော သုံးဂါထာကို ရွတ်ဆိုကာ သံဝေဂဉာဏ်ပွားများ၍ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ သန်လျင်မြို့ မင်းကျောင်းဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲဝင်းဦး၊ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်တို့က စိန်ကတ္တီပါလွှမ်းခြုံပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မ ဓမ္မရောင်ခြည်ကျောင်း မဟာထေရ်က ရွတ်ဖတ်ပူဇော်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝမ်းနည်းကြောင်း သဝဏ်လွှာဖတ်ကြားပူဇော်ပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဒေါက်တာ အရှင်ဇောတိသရက ဖတ်ကြားပူဇော်သည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား သက်နန်းစသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ သန်လျင်မြို့ မင်းကျောင်းဆရာတော်ကြီးက သံဝေဂဉာဏ်ပွားများတော်မူကြောင်း မရဏာနုဿတိ ဘာဝနာတရားနှင့် ရေစက်ချအမျှပေးဝေ၍ အခမ်းအနားပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတအရှင်သူမြတ်က ဂုဏထောမနာဂါထာနှင့် ပစ္ဆိမဝန္ဒနာဂါထာတို့ကို ရွတ်ဖတ်ပူဇော်၍ တပည့်သံဃာ၊ ဒါယကာ ဒါယိကာမများက အပြစ်ရှိလျှင် သည်းခံခွင့်လွှတ်တော်မူပါရန် နောက်ဆုံးကန်တော့ တောင်းပန်လျှောက်ထားသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ဖြင့် အန္တိမအဂ္ဂိစျာပနကျင်းပရာ ဌာနသို့ ပင့်ဆောင်မီးပူဇော်ပြီး အရိုးတော်ပြာတော်များအား ရတနာရွှေအိုး၊ ငွေအိုးတွင် ထည့်သွင်းပူဇော်၍ ဥဒကပဝါဟန ရေမျှောပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံအသစ်တွင် ဘာသာရပ်အားလုံး၌ လွယ်၊ သင့်၊ ခက် မျှတစွာဖြင့် စဉ်းစားတွေးခေါ်မှုကို အားပေးသည့်မေးခွန်းများ ပိုမိုပါဝင်လာမည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲသင်တန်းကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကားပြောကြားသည်။

### တိုးတက်များပြားလာ

ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လတွင် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံအသစ်တွင် ဘာသာရပ်အားလုံး၌ လွယ်၊ သင့်၊ ခက် မျှတစွာဖြင့် စဉ်းစားတွေးခေါ်မှုကို အားပေးသည့်မေးခွန်းများ ပိုမိုပါဝင်လာမည်ဟု သိရှိရပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများသည် ၂၀၁၅ ခုနှစ်တွင် ၆၃၂၁၄ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၆၇၁၄၃၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၇၆၇၄၂၂ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၈၄၄၃၅၈ ဦးရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူ ၈၉၆၀၁၂ ဦး စာရင်းပေးသွင်းထားသဖြင့် နှစ်စဉ်ဖြေဆိုသူ တိုးတက်များပြားလာပြီး စုစုပေါင်းဖြေဆိုသူဦးရေ ၂၅၀၀၀၀ ကျော် ပိုများလာပါကြောင်း၊ စာစစ်ဌာနများကိုလည်း ၂၀၁၅ ခုနှစ်တွင် ၁၃၇၆ ခု၊ ၂၀၁၆ ခုနှစ်တွင် ၁၄၇၀၊ ၂၀၁၇ ခုနှစ်တွင် ၁၅၉၄ ခု၊ ၂၀၁၈ ခုနှစ်တွင် ၁၇၄၂ ခုရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၁၈၈၁ ခုအထိ တိုးမြှင့်၍ စာမေးပွဲဖြေဆိုသူများ ပိုမိုအဆင်ပြေနိုင်ဆုံးဖြစ်ရန်အတွက် သတ်မှတ်ချက်နှင့်ကိုက်ညီမှုအရ တိုးချဲ့ဆောင်ရွက်ပေးထားပါကြောင်း၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် စာမေးပွဲခန်း ကြီးကြပ်မည့် ဆရာ ဆရာမများ အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းအစမှ အဆုံးအထိ အကောင်းဆုံး ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ စာမေးပွဲမေးခွန်း၊ အဖြေလွှာ၊ စာစစ်လုပ်ငန်း၊ အောင်စာရင်းလုပ်ငန်းများလုံခြုံမှုရှိစေရေး၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးတို့အတွက် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် အထောက်အကူပြုဆောင်ရွက်မည့်သူများအား ဘက်မလိုက်ဘဲ မျှတစွာတာဝန်ပေးအပ်ရန်လိုပါကြောင်း၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ မေးခွန်းလုံခြုံမှုရှိရေး၊ စနစ်တကျလွှဲပြောင်း၊ လက်ခံမှတ်တမ်းဖြင့် သက်ဆိုင်ရာသို့ လက်ဆင့်ကမ်းအပ်နှံဆောင်ရွက်ကြရန်နှင့် ကုဒ်လုပ်ငန်းဆောင်ရွက်ရန်အတွက် လုံလောက်သော ဆရာ ဆရာမအရေအတွက်ဖြင့် တာဝန်ပေးအပ်ရန်လိုပါကြောင်း၊ စာစစ်လုပ်ငန်းဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင် ဆရာမများ၊ အသက် ၅၈ နှစ်အထက် အသက်အရွယ်ကြီးသော ဆရာ ဆရာမများ၊ ကျန်းမာရေးမကောင်းသော ဆရာ ဆရာမများနှင့် ဘာသာရပ်နှင့် မကိုက်ညီသော အထက်တန်းပြ ဆရာ ဆရာမများအား စာစစ်တာဝန်ပေးခြင်းမပြုရန်နှင့် ဘာသာရပ်နှင့်ကိုက်ညီသော အထက်တန်းပြလုပ်သက် နှစ်နှစ်အထက်ရှိသည့် ဆရာ ဆရာမများကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမတိုင်မီ တာဝန်ပေးရန်နှင့် ပျက်ကွက်မှုမရှိအောင် အလေးထားပူးပေါင်းဆောင်ရွက်ကြရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များနှင့်ပတ်သက်၍ ဆွေးနွေးပို့ချကြသည်။ အဆိုပါဆွေးနွေးပွဲသင်တန်းကို နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ မွန်၊ ကရင်၊ ရခိုင်၊ ရှမ်း(အရှေ့)၊ ချင်း(ပလက်ဝ) တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆရာ ဆရာမ စုစုပေါင်း ၁၀၆၇ ဦး တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ပြဋ္ဌာန်းသင်ကြားမည့် Grade-10 ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များ ရေးသားပြုစုရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးသို့ တက်ရောက်၍ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌနှင့် သင်ရိုးရေးဆွဲရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျိုက်လတ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူပညာပေး ဟောပြောပွဲပြုလုပ်

**ကျိုက်လတ် နိုဝင်ဘာ ၂၅**

ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက လှည်းဆိပ်ဘက်စုအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာရှိ တောင်သူဦးဌေးဝင်း၏ လယ်၌ကျင်းပသည့် အခမ်းအနားတွင် ထုံးထည့်စိုက်ပျိုးထားသော သီးထပ်ရင်မျိုးသန့်စံကွက်နှင့် ထုံးအသုံးပြုခြင်းမရှိသော သီးထပ်ရင်မျိုးသန့်စံကွက်များအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ ထုံးထည့် စံကွက်မှ ၈၅ တင်းနှင့် ထုံးအသုံးမပြုသော စံကွက်မှ ၇၂ တင်း ထွက်ရှိမှုကို ပြသခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်က ထုံးအသုံးပြုစပါးခင်းနှင့် ထုံးအသုံးမပြုသော သမားရိုးကျ စပါးခင်းတို့၏ အထွက်နှုန်း၊ အပင်ပွားနှုန်းနှင့် အရည်အသွေးကွာဟမှုများရှိကြောင်း နှိုင်းယှဉ်သုံးသပ်ပြသခဲ့ပြီး စိုက်ပျိုးရေးဆိုင်ရာများ ဟောပြောခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

**၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်**

တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့
ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်စို့။

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
(၂-၁၂-၂၀၁၈)

**၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ**

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊
★ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
★ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

# သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ (ပုပ္ပား) နှင့် ၆၆ ကေဗွီ ပိန္နဲတော ဓာတ်အားခွဲရုံ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့နံနက်ပိုင်းတွင် ပုပ္ပားမြို့၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ ငါးရုံ့ကုန်းရွာအနီးတွင် တည်ရှိသည့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ (ပုပ္ပား) ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စက်ရုံမှူးက သဘာဝပိုဇိုလန် ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်တိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအား အထူးဂရုပြု အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



သဘာဝပိုဇိုလန်ကို ကွန်ကရစ်တမံကြီးများ တည်ဆောက်ရာတွင် ကွန်ကရစ်အပူချိန် (Heat of Hydration) မြင့်တက်ခြင်းဖြစ်ပေါ်သဖြင့် အယ်ကာလီ-စီလီကာ ဓာတ်ပြုခြင်း (Alkali-Silica Reaction) ကို ထိန်းချုပ်ရန်လည်းကောင်း၊ တည်ဆောက်ချိန်ကာလ တိုတောင်း၍ ကုန်ကျစရိတ်သက်သာစေရန်လည်းကောင်း သဘာဝပိုဇိုလန်နှင့် ဘိလပ်မြေကို ရောနှောအသုံးပြု၍ RCC Dam (Roller Compacted Concrete Dam) များအဖြစ် တည်ဆောက်ရာတွင် အသုံးပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးခဲ့သည့် ရဲရွာကွန်ကရစ်ရေလှောင်တမံနှင့် အထက်ပေါင်းလောင်းကွန်ကရစ်ရေလှောင်တမံ တည်ဆောက်ရာတွင် သဘာဝပိုဇိုလန်နှင့် ဘိလပ်မြေကို ရောနှောအသုံးပြု၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယနေ့အထိ ထုတ်လုပ်ခဲ့သည့် ပိုဇိုလန်ကုန်ချောတန်ချိန်ပေါင်းမှာ ၅၆၈၀၈၉ ဒသမ ၉ တန်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သံချောင်းပုံစံဆင်ခြင်းဖြင့် ဆောက်လုပ်ခြင်းမဟုတ်သည့် တစ်ထပ်အဆောက်အအုံများနှင့် လမ်း၊ အုတ်တံတိုင်း၊ ရေကန်စသည့် အခြေခံလူမှုအဆောက်အအုံများကို သဘာဝပိုဇိုလန်နှင့် ဘိလပ်မြေရောစပ်၍ ကုန်ကျစရိတ်သက်သာစွာဖြင့် ကောင်းမွန်ခိုင်မာစွာ ဆောက်လုပ်နိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်း ၆၆ ကေဗွီ ပိန္နဲတောဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ခွဲရုံမှူးက ဓာတ်အားထိန်းချုပ်ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ ထရန်စဖော်မာ ဝန်အားပြည့်ဖြန့်ဖြူးနေရမှုအခြေအနေ၊ ဓာတ်အားလိုင်းများ၏ ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ခြင်းမရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ပြီး ဓာတ်အားထိန်းချုပ်ခန်းနှင့် ဓာတ်အားခွဲရုံ Switchyard အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းက Grand Mercure Hotel ရန်ကုန်တွင် ကျင်းပသည့် နိုင်ငံတကာ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကမ္ဘာ့တိုက်ကြီးများရှိနိုင်ငံပေါင်း ၃၅ နိုင်ငံမှ အားကစားသမား ၁၉၇ ဦး ပါဝင်ယှဉ်ပြိုင်သည့် ကမ္ဘာ့အဆင့် ဘိလိယက်နှင့် စနူကာပြိုင်ပွဲကြီးနှင့် နိုင်ငံအသီးသီးမှ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်များ၏ ဥက္ကဋ္ဌများ တက်ရောက်သည့် နိုင်ငံတကာ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (International Billiards and Snooker Federation) ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်းကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ဤပြိုင်ပွဲကြီးသည် နိုင်ငံတကာမှ ပြိုင်ပွဲဝင်အားကစားသမားများ၏ ယှဉ်ပြိုင်မှုမှတ်တမ်းများကို လေ့လာနိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ အားကစားသမားများအတွက် အမြင်ကျယ်စေခဲ့သည့် ပြိုင်ပွဲကြီးဖြစ်ပါကြောင်း၊ ပြိုင်ပွဲကြီးတွင် ကမ္ဘာ့ 150 up ဘိလိယက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အားကစားသမားက ဒုတိယဆုတံဆိပ်ဆွတ်ခူးရရှိခဲ့ခြင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတကာ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆွေးနွေးမည့် ခေါင်းစဉ်အကြောင်းအရာများသည် စုံလင်ကောင်းမွန်ပြီး သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ဘိလိယက်နှင့် စနူကာ အားကစားနယ်ပယ်အတွက်လည်း အကျိုးရှိစေမည် ဖြစ်ကြောင်း။

နိုင်ငံအသီးသီးမှ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌများအနေဖြင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အားကစား ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အတွေ့အကြုံများနှင့် အကြံဉာဏ်များ ဝေမျှပေးအပ်ကြစေလိုပါကြောင်း၊ ယခုပြိုင်ပွဲကြီးနှင့် အစည်းအဝေးကြီးမှတစ်ဆင့် အားကစားသမားများအချင်းချင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌများအချင်းချင်း၊ အဖွဲ့ချုပ်များအချင်းချင်း ဆက်သွယ်ချိတ်ဆက်မှုများ ပြုလုပ်ခြင်းဖြင့် ဘိလိယက်နှင့် စနူကာအားကစား ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပိုမိုပေါ်ထွက်လာရေးနှင့် ဘိလိယက်နှင့် စနူကာ



အားကစား ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းများကို ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတကာ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ် (IBSF) ဥက္ကဋ္ဌ Mr. Mubarak Hamad M S Al-Khayarin၊ ဒုတိယဥက္ကဋ္ဌ Mr. Joseph James Leacy၊ အာရှဘိလိယက်အဖွဲ့ချုပ် (the Asian Confederation of Billiard Sports - ACBS) ဥက္ကဋ္ဌ Mr. Mohamed Salem A S Al-Nuaimi၊ အာဖဂန်နစ္စတန်၊ ဩစတေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ တရုတ်၊ တရုတ်ဟောင်ကောင်၊ ဒိန်းမတ်၊ ဂျာမနီ၊ အိန္ဒိယ၊ အီရန်၊ အီရတ်၊ ဂျပန်၊ ကိုရီးယား၊ လတ်ဗီးယား၊ မလေးရှား၊ မော်ရစ်ရှ၊ မွန်ဂိုလီးယား၊ နယူးဇီလန်၊ ပါကစ္စတန်၊ ပိုလန်၊ ကာတာ၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ တောင်အာဖရိက၊ သီရိလင်္ကာ၊ ဆွီဒင်၊ ဆီးရီးယား၊ တူရကီ၊ ယူအေအီး၊ ဗီယက်နမ်၊ ဝေးလ်နှင့် မြန်မာနိုင်ငံအပါအဝင် စုစုပေါင်း နိုင်ငံ ၃၅ နိုင်ငံမှ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

✽ **ရွှေဖိုးမှ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သလပ်ခွာကြိုးဝိုင်း အကွက်အမှတ်(၂၇)အတွင်း စိုက်ပျိုးတည်ထောင်ထားသည့် (၁/၂၀၁၈) စီးပွားရေးပျဉ်းကတိုးစိုက်ခင်း ဧက ၃၅၀ စိုက်ခင်း အောင်မြင်ရှင်သန်နေမှု၊ ၂၀၁၉ မိုးရာသီတွင် တည်ထောင်မည့် သစ်တောစိုက်ခင်းအတွက် လိုအပ်သော ပျိုးပင်များထုတ်လုပ်နိုင်ရန် ပျိုးဥယျာဉ်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-ချောင်းသာကားလမ်း မိုင်တိုင်အမှတ် (၂၄/၆)အနီး ချောင်းသာကြိုးဝိုင်း အကွက်အမှတ်(၂၀)အတွင်း (၁/၁၉၈၃) ပျဉ်းကတိုးစိုက်ခင်းဧက ၂၀၀ အနက် ၂၅ ဧကအား သစ်စေ့ထုတ်ဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့နယ် ချောင်းသာဒေသရှိ ပုဂ္ဂလိကပိုင်ဆင်စခန်းများဖြစ်သည့် ချောင်းသာဆင်စခန်းနှင့် ကျောက်မောင်နှမဆင်စခန်းများသို့ရောက်ရှိစစ်ဆေးသည်။ ကြည့်ရှုစစ်ဆေးရာတွင် ဆင်စခန်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာ့သစ်လုပ်ငန်းမှ ငှားရမ်းထားသည့်ဆင်များအတွက် လွတ်ကျောင်းစားကျက်များရရှိနိုင်မှုနှင့် ဖြည့်စွက်စာများကျွေးမွေးမှုအပါအဝင် ကျန်းမာရေးအတွက် ပြုစုထိန်းသိမ်းစောင့်ရှောက်ထားမှု၊ ဆင်ဦးစီးများနှင့် ဆင်နောက်လိုက်များ၏မိသားစုအတွက် စားဝတ်နေရေးကူညီပံ့ပိုးပေးနိုင်မှုနှင့် ဆင်စခန်းများအတွင်းသို့ ဧည့်သည်များ ဝင်ရောက်အပန်းဖြေလေ့လာမှုများအပေါ် လိုအပ်သည်များအား ဆွေးနွေးမှာကြားသည်။

**စီမံကိန်းကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ် - ချောင်းသာကားလမ်း မိုင်တိုင်အမှတ် ၃၇/၀ အနီးရှိ မြန်မာနိုင်ငံသစ်တောအသင်းနှင့် Ramsar Center Japan (RCJ) တို့ပူးပေါင်း၍ TOYOTA Environmental Grant ၏ငွေကြေးထောက်ပံ့မှုဖြင့် ဒီဇင်ဘာ ၁၁ ရက်အထိ တစ်နှစ်ကြာဆောင်ရွက်လျက်ရှိသော ဒေသခံလူထုအခြေပြု ဒီရေတောထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးနှင့် ထာဝစဉ်တည်တံ့ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့နယ်ခွဲအတွင်း သစ်တောဦးစီးဌာန ပုသိမ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနနှင့် Worldview International Foundation တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒီရေတောဧရိယာ ဧက ၁၈၀၀ ထိန်းသိမ်းကာကွယ်ခြင်းနှင့် လိုအပ်သောနေရာများတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းများဆောင်ရွက်နေမှုများအား သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ရှားပါးဒီရေတောသစ်ပင်မျိုးစိတ်များ ထိန်းသိမ်းကာကွယ်ထားရှိမှုများအား လိုက်လံရှင်းလင်းပြသခဲ့ပြီး ပြည်ထောင်စုဝန်ကြီးသည် ဒီရေတောအတွင်း အမှတ်တရသစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဘားအံမြို့ ကန်သာယာအတွင်း ငါးမျိုးစိုက်ထည့်



**ဘားအံ နိုဝင်ဘာ ၂၅**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသအတွင်း အနာဂတ်လူသားများ စဉ်ဆက်မပြတ်ငါးစားသုံးမှုဖူလုံပိုလျှံစေရေးအတွက် ငါးမွေးမြူရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး ငါးစားသုံးမှုကို ဖြည့်ဆည်းနိုင်ရေးအတွက် နှစ်စဉ်သဘာဝရေပြင်များတွင် ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီက ကန်သာယာအတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၅၀၀၀၀ အား စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရေး၊ ငါးမျိုးများရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ ဒေသတွင်းငါးစားသုံးမှုဖူလုံစေရေးအတွက် ငါးမျိုးစိုက်ထည့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးချေးငွေနှင့် MSME ချေးငွေဆိုင်ရာတွေ့ဆုံပွဲသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် နိုဝင်ဘာ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သရေခေတ္တရာခန်းမ၌ ကျင်းပသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးချေးငွေနှင့် MSME ချေးငွေဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ခရိုင် ခြောက်မြို့နယ်မှ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ MSME လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေသော လယ်ယာကဏ္ဍဖွံ့ဖြိုးရေးချေးငွေနှင့် MSME ကဏ္ဍ ဖွံ့ဖြိုးရေးချေးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး JICA ချေးငွေရယူထားသည့် တောင်သူလယ်သမားများ၊ MSME လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များက ချေးငွေရယူခဲ့မှု၊ ထုတ်ယူသုံးစွဲမှု၊ ပြန်လည်ပေးဆပ်မှု၊ ချေးငွေ၏အကျိုးကျေးဇူးများ၊ အကြံပြုလိုသည့်အချက်များကိုတင်ပြကြသည်။ တက်ရောက်လာသူများကလည်း သိလိုသည်များကို မေးမြန်းခြင်း၊ အကြံပြုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးချေးငွေများနှင့် MSME ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိကြောင်း၊ ချေးငွေ၏အတိုးနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ ချေးငွေ၏သက်တမ်းမှာ နှစ်နှစ်မှ ငါးနှစ်အထိရှိကြောင်း၊ လုပ်ငန်းသုံးစက်ကိရိယာနှင့် ပံ့သေပိုင်ပစ္စည်းများဝယ်ယူမှုဖြင့် လုပ်ငန်းတိုးချဲ့လိုသူများကို အဓိကထုတ်ချေးပေးကြောင်း၊ ချေးငွေရရှိသူ တောင်သူလယ်သမားဦးကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များအတွက် အကျိုးကျေးဇူးများစွာရရှိကြောင်း၊ ချေးငွေမရရှိသေးသူလုပ်ငန်းရှင်များကလည်း ချေးငွေ၏သတ်မှတ်ချက်များပြည့်မီအောင်ကြိုးပမ်း၍ရရှိရေး ဆောင်ရွက်လိုကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရမည်ဆိုပြီး အလုပ်သမား ၂၆ ဦးထံမှ ငွေကောက်ခံထားသူပွဲစားထံမှ ငွေပြန်လည်ရရှိအောင် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ကူညီဆောင်ရွက်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၅**

ထိုင်းနိုင်ငံ နွံထပူရီရှိ ရေညှိမုန့်စက်ရုံတွင် အလုပ်လုပ်ရမည်ဆိုပြီး အလုပ်သမား ၂၆ ဦးထံမှ ငွေကျပ် နှစ်သိန်းခွဲမှ သုံးသိန်းစီ လိမ်လည်စရန်ကောက်ခံထားသော ပွဲစားများထံမှ ငွေကျပ် ၆၉ သိန်းကျော်အား ပြန်လည်ရရှိအောင် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF)က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**လမ်းကြောင်းမှန်ဖြင့် လုပ်ကိုင်နိုင်**

နေပြည်တော် တပ်ကုန်း၊ ဥတ္တရသီရိ၊ ရမည်းသင်း၊ ဇလွန် စသည့်မြို့များတွင်နေထိုင်ကြသော မောင်ဇော်မျိုးထက် အပါအဝင် လူငယ် ၂၆ ဦးတို့အား ထိုင်းနိုင်ငံ နွံထပူရီရှိ ရေညှိစက်ရုံတွင် အလုပ်လုပ်ရမည်ဟုဆိုကာ မိုးညိုမြို့နေ ဒေါ်မာကြည်နှင့် မယဉ်မိုးသူဆိုသူတို့က ငွေကျပ် နှစ်သိန်းခွဲစီကို ၁၇ ဦးထံမှလည်းကောင်း၊ ငွေကျပ် သုံးသိန်းစီကို ကိုးဦးထံမှလည်းကောင်း ကောက်ခံခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကို ရေညှိစက်ရုံမှာ အလုပ်လုပ်ရမယ်။ ရန်ကုန်မှာ အင်တာဗျူးရမယ်ဆိုပြီး သုံးသိန်းစီ စရန်ယူသွားတယ်။ ၁၀ လပိုင်း ၉ ရက်နေ့မှာ အင်တာဗျူးဖြေဖို့ဆိုပြီး ရန်ကုန်ကိုခေါ်လာခဲ့တယ်။ ရန်ကုန်က အေဂျင်စီကိုရောက်တော့ စာရင်းပေးထားတာမရှိလို့ အင်တာဗျူးခွင့်မရခဲ့တော့မှ ပွဲစားလိမ်မှန်းသိခဲ့ရတယ်။ ဒါနဲ့ အားလုံးဒုက္ခရောက်ပြီး စိတ်ညစ်ညစ်နဲ့ ပိုလ်အောင်ကျော်လမ်းမှာ ထိုင်နေကြတုန်းမှာ MOEAF က လူကြီးတွေကသိသွားပြီး ကျွန်တော်တို့ကို လာရောက်ကူညီခဲ့ပါတယ်။ နေစရာ၊ ထိုင်စရာတွေ စီစဉ်ပေးပြီး တိုင်ကြားမှုကို လက်ခံဆောင်ရွက်ပေးခဲ့တယ်။ ပွဲစားကိုလည်း MOEAF ရုံးချုပ်ကို ရအောင်ခေါ်ပေးခဲ့ပြီး ပိုက်ဆံတွေပြန်ပေးခိုင်းခဲ့ပါတယ်။ အခုသွင်းထားတဲ့ငွေတွေ ပြန်ရတဲ့အတွက် MOEAF က ကျေးဇူးတင်ပါတယ်။ နောက်ကို ဘယ်ပွဲစားနဲ့မှမအပ်တော့ပါဘူး"ဟု ကိုဝေယံအောင်က ပြောကြားသည်။

ပွဲစားများက နိုဝင်ဘာ ၁၆ ရက်တွင် တစ်ကြိမ် ငွေပြန်လည်ပေးအပ်ခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်တွင် ကျန်ငွေများကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ MOEAF မှ အမှုဆောင်များက လိုင်စင်ရအေဂျင်စီများအား တိုက်ရိုက်ဆက်သွယ်နိုင်ရန် အေဂျင်စီများ၏ လိပ်စာ၊ ဖုန်းနံပါတ်များပါသော စာရင်းစာအုပ်ကိုပေးအပ်ခဲ့ပြီး လမ်းကြောင်းမှန်ဖြင့် လုပ်ကိုင်နိုင်ရန်နှင့် လိုအပ်သော အကူအညီများတောင်းခံနိုင်ရန် အသိပညာပေးခဲ့ကြောင်း သိရသည်။

"ပွဲစားလုပ်တဲ့ ယဉ်မိုးသူဆိုသူက အဲဒီ နွံထပူရီက ရေညှိစက်ရုံမှာ အလုပ်လုပ်ခဲ့တဲ့ အလုပ်သမားဟောင်း တစ်ယောက်ဗျ။ သူ့အလုပ်ကကောင်းတော့ သူ့ငွေက အလုပ်သမားခေါ်ခိုင်းတာဆိုပြီး လူစုပြီးလာပြန်ခေါ်တာ။ သူ့ယောကျ်ားက လက်ရှိ အဲဒီစက်ရုံမှာလုပ်နေတော့ ကလေးတွေကလည်းယုံတာပေါ့။ ရန်ကုန်က အေဂျင်စီနဲ့လည်း ချိတ်ဆက်ထားခြင်းလုံးဝမရှိဘဲ ထင်ရာလျှောက်လုပ်တော့ ကလေးတွေအကုန် ဒုက္ခရောက်ကြတာပေါ့။ ကျွန်တော်တို့က သတင်းကြားကြားချင်း ကလေးတွေဆီ ချက်ချင်းသွားပြီး MOEAF ရုံးချုပ်ကို ခေါ်လာခဲ့တယ်။ အစစအရာရာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပွဲစားတွေက ငွေကြေးအလွန်အကျွံကောက်ခံမှုတွေ၊ လိမ်လည်မှုတွေ၊ အလုပ်သမားဟောင်းက လူပြန်ခေါ်တယ်ဆိုတဲ့ အမှုတွေကို MOEAFအနေနဲ့ နေ့စဉ်နေ့တိုင်း ဖြေရှင်းပေးနေရပါတယ်။ ရှင်းသမျှသတင်းတွေလည်း အလုပ်များလွန်းလို့ Public ကို မတင်နိုင်ပါဘူးဗျာ။ ပွဲစားပပျောက်ရေးကတော့ အဖွဲ့စုံ ပူးပေါင်းလုပ်ဆောင်မှ အောင်မြင်မှာပါ"ဟု MOEAF၏ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ဦးမောင်မောင်ဇော်မင်းက ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပွဲစားပေါင်းစုံတို့သည် လူငယ်လူရွယ်များအား ကျေးရွာများအထိဆင်းပြီး နိုင်ငံခြားပို့ပေးမည်ဟုဆိုကာ ငွေလိမ်လည်ကောက်ခံခြင်း၊ တရားမဝင်လူစုဆောင်းခြင်း၊ တရားမဝင်လမ်းကြောင်းများမှ ပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့မှာ ပြည်ပအလုပ်အကိုင်လိုင်စင်မရှိဘဲ service လိုင်စင်ဖြင့် လည်းကောင်း၊ ဘာသာစကားပြောသင်တန်းကျောင်းအနေဖြင့် လည်းကောင်း တရားမဝင်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ပြဿနာများ၏ အရင်းခံသည် ပွဲစားများကြောင့်သာ အဖြစ်များကြောင်း၊ ယင်းပြဿနာများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန် သက်ဆိုင်ရာသို့ မြန်မာ ပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်အနေဖြင့် အကြိမ်ကြိမ် အကြံပြုတင်ပြထားသည်။

**နန္ဒကျော်စွာ**

# ဇာတိသွေး၊ ဇာတိမာန်ကို လှစ်ဟပြသည့် အမျိုးသားအောင်ပွဲနေ့

မောင်မောင်ကျော်

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည်ကား မြန်မာတစ်မျိုးသားလုံး၏ ဇာတိသွေး၊ ဇာတိမာန် နိုးကြားထက်သန်စေသော နေ့တစ်နေ့ ဖြစ်သည်။ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မိမိတို့တိုင်းပြည်နိုင်ငံ ကျွန်သပေါက်ဘဝမှ မလွတ်ကင်းသေးစေကာမူ ဦးစွာပထမ နှောင်အိမ်နှင့်တူသော ယူနီဗာစီတီအက်ဥပဒေဟူသည့် အစွန်းရန်ကို တွန်းလှန်ဖြိုဖျက်ရာတွင် အောင်မြင်ခြင်း၊ လွတ်လပ်ခြင်း၊ အချုပ်အချယ်ကင်းခြင်းကို ဖြစ်စေသောနေ့သစ်အား “အမျိုးသားအောင်ပွဲနေ့”ဟု တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။

လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ကြကုန်သော နိုင်ငံတိုင်း၊ နိုင်ငံတိုင်းတွင် လွတ်လပ်ရေးရရှိရေးအတွက်လည်းကောင်း၊ နိုင်ငံ၏အောင်မြင်မှုမှတ်တိုင်တစ်ခုစိုက်ထူနိုင်ခြင်းအတွက်လည်းကောင်း၊ တစ်တိုင်းပြည်လုံး၊ ပြည်သူလူထုတစ်ရပ်လုံးနှင့်သက်ဆိုင်သော အောင်မြင်မှုရရှိသည့် နေ့တစ်နေ့ကိုလည်းကောင်း “အမျိုးသားအောင်ပွဲနေ့” ဟု ရွေးချယ်သတ်မှတ်ကြသည်။ ကနဦးအောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်သောနေ့တစ်နေ့သည် တစ်မျိုးသားလုံး၏ အောင်ပွဲပင်ဖြစ်သည်။ ထိုနေ့မှစ၍ တစ်မျိုးသားလုံး၏ နှလုံးသည်းပွတ်တွင် ဇာတိသွေး၊ ဇာတိမာန်တို့ စတင်ကိန်းအောင်းနိုးကြားတက်ကြွစေခဲ့သည်။

ပမာဆောင်သော် ပြင်သစ်နိုင်ငံတွင် ပြည်သူများအား မတရားအကျဉ်းချခဲ့သည် ပဲရစ်မြို့ရှိ ဘတ်စတီးလ်ခံတပ်ထောင်ကြီးကို ဖြိုဖျက်နိုင်သော ၁၈၇၉ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့သည် ပြင်သစ်ပြည်သူလူထုတစ်ရပ်လုံး၏ လွတ်မြောက်ခြင်း၊ လွတ်လပ်ခြင်း သမိုင်းမှတ်တိုင်ကို စတင်စိုက်ထူနိုင်သော နေ့ဖြစ်သည်။ ခံတပ်ထောင်ကြီးကို ဖြိုဖျက်လိုက်နိုင်ခြင်းသည် ပြင်သစ်ရာဇဝင်တွင် လွတ်လပ်ရေးအောင်ပန်းကို နိဒါန်းအစ ပထမကနဦးဆွတ်ခူးဆင်မြန်းရသောနေ့တစ်နေ့ဖြစ်ရကား ထိုဇူလိုင်လ ၁၄ ရက်နေ့ကို လွတ်လပ်ပျော်ရွှင်ဖွယ်ကောင်းသည့် အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ခဲ့ကြသည်။

စင်စစ်ကား ဘတ်စတီးလ်အကျဉ်းထောင်ကြီးကို ဖြိုဖျက်နိုင်ရုံမျှဖြင့် ပြင်သစ်



၁၉၂၀ပြည့်နှစ် ပထမကျောင်းသားသပိတ်အပြီးတွင် ဗဟန်းအမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့ရာ သင်ကြားပို့ချပေးသည့် ဆရာများနှင့် တက်ရောက်ခဲ့သည့် ကျောင်းသားများကို ဤသို့တွေ့ရသည်။

လူမျိုးတို့မှာ ဘေးဆိုးဒုက္ခအပေါင်းမှ လုံးဝလွတ်မြောက်သွားသည် မဟုတ်ချေ။ ထိုအောင်မြင်မှုမှာ ပြင်သစ်လူမျိုးတို့အပေါ် မတရားအနိုင်ကျင့်မှုတို့မှ အမြစ်မကျန် တွန်းလှန်ဖြိုဖျက်ရန် ရဲစိတ်ရဲမာန်တို့ အောင်လံသဖွယ် တလူလူအညွန့်တက်ပြီး တံခွန်ထူနိုင်သည့် နေ့ထူးနေ့မြတ်ဖြစ်၍ တစ်မျိုးသားလုံးအတွက် အောင်ပန်းဆင်နိုင်သော “အမျိုးသားအောင်ပွဲနေ့”ဟူ၍ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်၌လည်း ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဖက်ဆစ်တို့ကို အပြီးတိုင်တော်လှန်ဖယ်ရှားနိုင်သော ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့ကို “အမျိုးသားအောင်ပွဲနေ့” အဖြစ် သတ်မှတ်ခဲ့ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံကို စတင်တည်ထောင်သည့် အောက်တိုဘာလ ၁ ရက်နေ့ကို “အမျိုးသားနေ့” ဟူ၍ အသိအမှတ်ပြုခဲ့ကြသည်။ အလားတူ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ စသည့် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းတွင်လည်း သူ့နည်းသူ့ဟန် သူ့နိုင်ငံ၏ နိုင်ငံရေးအနေအထားအရ အမျိုးသားအောင်ပွဲနေ့ကို ရွေးချယ်သတ်မှတ်ကြသည်။

တစ်မျိုးသားလုံး၏အကျိုးကို စတင်ဖော်ဆောင်ပေးခြင်း၊ ဇာတိသွေး၊ ဇာတိမာန် ထက်သန်တက်ကြွသည့်အလျောက် နောက်ဆုံးတွင် မိမိတို့အလိုရှိရာ အောင်ပန်းကို ဆွတ်ချူတက်လှမ်းနိုင်သည့် ကနဦးခြေလှမ်း စတင်တက်လှမ်းနိုင်သည့်နေ့၊ ပြည်သူတစ်ရပ်လုံးအောင်ပွဲခံသည့်နေ့ကို “အမျိုးသားအောင်ပွဲနေ့” ဟု သတ်မှတ်လေ့ရှိကြသည်။

မြန်မာနိုင်ငံအနေဖြင့်မူ မြန်မာလူမျိုးများသည် ရှေးပဝေသဏီကာလကတည်းက ဇာတိပုညဂုဏ်မာနနှင့် ဇာတိသွေး၊ ဇာတိမာန် ပြင်းပြထက်သန်သူများဖြစ်ကြသည်။ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်အရှင်၊ ကိုယ့်သခင်နှင့် ကိုယ့်တိုင်းရင်းသားများ အတူတကွအေးချမ်းပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။ ရှေးရှေးကာလက တိုင်းတစ်ပါးမှ ကျူးကျော်မှုအချို့ရှိခဲ့သော်လည်း လက်တွဲညီညာ၊ ရဲရင့်ပြောင်မြောက်စွာဖြင့် တစ်ခဏချင်း ရှင်းလင်းဖယ်ရှားနိုင်ခဲ့သည်။ သို့ရာတွင် ပရိယာယ်ကြွယ်ပြီး အလိုရမက်ကြီးသည့် နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံအား စတင်ဝင်ရောက်ကျူးကျော်ခဲ့သည့် ၁၈၂၄ ခုနှစ်တွင် ပထမအကြိမ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ် မြန်မာတို့နှင့် စစ်ပွဲ သုံးကြိမ် ဖြစ်ပွားခဲ့သည်။ မြန်မာတို့က နယ်ချဲ့တို့ကို ခုခံတွန်းလှန်သော်လည်း အားမတန်၍ အညံ့ခံအလျှော့ပေးခဲ့ရသည်။ တစ်တိုင်းပြည်လုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။

သို့သော် မြန်မာလူမျိုးများသည် လှေခွက်ချည်းကျန် အလံမလှဲစတမ်း စိတ်ဓာတ်ဖြင့် အညံ့မခံ၊ အရှုံးမပေးဘဲ နယ်ချဲ့အင်္ဂလိပ်တို့ကို ဆယ်နှစ်ဆယ်မိုး တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဤသည်မှာ နိုင်ငံနှင့်လူမျိုးကိုချစ်သည့် ထက်သန်သောဇာတိသွေး၊ ဇာတိမာန်ကို ပြသခဲ့ကြခြင်းဖြစ်သည်။ မြန်မာလူမျိုးများသည် ရှေးဦးကာလကတည်းက ဇာတိသွေး၊ ဇာတိမာန် ထက်သန်မှုရှိသလောက် နိုင်ငံရေးဘက်တွင် သဘောပေါက်နားလည်ခွင့် မရရှိခဲ့ကြသောကြောင့် နယ်ချဲ့တို့ကို အရှုံးပေးခဲ့ရသည်ဟု ယူဆရဖွယ်ရှိသည်။ ရှေးက ကမ္ဘာနှင့်ဆက်ဆံမှုဝေးကွာသဖြင့် နိုင်ငံရေးအလုပ်ဆိုသည်မှာ မင်းစိုးရာဇာတို့၏ အလုပ်ဟုသာ ရိုးသားစွာ နားလည်ယူဆခဲ့ကြသည်။ အမှန်တကယ်တွင် နိုင်ငံတစ်နိုင်ငံကို ချစ်ခင်မြတ်နိုးကာကွယ်စောင့်ရှောက်ရာတွင် ထက်သန်သော ဇာတိမာန်၊ ရဲဝံ့သောသတ္တိ၊ မြော်တွေးနိုင်သည့် နိုင်ငံရေးအမြင်များပါ ရှိဖို့လိုပေသည်။

မျိုးချစ်စိတ်ဓာတ်ကို နိုးကြားစေသော နိုင်ငံရေးအတွေးအခေါ်များမှာ နယ်ချဲ့ဆန့်ကျင်ရေးကာလများမှသာ ပေါ်ပေါက်လာခြင်းမဟုတ်ချေ။ ရတနာပုံခေတ် ရာဇဓမ္မသင်္ဂဟဆရာ ယောအတွင်းဝန် ဦးဘိုးလှိုင်နှင့် အပေါင်းအပါတစ်စု၏ အယူအဆသစ်ကိုအကြောင်းပြု၍ နိုင်ငံရေးဟူသည် တိုင်းသူပြည်သားများ၏ မသွေအမှန်လုပ်ဆောင်ရန် ကိစ္စပါတကားဟု ပါတော်မူကာလနီးခါမှ ရတနာပုံနေပြည်တော်သားတို့ ရိပ်စားမိလာခဲ့ကြသည်။ သို့သော် ထိုမျိုးစေ့လေးသည် အညှောင့်မပေါက်မီကပင် လျှောမွေးဘဝသို့ ကျရောက် ဆိတ်သုဉ်းသွားရသည်။ နိုင်ငံရေးမျိုးစေ့ အပင်မပေါက်မီကပင် ထီးနန်းပါပျောက်သည့် အဖြစ်ဆိုးနှင့် ကြုံလိုက်ရသည်။

မည်သို့ပင်ဖြစ်စေ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်ဖြင့် ဆယ်နှစ်တိုင်တိုင် အသက်ပေး၍ ခုခံတွန်းလှန်ခဲ့ကြပြီးနောက် ဆက်လက် အန်တုနိုင်ရန် အစွမ်းမရှိတော့သဖြင့် လက်လျှော့ခဲ့ရသည်။ နယ်ချဲ့ဆန့်ကျင်ရေးဆယ်နှစ်တာကာလအပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလအထိ မြန်မာအမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်မှာ နိမ့်တုံ၊ မြင့်တုံဖြစ်ခဲ့သည်။ အယုံလွယ်ခြင်း၊ သည်းခံတတ်ခြင်း၊ တင်းတိမ်ရောင့်ရဲတတ်ခြင်း၊ အခွင့်အရေးမက်မောခြင်း စသည့် ပင်ကိုစရိုက်လက္ခဏာများကြောင့် မြန်မာတို့၏ မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်တို့သည် မြုပ်ချည်တစ်ခါ၊ ပေါ်ချည်တစ်လှည့်၊ မှိန်ချည်တစ်ခါ၊ လင်းချည်တစ်လှည့် ဖြစ်ခဲ့သည်။

သို့သော် ဇာတိသွေး၊ ဇာတိမာန်တို့သည် အပြီးတိုင်ကွယ်ပျောက်မသွား၊ ပွဲပြီးမီးသေမဟုတ်၊ ညွန့်တွင်နစ်သည့် ပတ္တမြားအသွင်၊ တိမ်ဖုံးသည့် လပမာသို့ ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံ ကိုလိုနီလက်အောက်သို့ အပြီးတိုင်ကျရောက်လုစဉ် အချိန်အခါက မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်တို့ ပြေလျော့ကျခဲ့သည်။ အားမတန်၍ မာန်လျှော့လိုက်ရသည်။ လက်သီးကိုဆုပ်၊ အံကိုကြိတ်၍ ဒူးထောက်အညံ့ခံကြရသည်။ ဤနေ့ ဤရက်သည်ကား ရာဇဝင်တွင်သော ထွန်းပြောင်သည့် မြန်မာရာဇဝင်သမိုင်းကို နင်းချေဖျက်ဆီးခြင်း ခံလိုက်ရသည်။ နှစ်ပေါင်းထောင်ချီ အားမာန်ပြည့်ခဲ့သည့် ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်များ မှေးမှိန်ယုတ်လျော့သွားခဲ့သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလကုန်တွင် မြန်မာနိုင်ငံအင်္ဂလိပ်ကိုလိုနီလက်အောက်သို့ အပြီးတိုင်ကျရောက်သွားသည်။ ထို့နောက်ပိုင်းကာလမှစတင်၍ ၁၈၉၅ ခုနှစ်အထိတိုင် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝတွင် မနေလိုသော နိုင်ငံတစ်ဝန်းမှ မျိုးချစ်သူရဲကောင်း တိုင်းရင်းသားခေါင်းဆောင် ၁၀၀ ကျော်တို့က ရရာလူသူ၊ လက်နက်တို့ကိုစွဲကိုင်လျက် နယ်ချဲ့တို့ကို ၁၀ နှစ်တိုင် တွန်းလှန်တိုက်ခိုက်ခဲ့ကြသော်လည်း လက်လျှော့အရှုံးပေးကြရသည်။ ထိုအချိန် ထိုကာလမှစတင်၍ ၁၉၂၀ ပြည့်နှစ်ကာလအထိ မြန်မာတို့၏ အမျိုးသားအားမာန်များမှာ တိမ်မြုပ်သွားသည်ဟု ဆိုရမည်။ နှစ်ပေါင်း ၂၀ ကျော် သွေးအေးသွားပြီဟု ဆိုနိုင်သည်။

အမှန်တကယ်တွင် မြန်မာတို့၏ဇာတိမာန်သည် တိမ်မြုပ်ကွယ်ပျောက်သွားခြင်းမဟုတ်။ ငုပ်လျှိုးနေခြင်းသာဖြစ်သည်။ သီပေါမင်းပါတော်မူပြီးနောက် ၁၁ နှစ်ခန့်အကြာ ၁၉၀၆ ခုနှစ်တွင် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ တည်းဟူသောရည်ရွယ်ချက် လေးရပ်ဖြင့် ကောလိပ်ကျောင်းသားလူငယ်တစ်စုက ဝိုင်အမ်ဘီအေ ဟုခေါ်တွင်သည့် ဗုဒ္ဓကလျာဏယုဝအသင်းကို တည်ထောင်ခဲ့သည်။ ထိုအသင်းသည် မြန်မာတို့၏စိတ်ဓာတ်၌ နိုင်ငံရေးကိန်းဝပ်စေရန် အစပျိုးပေးလိုက်ခြင်းပင်ဖြစ်သည်။

ထိုအသင်းမှအစပြု၍ နောင် ၁၀ နှစ်အကြာတွင် နိုင်ငံအကျိုးကို သယ်ပိုးဆောင်ရွက်ရန် ဂျီစီဘီအေအသင်းချုပ်ကြီး ပေါ်ထွန်းလာပြန်သည်။ ထို ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေအသင်းတို့သည် မြန်မာပြည် နိုင်ငံရေးအရှိန် ပြင်းထန်လာခြင်းအကြောင်းမဆက်မီ နိုင်ငံရေးသားဦးရတနာဖွားမြင်ရန် ပဋိသန္ဓေစတင်တည်ခဲ့သော သန္ဓေသားလောင်းများဟု ဆိုရမည်ဖြစ်သည်။

၁၉၂၀ ပြည့်နှစ်အရောက်တွင်မူ မြန်မာပြည်နိုင်ငံရေးမှာ ပညာရေးမှ စတင်နိုးထလာခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် အမျိုးသားရေးစိတ်ဓာတ်များ၊ ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်များ စတင်ပြန်လည်နိုးကြားသည့် နိုင်ငံရေးသားရတနာများ စတင်မွေးဖွားသောကာလဟုလည်း ဆိုနိုင်သည်။ နိုင်ငံရေးကို ပညာရေးတိုက်ပွဲမှ စတင်လိုက်သည်ဟုလည်း ပြောနိုင်သည်။ အကြောင်းမှာ ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းသည် မြန်မာတို့အတွက် ချုပ်ချယ်မှုများပြီး ကျွန်ပညာဘက်သို့ ပို့ဆောင်ရာရောက်သည်ဟု ယူဆသဖြင့် အတည်မပြုရန် တစ်တိုင်းပြည်လုံး ကန့်ကွက်ကြသည်။ ထိုသို့ကန့်ကွက်သည့်ကြားမှ ပြည်သူ့ဆန္ဒကိုဆန့်ကျင်ကာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နယ်ချဲ့အစိုးရက ဇွတ်အတင်း အတည်ပြုလိုက်သည်။ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်မှ ကျောင်းသားကြီးများက ကျောင်းမရှိက ဥပဒေမတည်နိုင်ဟု ယူဆကာ ဒီဇင်ဘာလ ၅ ရက်နေ့တွင် သပိတ်မှောက်ခြင်းဖြင့် မည်သည့် ပယောဂမျှမပါဘဲ တစ်နိုင်ငံလုံးကူးစက်ပျံ့နှံ့သွားပြီး တစ်ကျောင်းမျှမကျန် ကျောင်းသားအားလုံး သပိတ်မှောက်ကြသည်။

အချုပ်အားဖြင့် ဘာမျှမလိုက်လျောသော အင်္ဂလိပ်အစိုးရ၏ တင်းမာမှုကို ခြွင်းချက်မရှိ သပိတ်မလှန်ဘဲ နိုင်သည့်နည်းဖြင့် တန်ပြန်လိုက်သည့်အတွက် အင်္ဂလိပ်တို့၏ မြန်မာပြည်အုပ်ချုပ်ရေးရာဇဝင်တွင် ဖျက်မရသော အမဲကွက်ကြီးတစ်ကွက် စွန်းထင်းတည်မြဲသွားတော့သည်။ ပြည်သူလူထုကလည်း ငွေအား၊ လူအားဖြင့် ကူညီကြပြီး အမြို့မြို့တွင် အမျိုးသားကျောင်းများ တည်ထောင်လိုက်ကြသည်။ အမျိုးသားပညာရေးစနစ်လည်း ပေါ်လာတော့သည်။ မကြာမီတွင် အမျိုးသားကောလိပ်ကျောင်း အကောင်အထည်ပေါ်လာပြန်သည်။ ထိုအမျိုးသားသပိတ်ကြီးကိုအကြောင်းပြု၍ ပေါ်ပေါက်လာရသော နေရှင်နယ်ဒေးခေါ် အမျိုးသားအောင်ပွဲနေ့သည် မြန်မာနိုင်ငံအတွက် သမိုင်းတွင်သော နေ့ထူးတစ်နေ့ ဖြစ်သည်။

ဤရက်မြတ်သည် မြန်မာပြည်ကြီး၏ လွတ်လပ်ခြင်းလမ်းစကို ညွှန်ပြသော တံခွန်သဖွယ်၊ အလံသဖွယ် ဖြစ်သည်။ မြန်မာအမျိုးသားတို့ မကွဲမပြား၊ အာမာန်ခဲ၍ လွတ်မြောက်ကြရန် စေ့ဆော်တိုက်တွန်းသော နေ့ထူးနေ့မြတ်ဖြစ်ရကား အမျိုးသားအောင်ပွဲနေ့ဟူ၍ အမည်ပညတ်သတ်မှတ်ခဲ့ခြင်းမှာ လွန်စွာသင့်မြတ်ပေသည်။ ထိုနေ့ထူးနေ့မြတ်ကို မိမိတိုင်းပြည်နိုင်ငံ၏ လွတ်မြောက်ခြင်းကိုအလိုရှိကြကုန်သော အမျိုးသား၊ အမျိုးသမီးမှန်သမျှတို့သည် နှစ်စဉ်မပြတ် အထိမ်းအမှတ်ပွဲသဘင်တို့ဖြင့် နွှဲချီဆင်ယင်ဖို့ရန် ဝတ္တရားရှိကြပေသည်ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ကိုလိုနီခေတ် ၁၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် တိုက်တွန်းပြောကြားခဲ့ပေသည်။

အမျိုးသားအောင်ပွဲနေ့သည် လွတ်လပ်ရေးအောင်ပန်းကို လှမ်းဆွတ်ချူရန် လွတ်လပ်ရေးမရမီကာလ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလများက နှစ်စဉ်မပျက် အောင်ပွဲခံခဲ့သောနေ့ ဖြစ်သည်။ လွတ်လပ်ရေးအတွက် ၂၇ နှစ်တိုင်တိုင် နှစ်စဉ်နှစ်တိုင်း အောင်ပွဲခံခဲ့ကြသည်။ မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာ ပွဲလမ်းသဘင်များကို ခြိမ့်ခြိမ့်သဲဆင်နွှဲ၍ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန် ထက်သန်တက်ကြွပုံကို နယ်ချဲ့တို့အား ထုတ်ဖော်ပြသသည့် မြန်မာတို့၏ အမျိုးသားအောင်ပွဲပင် ဖြစ်ပါသတည်း။ ။

**ကိုးကားချက်**

- ဆရာကြီးသခင်ကိုယ်တော်မှိုင်းပြောကြားသည့် ၁၅ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ မိန့်ခွန်း၊
- သမိုင်းဝင်စာချုပ်စာတမ်းများ (မောင်လှမျိုး) ၁၉၆၁ ခုနှစ်ထုတ်၊
- ဆရာဇော်ဂျီ၏ သူတို့ညီနောင်နှင့် ကျွန်တော် ရသစာတမ်းများ။

# ဖျာပုံမြို့နယ်၌ မိုးစပါးစံကွက်များ ရိတ်သိမ်းခြင်းနှင့် တောင်သူများအား အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ဖျာပုံ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှမိုးအောင်သည် နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာအုပ်စု ဂွကြီးကျေးရွာရှိ တောင်သူဦးကျင်သိန်း လယ်မြေ၌ ပြုလုပ်သော မိုးစပါးစံကွက်များရိတ်သိမ်းခြင်းနှင့် တောင်သူများအား တွေ့ဆုံအသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးတင်အောင်ဝင်းက ယခုနှစ်မိုးရာသီတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ လယ်မြေများတွင် ထုံးထည့်စပါးစိုက်ပျိုးခဲ့ပြီး လက်ရှိရိတ်သိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပြီး ဆန်စပါးကို အဓိကထားစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ စပါးအထွက်တိုးမှ တောင်သူများ၏ ဘဝနှင့် ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးလာနိုင်မည်ဟုယုံကြည်ပါကြောင်း၊ သို့အတွက် ဒေသအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အဓိက မြှင့်တင်ပေးလျက်ရှိရာ အချိန်တိုအတွင်း စပါးအထွက်တိုးနိုင်ရေး လုပ်ဆောင်နိုင်မည့် နည်းလမ်းမှာ မြေဆီလွှာပြုပြင် စိုက်ပျိုးခြင်းလုပ်ငန်းဖြစ်ကြောင်း၊ သို့အတွက် ယခုနှစ်စိုက်ပျိုးရာသီမစခင် တိုင်းဒေသကြီးအတွင်းရှိ လယ်မြေများအား မြေဆီလွှာ အချဉ်အငန်တိုင်းတာမှုများ ပြုလုပ်စမ်းသပ်ခဲ့ရာ မြေဆီလွှာများတွင် အချဉ်ဓာတ်များနေကြောင်း တွေ့ရှိရ၍ ထုံးထည့်စိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံချက်ချမှတ်စမ်းသပ်စိုက်ပျိုးနိုင်ရေးအတွက် ကူညီပေးခဲ့ကြောင်း၊ ယခုရိတ်သိမ်းရာသီတွင် သမားရိုးကျစိုက်ပျိုးသည့် လယ်မြေနှင့် ထုံးထည့်စိုက်ပျိုးသည့် စံကွက်များကို နှိုင်းယှဉ်ရိတ်သိမ်းကြည့်ရာ ထုံးထည့်စိုက်ပျိုးသည့် လယ်မြေများမှ စပါးအထွက်တိုးကြောင်း တွေ့ရှိရ၍ တောင်သူများအချင်းချင်း လက်တွေ့ ပြသစမ်းသပ်စိုက်ပျိုးနိုင်ရေးအတွက် ယခုကဲ့သို့ နည်းပညာများ မျှဝေပေးရခြင်းဖြစ်ကြောင်း တောင်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာအုပ်စု ဂွကြီးကျေးရွာ ကွင်း ဦးပိုင် ၅၁၄ ဒသမ ၃/၁၆ ရှိ တောင်သူဦးကျင်သိန်း၏ ထုံးထည့်သွင်းစိုက်ပျိုးထားသည့် ပေါ်ဆန်းရင် စံကွက်အား ရိတ်သိမ်းရာ တစ်ဧက စပါး ၈၅ ဒသမ ၄၀ တင်းထွက်ရှိပြီး သမားရိုးကျလယ်မြေစိုက်ကွက်ကို ရိတ်သိမ်းခဲ့ရာ တင်း ၆၈ ဒသမ ၈၀ ထွက်ရှိသဖြင့် ကွာခြားချက် ၁၆ ဒသမ ၆ တင်း ပိုမိုထွက်ရှိနေကြောင်း တောင်သူများအားလက်တွေ့ပြသခဲ့သည်။



ထို့ပြင် ဒေသခံ စိုက်ပျိုးရေးပညာရှင် ဦးကျော်ဆန်းဦးကလည်း လယ်ယာမြေများ မြေညှိပြုပြင်ခြင်း၊ ပျိုးပင်များ ပျိုးထောင်ခြင်းစသည့် စိုက်ပျိုးနည်းပညာများကို တက်ရောက်လာသည့် တောင်သူများအား လက်တွေ့သရုပ်ပြ မျှဝေပေးခဲ့သည်။

အဆိုပါ ထုံးထည့် စံကွက်ရိတ်သိမ်းစိုက်ပျိုးရေးအသိပညာပေးအစီအစဉ်သို့ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ဒေသခံတောင်သူ ၃၀၀ ကျော် တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ဦးဆောင်ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (အသွင်တူဆောင်ရွက်ခြင်း)မှ ရရှိလာသည့်အချက်များကို UPDJC သို့ တင်သွင်းမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ဦးဆောင်ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (အသွင်တူဆောင်ရွက်ခြင်း)မှ ရရှိလာသည့် အချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ Best Western Green Hill ဟိုတယ်၌ ကျင်းပခဲ့သည့် သတင်းစာ ရှင်းလင်းပွဲမှ သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (အသွင်တူဆောင်ရွက်ခြင်း) အပြီးတွင် ပါဝင်ခဲ့သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကိုယ်စားလှယ်အဖွဲ့ဝင် ကိုလင်းထက်အောင်က "ကျွန်တော်တို့ သဘောတူညီနိုင်တာ ကိုးချက်ရှိတယ်။ အဲဒီကိုးချက်ကို ကျွန်တော်တို့က ငြိမ်းချမ်းရေးမှာ လူငယ်တွေရဲ့ ပါဝင်ဆောင်ရွက်မှုအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ကို တင်ပြသွားမယ်" ဟု ပြောသည်။

ညီလာခံ ကျင်းပရေးကော်မတီဝင် မသဇင်အောင်က "ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံတွင် အစည်းအဝေးမှာ ပါဝင်တဲ့ ကဏ္ဍငါးခုအနက် လူမှုရေးကဏ္ဍမှာပါဝင်တဲ့ တိုင်းရင်းသားဘာသာစကား သင်ကြားခွင့် ရရှိရေးကို လွှယ်ကူမယ်ထင်ပြီး ဆွေးနွေးတယ်။ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်နဲ့ ပါတီအစုအဖွဲ့ဆိုပြီး အစုအဖွဲ့သုံးခုပုံစံနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ပုံစံထက် UPDJC ပုံစံ ဆွေးနွေးပါတယ်" ဟု ပြောသည်။




ညီလာခံကို မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် ပညာသင်ယူနေကြသော အသက် ၁၇ နှစ်မှ ၂၄ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၈၀ တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များကိုယ်တိုင်ပါဝင်ခွင့် ရရှိရေး၊ ဖက်ဒရယ်ရေးရာနှင့် တိုင်းရင်းသားဘာသာစကား သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျူမှ အလုပ်အမှုဆောင်ဒါရိုက်တာ ဒေါက်တာ မင်းဇော်ဦးက "UPDJC ကို တင်သွင်းမယ်ဆိုပြီး ကျောင်းသားတွေ ပထမဆုံးလုပ်တဲ့ အသွင်တူ ညီလာခံမှာ စုစည်းချက်ရပါတယ်။ ကျွန်တော်တို့က ဒါကို UPDJC အစည်းအဝေး ရောက်အောင် ပို့ပေးနိုင်မယ်လို့ ထင်ပါတယ်" ဟု မီဒီယာများ၏ မေးမြန်းမှုကိုဖြေကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (အသွင်တူဆောင်ရွက်ခြင်း) ဖြစ်မြောက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျူနှင့် PLAN International of Myanmar တို့က ကူညီပေးခဲ့ခြင်းဖြစ်သည်။

"ပထမ သုံးရက်တာကာလမှာ ကျောင်းသားတွေ လိုအပ်တဲ့ စွမ်းရည်မြှင့် သင်တန်းတွေပေးပြီးတော့ ကျန်တဲ့ နှစ်ရက်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (အသွင်တူဆောင်ရွက်ခြင်း) ကို ပြုလုပ်ခဲ့ပါတယ်" ဟု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (အသွင်တူဆောင်ရွက်ခြင်း) ဖြစ်မြောက်ရေးကော်မတီမှ ကိုဆောင်းဝဏ္ဏက ပြောသည်။

ငါးရက်ကြာ ဆွေးနွေးမှုအပြီးတွင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များအနေဖြင့် ကျယ်ပြန့်စွာ ပါဝင်နိုင်ရေးအတွက် အဓိကအချက်သုံးချက် ရရှိခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါအချက်များမှာ(၁) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များပါဝင်ရာတွင် အစိုးရပညာရေးဌာနနှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားသင်ယူမှုကို ပိတ်ပင်တားဆီးခြင်းမပြုဘဲ ခိုင်မာသည့် အာမခံချက်ပေးရန်၊ (၂) ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစု ပင်လုံတွင် "လူငယ်အစုအဖွဲ့" တက်ရောက်ဆွေးနွေးခွင့်ရရှိရေး တရားဝင်ခွင့်ပြုရန်၊ (၃) လူငယ်များ အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အရည်အချင်းမြှင့်တင်ရေး သင်တန်းပို့ချမှုများ ဆောင်ရွက်ပေးရန်နှင့် လူငယ်များ၏ သဘောထားအမြင်ကို ကောက်ယူ၍ ငြိမ်းချမ်းရေး ဆောင်ရွက်ချက်များတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် စသည်တို့ဖြစ်သည်။

ဒေါက်တာမင်းဇော်ဦးက "အခုအစည်းအဝေးရဲ့ ထူးခြားချက်က လူငယ်တွေ ကိုယ်တိုင်လုပ်လို့ ရအောင် ကျွန်တော်တို့က ပံ့ပိုးပေးနိုင်တာပဲ ရှိတယ်။ ကျန်တာတွေက လူငယ်တွေ ကိုယ်တိုင်လုပ်တယ်။ အနှစ်သာရကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လေ့လာတာဖြစ်သလို အဲဒီလုပ်ငန်းစဉ်မှာ လူငယ်တွေ ဘယ်လိုပုံစံပါဝင်နိုင်မလဲ ဆိုတဲ့ ချဉ်းကပ်မှုမျိုးပါ။ နိုင်ငံရေးနဲ့ဆိုင်တဲ့ ပုံစံမဟုတ်ဘဲ နည်းပညာအပေါ်မှာ အခြေခံပြီး ချဉ်းကပ်တာပါ။ အနယ်နယ်ကလာတဲ့ လူငယ်တွေက ငါးရက်စလုံးမှာ တက်ကြွတယ်။ ဆွေးနွေးပွဲနေ့ဆိုရင် သူတို့တိုင်းရင်းသား ဝတ်စုံတွေ ဝတ်လာကြတယ်။ သူတို့ကို အထင်ကြီးမိပါတယ်။ လက်ရှိ NLD အစိုးရ လက်ထက်မှာ လူငယ်နဲ့ပတ်သက်ပြီး National Youth Policy ဆိုပြီးချထားတာရှိတယ်။ အဲဒီမှာ ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်ပြီး လူငယ်တွေ ပါဝင်ရေး ဆိုတာလည်းပါတယ်။ ဒီပေါ်လစီကို ဘယ်လို နည်းဗျူဟာ (strategy) နဲ့ အကောင်အထည်ဖော်မလဲ ဆိုပြီး ချဉ်းကပ်တဲ့အခါ ဒီလိုမျိုးစုဖွဲ့မှုတွေ၊ ဒီလိုအစည်းအဝေးတွေက ဘယ်လို ဆောင်ရွက်ပေးနိုင်မလဲဆိုတာလည်း ပါပါတယ်" ဟုပြောသည်။

ယခုကဲ့သို့ ငြိမ်းချမ်းရေးညီလာခံ (အသွင်တူဆောင်ရွက်ခြင်း) ဖြင့် (၁) နိုင်ငံတစ်နိုင်ငံတွင် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်ပြီး ငြိမ်းချမ်းရေးရရှိရန် ဆွေးနွေးလုပ်ဆောင်ရခြင်းသည် ထင်သလောက်မလွယ်ကူဘဲ အလွန်တရာခက်ခဲကြောင်း သိမြင်နားလည်လာပါသည်၊ (၂) ဆွေးနွေးညှိနှိုင်းရာတွင် မိမိသဘောတူညီချက်သာမက အခြားသူများ၏ သဘောထားနှင့် လိုအပ်ချက်များကို သေချာစွာနားထောင်ပြီး နှစ်ဦးနှစ်ဖက် အနီးစပ်ဆုံး သဘောတူညီချက်ရရှိရန် ကြိုးစားသင့်ပါသည်၊ (၃) ငြိမ်းချမ်းရေးဆွေးနွေးရာတွင် နှစ်ဦးစလုံးက အပေးအယူ၊ အလျှော့အတင်း ပြုလုပ်သင့်ပြီး နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိနိုင်ရန် ဆွေးနွေးနိုင်ခြင်းသည် တိုင်းပြည် အနာဂတ်အတွက် အရေးကြီးလှသည်ဟူသော သင်ခန်းစာများကို ရရှိသည်ဟု အသွင်တူညီလာခံတွင် ပါဝင်ခဲ့သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**သတင်း-ရဲခေါင်ညွန့်၊ဓာတ်ပုံ-ဖိုးထောင်**



**အမှတ်(၃)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဗိုလ်မှူးမင်းကံဆွေအဖွဲ့ နိုဝင်ဘာ ၂၄ ရက် ည ၇ နာရီက ဘူးသီးတောင်မြို့ မြို့မအားကစားကွင်း၌ ဖျော်ဖြေစဉ်။** မြို့နယ်( ပြန်/ဆက်)

# ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်များအဖြစ် ရွေးချယ်ခြင်းခံရသည့် စာရေးဆရာအချို့၏ စကားသံများ

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆုရစာပေပညာရှင်များဖြစ်သည့် စာရေးဆရာ လင်းထက်ဆွေနှင့် စာရေးဆရာမ စံပယ်ဖြူနုတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်-**

**တွေ့ဆုံမေးမြန်း-ရာမည(ကြေးမုံ)**

**စာရေးဆရာ လင်းထက်ဆွေ(ဘာသာပြန်-သုတဆု) ဟိမဝန္တာခရီးသည်၏ ဆေးဘုရားရှာပုံတော်စာအုပ် စွယ်တော်စာပေတိုက်**

ကျွန်တော် ဒီစာအုပ်ကို ဘာသာပြန်ဖြစ်ခဲ့တာကတော့ ကိုယ်ဝါသနာပါတဲ့ အကြောင်းအရာလည်းဖြစ်တယ်။ စာဖတ်ပရိသတ်တွေ သိသင့်သိထိုက်တဲ့အကြောင်းအရာလည်း ဖြစ်တယ်။ ဘာသာပြန်ရင်တော့ ကောင်းမယ်ဆိုပြီး ရေးဖြစ်ခဲ့တာပါ။ ၂၀၀၃ ခုနှစ်လောက်ကတည်းက ဒီစာအုပ်ကိုဖတ်ဖူးခဲ့တာပါ။ မူရင်းစာအုပ်ကိုက ဖတ်လို့လည်း ကောင်းတယ်။ စာအုပ်ထဲက အကြောင်းအရာတွေကလည်း ဗဟုသုတဖြစ်စေတယ်ဆိုတာ တွေ့ရှိရတယ်။ ဆေးကျမ်းကြီးတစ်ကျမ်းလို ရေးထားတာမျိုးမဟုတ်ဘဲ ခရီးသွားစာပေသဘောမျိုးဆန်တယ်။ စိတ်ဝင်စားသဘောကျမိတာကြောင့် ဘာသာပြန်ဆိုရေးသားဖြစ်ခဲ့တာဖြစ်ပြီး ဆုတွေဘာတွေ မှန်းထားတာမျိုးမရှိပါဘူး။ ကိုယ်နှစ်သက်လို့ ရေးဖြစ်ခဲ့တဲ့စာအုပ်တစ်အုပ်ပါ။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီက အခုလိုစိစစ်ရွေးချယ်ခဲ့တဲ့အတွက် ဝမ်းလည်းဝမ်းသာမိသလို အံ့လည်း အံ့သြမိပါတယ်။ အသိအမှတ်ပြုရွေးချယ်တဲ့အတွက် ဝမ်းသာမိသလို မထင်မှတ်ထားဘဲရခဲ့တာဆိုတော့ အံ့သြရတာပေါ့။

အခုဆုရတဲ့စာအုပ်အတွက် ပြင်ဆင်ချိန်ကိုပြောရမယ်ဆိုရင် အချိန်ယူလုပ်ဆောင်ခဲ့ရပါတယ်။ မူရင်းစာအုပ်ထဲမှာပါတဲ့အကြောင်းအရာတွေက ကျွန်တော်နဲ့ရင်းနှီးကျွမ်းဝင်မှုမရှိဘဲ အတော်ကိုစိမ်းနေပါတယ်။ ကျွန်တော်က အတွေးအခေါ်၊ စိတ်ပညာစတာတွေကို အားသာတဲ့အတွက်ကြောင့် ဆေးပညာဆိုတော့ အခက်အခဲတွေရှိခဲ့တယ်။ ဒါပေမယ့် ကိုယ်ကဖြစ်အောင်လုပ်ချင်တာဆိုတော့ အတော်ကို ကြိုးစားခဲ့ရပါတယ်။ ဆေးပညာနဲ့ ပတ်သက်တဲ့စာအုပ်တွေဖတ်ရတယ်။ အသုံးအနှုန်းတွေသိရဖို့အတွက် အွန်လိုင်းကနေလည်း လေ့လာရပါတယ်။ တိုင်းရင်းဆေးအဘိဓာန်ထဲက စကားလုံးအသုံးအနှုန်းတွေကိုလည်း ရှာဖွေလေ့လာခဲ့ရတယ်။ ပြင်ဆင်ချိန်ရော၊ ပြန်ဆိုရေးသားချိန်ရောဆိုရင် စုစုပေါင်း တစ်နှစ်ခွဲလောက်ကြာပါတယ်။ အလွယ်တကူပြန်ဆိုလိုက်မယ်ဆိုရင်တော့ အခက်အခဲသိပ်မရှိနိုင်ဘူး။ ဒါပေမယ့် မူရင်းစာရေးဆရာရဲ့ အာဘော်လည်း မိအောင်၊ အကြောင်းအရာနဲ့ပတ်သက်ပြီး အမှားအယွင်းမရှိအောင်၊ စကားလုံးတွေလည်း မကျန်အောင် ဂရုစိုက်ပြီး ကြိုးစားလုပ်ဆောင်ခဲ့ရပါတယ်။

စာပေလမ်းခရီးကိုပြောရရင် ငယ်ငယ်ကတည်းက စာဖတ်တာဝါသနာပါခဲ့တယ်။ စာအုပ်ထုတ်ဝေမှုအနေနဲ့က ၂၀၁၄ ခုနှစ်မှာ တစ်အုပ်၊ ၂၀၁၅ ခုနှစ်မှာ တစ်အုပ်၊ အခုဆုရတဲ့ စာအုပ်က ၂၀၁၆ ခုနှစ်မှာ ထုတ်မလို့ရည်ရွယ်ထားတာ။ အချိန်ယူလုပ်ဆောင်ခဲ့ရတဲ့အတွက်ကြောင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလကျမှ ထုတ်ဖြစ်ခဲ့တာပါ။ လောလောဆယ်ကာလအထိတော့ သုံးအုပ်ထုတ်ပြီးပါပြီ။ လာမယ့် ဒီဇင်ဘာလထဲ မှာ တစ်အုပ်ထပ်ထွက်ဖို့ရှိပါတယ်။

လူငယ်တွေအနေနဲ့ ဘာသာပြန်ကို စိတ်ဝင်စားကြတယ်ဆိုရင် လမ်းညွှန်မှုပြုချင်တာက ကိုယ်ဘာသာပြန်မယ့် Source Language (အင်္ဂလိပ်၊ ပြင်သစ်စသည်)ကို သေသေချာချာ နိုင်နင်းကျွမ်းကျင်ဖို့ လိုတယ်။ အီဒီယမ်တွေ၊ ဒေသိယစကားလုံးတွေကအစ သိထားဖို့လိုအပ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်လေ့လာထားဖို့လိုတယ်လို့ ပြောချင်တာပါ။ အဲဒီလိုမှမဟုတ်ရင် အမှားတွေနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ နောက်တစ်ခုက ကိုယ်ပြန်ဆိုမယ့် Target Language (မြန်မာစာ)ဖြစ်ပါတယ်။ မြန်မာဘာသာဆိုတာ မိခင်ဘာသာစကားဖြစ်သော်ငြားလည်း သိမ်မွေ့နက်နဲပြီး တန်ဖိုးရှိပါတယ်။ စကားလုံး သုံးစွဲတဲ့အခါမှာ ရှေးရှေးက ဆရာကြီးတွေရဲ့ ရေးသားမှုတွေကို လေ့လာဖို့လိုပါတယ်။ ဒါမှသာ တိတိပပဘာသာပြန်ဆိုရေးသားနိုင်မှာပါ။

နောက်ပြီးအကြောင်းအရာကိုလည်း ရင်းနှီးကျွမ်းဝင်ထားဖို့လိုပါတယ်။ ဥပမာ စိတ်ပညာအကြောင်းကို ဘာသာပြန်မယ်ဆိုရင် စိတ်ပညာဆိုတာ ဘာလဲလို့သိရှိအောင် လုပ်ထားရပါမယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် အင်္ဂလိပ်စာတတ်တိုင်းလည်း ဘာသာပြန်ဆိုနိုင်ဖို့ မလွယ်ပါဘူး။ နောက်တစ်ခုက မူရင်းစာရေးဆရာရဲ့ အာဘော်မပျောက်ဖို့ အထူးဂရုစိုက်ရပါမယ်။ သူဘာပြောချင်တာလဲ၊ စာဖတ်ပရိသတ်ကို ဘာတွေပေးချင်တာလဲဆိုတာ ပျောက်မသွားအောင် ကြိုးစားပြီးပြန်ဆိုဖို့လိုပါတယ်။ တခြားသော ဘာသာပြန်ဆရာတွေရဲ့အမြင်နဲ့ ကျွန်တော့်ရဲ့အမြင်တို့ ကွဲပြားကောင်းကွဲပြားနိုင်ပါတယ်။ ဒါပေမယ့် စာရေးသူက အီတလီခေါက်ဆွဲကို ထင်ပေါ်စေချင်လို့ ရေးထားတာကိုတော့ နန်းကြီးသုပ်လို့ မရေးသင့်ဘူးလို့ ကျွန်တော်ကတော့ ယူဆပါတယ်။ မူလအဓိပ္ပာယ်ဆိုလိုရင်း ပျောက်သွားစေပါတယ်။ နောက်ပြီး ဘာသာပြန်ဆိုတဲ့နေရာမှာ စေတနာပါဖို့လိုသလို ကြိုးစားအားထုတ်မှုကလည်း အထူးတလည်လိုအပ်တယ်လို့ လူငယ်တွေကို အကြံပြုလိုပါတယ်။

လူငယ်တွေအနေနဲ့ မျက်စိဖွင့်ထားပါ။ စာများများဖတ်ပါ။ ဘာသာစကားတွေကို ကျွမ်းကျင်တတ်မြောက်အောင်လုပ်ပါ။ ကိုယ့်ရဲ့လုပ်ဆောင်ချက်ပေါ်မှာ စေတနာထားပါ၊ ကြိုးစားပါ၊ ရိုးသားပါ၊ တန်ဖိုးထားပါလို့ အကြံပြုလိုပါတယ်။ တကယ်တော့ ဘာသာပြန်သူ တစ်ယောက်ရဲ့ တာဝန်က အတော်ကိုကြီးလေးပါတယ်။ ကိုယ်ရဲ့ လွဲမှားတဲ့ ရေးသားပြန်ဆိုမှုကြောင့် စာဖတ်သူတွေ အသိမှား၊ အမြင်မှားတွေဖြစ်စေရင်မကောင်းပါဘူး။ ဘာသာပြန်လုပ်ငန်းဆိုတာက ပြင်ပကမ္ဘာကြီးကိုကြည့်လို့ရတဲ့ ပြတင်းပေါက်ပဲ ဖြစ်ပါတယ်။ ယနေ့ခေတ် ပညာလူ့အဖွဲ့အစည်းကြီးမှာ ဘာသာပြန်လုပ်ငန်းဟာလည်း တစ်ထောင့်တစ်နေရာက ပါဝင်လျက်ရှိနေပါတယ်။

ကျွန်တော့်ရဲ့စာပေရှေ့ခရီးနဲ့ပတ်သက်ပြီး ပြောရရင် သာသာပြန်သက်သက်ကြီးသာ ရေးသားတာမျိုးမဟုတ်ဘဲ သုတေသနတွေ၊ ကိုယ်တိုင်ရေးတွေ၊ သူများမရေးရသေးတဲ့ အကြောင်းအရာသစ်တွေ၊ သူများရေးပြီးသားတွေကိုလည်း အမြင်သစ်၊ ရှုထောင့်သစ်၊ အတွေးသစ်တွေပေးနိုင်အောင် ရေးသားသွားဖို့ရှိပါတယ်။ အဓိကရေးချင်တာတွေကတော့ အရှေ့တိုင်းယဉ်ကျေးမှုတွေ(တိဗက်၊မဟာယန၊ ထေရဝါဒ)၊ သမိုင်းကြောင်းတွေကို သုတေသနပြုပြီးရေးပါမယ်။ အနောက်တိုင်းဆိုင်ရာ ဒဿနတွေ၊ လူသိများ ထင်ရှားတဲ့ လေးစားရတဲ့ ပုဂ္ဂိုလ်တွေရဲ့ အတ္ထုပ္ပတ္တိတွေ ရေးသားသွားဖို့ ရှိပါတယ်။



စာရေးဆရာ လင်းထက်ဆွေ



စာရေးဆရာမ စံပယ်ဖြူနု

**စာရေးဆရာမ စံပယ်ဖြူနု(ကလေးစာပေဆု) ပါလေရာအယ်နီစာအုပ်(ကံ့ကော်ဝတ်ရည်စာပေတိုက်)**

ဒီစာအုပ်ကိုရေးဖြစ်တဲ့အကြောင်းကိုပြောရရင် နိုဗယ်စာပေပွဲတော်မှာ ကလေးစာပေအတွက် လုပ်ကြတဲ့အခါ ကျွန်မရဲ့အစ်မတွေနဲ့အတူ စာရေးဆရာတွေ၊ ထုတ်ဝေသူတွေလည်း ပါတယ်။ သူတို့က သဝေထိုးဖတ်စာ စာအုပ်ထုတ်ကြမယ်ဆိုပြီး လုပ်ကြတယ်။ စုစုပေါင်းငါးယောက်ဆိုတော့ တစ်ယောက်နှစ်ပုဒ်နှုန်းနဲ့ အားလုံး ၁၀ ပုဒ် တစ်အုပ်ထုတ်မယ်ဆိုပြီးတော့၊ အဲဒီမှာ ဝတ္ထုတိုနှစ်ပုဒ်ရေးရမယ်ဆိုတော့ စဉ်းစားကြည့်တယ်။ ဇာတ်ကောင်တစ်ကောင် တည်းထားပြီးရေးတာ ပိုအဆင်ပြေမယ်ဆိုပြီး တွေးမိတယ်။ အဲဒါနဲ့ရေးပြီး ထုတ်ဝေသူကိုသွားပြတော့ ဒီလိုဇာတ်ကောင်မျိုးထပ်ပြီးရေးသင့်တယ်လို့ အကြံပြုပါတယ်။ အဲဒီလိုနဲ့ပဲ အယ်နီဆိုတဲ့ဇာတ်ကောင်ကို စပြီးရေးဖြစ်ခဲ့တာပါ။ ပါလေရာအယ်နီရဲ့ရှေ့ကစာအုပ်ပေါ့။

အဲဒီစာအုပ်ထုတ်တဲ့အချိန်မှာ အများကြီးမျှော်လင့်မထားပါဘူး။ စာဖတ်ပရိသတ် ဘယ်လိုတုံ့ပြန်မလဲဆိုတာ စောင့်ကြည့်မယ်ပေါ့။ တကယ်လည်းစာအုပ်ထွက်လာတဲ့အချိန်ကျတော့ ကိုယ်ရည်ရွယ်ထားတဲ့ (၈၊ ၉)နှစ် အရွယ်ကလေးတွေအပြင် ဆယ်ကျော်သက်တွေရော၊ နှစ်ဆယ်ကျော်တွေရော၊ လူငယ်တွေရော၊ တချို့ဆိုရင် ကလေးတွေရဲ့မိဘတွေကပါ ဖတ်ပြီးတော့ လက်ခံကြတာတွေ့ရတယ်။ သူတို့က အယ်နီဇာတ်ကောင် ဆက်ရေးပါဦးလို့ အကြံပြုလာကြတော့ ဆက်ရေးဖြစ်ခဲ့တာပါ။

အမျိုးသားစာပေဆုရွေးချယ်ခံရတာနဲ့ပတ်သက်ပြီး ပြောရရင် ဆုရမယ်လို့ လုံးဝကို မထင်ထားဘူး။ ၂၀၁၇ ခုနှစ်မှာက ဒီစာအုပ်တစ်အုပ်ပဲထွက်ဖြစ်ခဲ့တယ်။ ဆုကို ရည်မှန်းပြီး ဖန်တီးခဲ့တာမဟုတ်တော့ တကယ်တမ်းရတဲ့အခါ အံ့သြဝမ်းသာဖြစ်ရပါတယ်။ နောက်ပြီး သမီးလေးမွေးတဲ့နှစ်လည်းဖြစ်၊ ရတဲ့ဆုကလည်း ကလေးစာပေဆုဆိုတော့ အမှတ်တရနှစ်လို့ပဲ ပြောရမှာပါ။

ကလေးစာပေနဲ့ပတ်သက်ပြီးပြောရရင် အခုခေတ်အခြေအနေက ကလေးတွေ လက်လှမ်းမီတဲ့၊ စိတ်ဝင်စားတဲ့ စာပေတွေလိုအပ်ပါတယ်။ အဓိကကတော့ စာစဖတ်တဲ့အရွယ်မှာ စာချည်းသက်သက်ထက်ရုပ်ပြတွေက အရေးပါတယ်လို့ပြောချင်ပါတယ်။ အဲဒီအပိုင်းမှာ လိုအပ်ချက်တွေရှိနေတယ်လို့မြင်တယ်။ လက်ရှိမှာ အဲဒီလိုမျိုးစာပေတွေ ထွက်ရှိနေတယ်ဆိုပေမယ့် ကလေးတိုင်းနဲ့ လက်လှမ်းမမီသေးတာ တွေ့ရပါတယ်။ နောက်တစ်ခုက ကျောင်းစနေတဲ့ သူငယ်တန်း၊ တစ်တန်းအရွယ်ကတည်းက ကလေးတွေဟာ ကျောင်း၊ ကျူရှင် စတာတွေနဲ့ လုံးပန်းနေရတယ်။ အဲဒါကြောင့် အပြင်စာဖတ်ချိန် နည်းနေသလားလို့ မြင်မိပါတယ်။ စိတ်လည်းပူမိပါတယ်။

စာပေရှေ့ခရီးကိုပြောရမယ်ဆိုရင် လောလောဆယ်တော့ ဝတ္ထုတိုနဲ့ ဝတ္ထုရှည်ကတော့ ပုံမှန်ရေးနေပါတယ်။ ကလေးစာပေဖြစ်တဲ့ အယ်နီကတော့ ရေးလက်စဖြစ်နေပြီး ကိုယ် ကိုယ်တိုင်ကလည်း အဲဒီဇာတ်ကောင်ကို သံယောဇဉ်ဖြစ်မိပါတယ်။ စာဖတ်သူဘက်ကလည်း အယ်နီဆက်ရေးပါလားဆိုပြီး တောင်းဆိုနေတော့ လောလောဆယ် အယ်နီပါတဲ့ ဝတ္ထုရှည်တစ်ခု စွန့်စားခန်းလိုဟာမျိုးရေးနေပါတယ်။ နောက်နှစ်ဆိုရင်တော့ လုံးချင်းတွေ ရေးဖို့ရှိပါတယ်။

အယ်နီစထွက်တော့ သိပ်မျှော်လင့်မထားရဲဘူး။ စာကလည်းများတယ်။ ဖြစ်နိုင်ရင်တော့ စာနဲ့ ရုပ်ပုံတွဲပြီး ထုတ်တာမျိုးက ပိုကောင်းတာပေါ့။ အခြေအနေအရပ်ရပ်ကြောင့် မလုပ်ဖြစ်ခဲ့တာပါ။ စာများတော့ ဖတ်မှဖတ်ကြပါ့မလားဆိုပြီး စိတ်ပူမိတယ်။ ဒါပေမယ့် တချို့တစ်တန်းအရွယ်ကလေးတွေဆို သူတို့အမေတွေက ဖတ်ပြတယ်။ အဲဒီလိုမျိုး လူကြီးကဖတ်ပြတာရှိသလို ကလေးတွေကိုယ်တိုင်လည်း ဖတ်ကြတာလည်းရှိတယ်။ အဲဒီလိုကြားရတော့ တော်တော်လေး ဝမ်းသာပီတိဖြစ်မိတယ်။ ကိုယ့်ရဲ့စာအုပ်ကို ကလေးတွေဖတ်ကြတယ်ဆိုတာ သိရတဲ့ပီတိက ဘာနဲ့မှမတူပါဘူး။ နောက်ထပ်ရေးဖြစ်အောင် တွန်းအားပေးတဲ့သဘောမျိုးလည်း သက်ရောက်စေပါတယ်။ ကျောင်းစာတွေနဲ့ လုံးပန်းနေရတဲ့ကြားထဲက ဖတ်ကြတဲ့ကလေးတွေရော ဖတ်ဖြစ်အောင်အထောက်အပံ့ပြုပေးတဲ့ မိဘတွေကိုပါ ကျေးဇူးတင်ပါတယ်။ ။

---

**❋ ကျောဖုံးမှ**

ပူးပေါင်းပါဝင်ပြသတယ်ဆိုတာကို ပြသမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ခန်းမကို နိုင်ငံတကာမှာရှိတဲ့ အထင်ကရအဆောက်အအုံတွေနဲ့အတူ လိမ္မော်ရောင်စတင်ထွန်းပေးပြီး ၁၆ ရက်တာကာလလုံး လိမ္မော်ရောင်လွှမ်းနေအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်” ဟု အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောသည်။

အဆိုပါကာလတစ်လျှောက်လှုပ်ရှားမှုတွင် လိမ္မော်ရောင်ကို အဓိကထားအသုံးပြုရခြင်း အကြောင်းရင်းမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ ကင်းစင်သည့်ပိုမိုတောက်ပသော အနာဂတ်ရရှိနိုင်ရန် ကိုယ်စားပြုရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ မဟာဗန္ဓုလပန်းခြံတွင် အဆိုပါနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးစာသားပါရှိသည့် ဆိုင်းဘုတ်များ ပြသခြင်း၊ ရုပ်ရှင်ပြခြင်း၊ ပြဇာတ်ကပြခြင်း၊ သီချင်းသီဆို ဖျော်ဖြေခြင်း၊ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်း စသည်တို့ကို အမျိုးသမီးအဖွဲ့ကွန်ရက်အပါအဝင် အဖွဲ့ပေါင်း ၃၀ ကျော်က ဆောင်ရွက်ကြောင်း သိရသည်။

“ဒီပွဲလေးကို လူထုတွေ အသိပညာရရှိသွားခြင်းအားဖြင့် အမျိုးသမီးတွေအပေါ်မှာ နည်းမျိုးစုံနဲ့အကြမ်းဖက်မှုတွေရပ်တန့်သွားပါစေလို့ မျှော်လင့်ပါတယ်။ အမျိုးသမီးတွေအပေါ်မှာ အကြမ်းဖက်မှုတွေရှိတယ်ဆိုရင်လည်း ကာကွယ်ပေးတဲ့ ဥပဒေတွေ အသက်ဝင်ဖို့ လိုအပ်တယ်။ ရှိလာတဲ့ ဥပဒေတွေကိုလည်း အများကနေပြီး တန်ဖိုးထားပြီး လေးစားလိုက်နာဖို့ လိုအပ်တယ်။ လူတိုင်းမှာ တာဝန်ရှိပါတယ်” ဟု အမျိုးသမီးအဖွဲ့ကွန်ရက်အဖွဲ့ဝင် ဒေါ်သန္တာလင်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်**

---

**○ အိုလံပစ်မှ**

မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး စီနီယာကစားသမားများနှင့် လူငယ်ကစားသမားများကို ပေါင်းစပ်ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး ပထမအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံပြီး ကစားသမားသစ်များဖြင့် ပေါင်းစပ်ကာ စုစုပေါင်း ၃၀ ဖြင့် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ဒီဇင်ဘာလပထမပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပဏာမကစားသမားများကို သက်ဆိုင်ရာကလပ်အသင်းများတွင် ပါဝင်ကစားခွင့်ပြုမည်ဖြစ်သော်လည်း စခန်းဝင်လေ့ကျင့်မှု တောက်လျှောက်ပြုလုပ်မည်ဖြစ်သည်။

ဒုတိယအဆင့်ကို ၂၀၁၉ ခုနှစ် ဧပြီလဆန်းတွင် ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်မှ တက်ရောက်လာသည့် မြန်မာ၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ ဂျော်ဒန်၊ နီပေါ၊ ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရသည့် ဗီယက်နမ်နှင့် ဥဇဘက်ကစ္စတန် စုစုပေါင်း ၁၂ သင်းကို လေးသင်း၊ သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲတွင် အာရှအသင်းကြီးများ ပါဝင်လာမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# အစိုးရအေဂျင်စီများအနေနဲ့လည်း ဆောင်ရွက်လိုက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပုဂ္ဂလိကကဏ္ဍမှာ ထိရောက်စွာ အကျိုးကျေးဇူး ခံစားရတယ်ဆိုတာ သေချာဖို့ လိုအပ်ပါတယ်

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်

## မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာ လွယ်ကူရဲ့လား ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်း ကျင်းပ

ကျော်သူထက်၊ မျိုးသူဟိန်း
ဓာတ်ပုံ-အေးသန်း

**"မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာ လွယ်ကူရဲ့လား" ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းအပိုင်း(၂)ကို မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်နှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်-**


ဦးအောင်နိုင်ဦး


ဦးအောင်စိုး


ဒေါ်သီတာမြင့်


ဒေါ်ခိုင်ခိုင်နွယ်

**အစီအစဉ်မှူး**။ ။Doing Business မှာ ပြည်ပကုန်သွယ်မှု Indicator ရဲ့အခြေအနေကို ရှင်းပြပေးပါဦးခင်ဗျာ။

**ဦးအောင်စိုး**။ ။ပို့ကုန်၊ သွင်းကုန်လုပ်ငန်းပေါ့။ ဒီလို လုပ်ငန်းလုပ်ရတာ လွယ်ရဲ့လားဆိုတဲ့ အညွှန်းကိန်းပေါ့။ ဒီအညွှန်းကိန်းက Doing Business တစ်ခုလုံးကို တိုင်းတာတဲ့ ၁၀ ခုထဲမှာ တစ်ခုပါတယ်။ ဒီအညွှန်းကိန်းက ကုန်သွယ်မှုကိုအခြေခံတာဖြစ်တဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဓိကဦးဆောင်ပြီး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဓိကတာဝန်ခံအဖွဲ့ခေါင်းဆောင်အဖြစ်နဲ့ ဆောင်ရွက်ပါတယ်။ ကုန်သွယ်ရေးဆိုတော့ ကုန်သွယ်မှုအတွက် ပူးပေါင်းလုပ်ရတဲ့ဌာနတွေကများတော့ အဲဒီထဲမှာ ဌာန ၁၆ ခု ပါပါတယ်။ အကောက်ခွန်တို့၊ ကျန်းမာရေးဝန်ကြီးဌာနက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်တွင်းအခွန်တို့ အကုန်လုံးပါပါတယ်။ ထောက်ခံချက်ပေးရတဲ့ သစ်တော၊ စိုက်ပျိုးရေးတို့ ဒါတွေလည်း ပါတယ်။ ဌာနအများဆုံးပါတဲ့ အညွှန်းကိန်းအဖွဲ့ဖြစ်ပါတယ်။

Doing Business မှာ သူတို့ရဲ့ ဝက်ဘ်ဆိုက်ကနေ တစ်ကမ္ဘာလုံးရဲ့ Doing Business နဲ့ ပတ်သက်တဲ့ အခြေအနေကို သိနိုင်သလို မြန်မာနိုင်ငံနဲ့ပတ်သက်တာလည်း သိနိုင်တယ်။ အခုဆို မြန်မာဘာသာပြန်ပြီးတော့ ထားတယ်။ မြန်မာဘာသာပြန်ထားတာလည်း ကျွန်တော်တို့ဝက်ဘ်ဆိုက်ပေါ်မှာ တင်ပေးထားပါတယ်။ အဲဒီထဲမှာ အညွှန်းကိန်းတွေနဲ့ပတ်သက်တာတွေ တစ်ခုချင်း၊ တစ်ခုချင်းစီကို ဖော်ပြထားပါတယ်။ မြန်မာဘာသာပြန်နိုင်တာတော့ ပထမဆုံးပေါ့။ ၂၀၁၈ ခုနှစ် အစီရင်ခံစာကို မြန်မာဘာသာပြန်ပြီးတော့ ပြုစုထားပါတယ်။ ဒါကို Soft Copy လိုချင်ရင်လည်း ရနိုင်ပါတယ်။ ကုန်သွယ်ရေးနဲ့ပတ်သက်လို့ အဓိကတိုင်းတဲ့ အချက်သုံးချက်ရှိတယ်။ လုပ်ငန်းအဆင့်တွေ ဘယ်လောက်များလဲ၊ အချိန်ဘယ်လောက်ကြာလဲ၊ ကုန်ကျစရိတ် ဘယ်လောက်များလဲဆိုတာတွေကို တိုင်းတာပါတယ်။

တိုင်းတာမှုမှာ စာရွက်စာတမ်းအပိုင်းရယ်၊ တကယ်ဖြတ်သန်းရတဲ့ လုပ်ငန်းစဉ်ရယ်ဆိုပြီး နှစ်ပိုင်းရှိပါတယ်။ အဲဒီနှစ်ပိုင်းလုံးက ဘယ်လောက်ကြာလဲဆိုတာ သူတို့က တိုင်းတယ်။ ကုန်ကျစရိတ်ကို ပို့ကုန်မှာလည်း တိုင်းတယ်။ သွင်းကုန်မှာလည်း တိုင်းတယ်။ အဲဒီသဘောပါပဲ။ အဲဒီအနေအထားအရ ပြောမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကုန်သွယ်မှုလုပ်ငန်းနဲ့ပတ်သက်တဲ့ အချက်လေးတွေ၊ ကိန်းဂဏန်းလေးတွေ ပြောပြချင်ပါတယ်။

ပထမ စတင်ဝင်ရောက်တဲ့ ၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ရဲ့အဆင့်က (၁၁၃) ရှိတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံက အိန္ဒိယ၊ လာအိုတို့အထက်မှာတော့ ရောက်နေတယ်။ ကျွန်တော်တို့ဒေသ East Asia and Pacific ဒေသရဲ့ ပျမ်းမျှအဆင့်က (၇၅) ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့က (၁၁၃) ဖြစ်နေတယ်။ ၂၀၁၅ ခုနှစ်ကျတော့ ကျွန်တော်တို့အဆင့်က (၁၀၃) ရောက်သွားတယ်။ အမှတ်ကတော့ ၇၀ ဒသမ ၀၂ ပါ။ ဒီမှာလည်း ကျွန်တော်တို့က အိန္ဒိယနဲ့ လာအိုရဲ့အထက်မှာရှိသေးတယ်။ ပျမ်းမျှကတော့ ၇၃ ဆိုတော့ ကျွန်တော်တို့က ၇၀ ရတော့ မဆိုးဘူးပေါ့။ ၂၀၁၆ ခုနှစ်မှာ ကျွန်တော်တို့က အောက်ရောက်သွားတယ်။ ဒီထဲမှာ လာအိုနဲ့ အိန္ဒိယတို့က ကျွန်တော်တို့ကို ကျော်တက်သွားတယ်။ ကျွန်တော်တို့ အဆင့်က(၁၄၀) ဖြစ်သွားတယ်။ လာအိုက (၁၀၈)နဲ့ အိန္ဒိယ က (၁၃၃)ရတယ်။ ပျမ်းမျှအဆင့်က(၉၇)ဖြစ်ပြီး ဒေသရဲ့ ပျမ်းမျှ အမှတ်က ၆၈ ဒသမ ၆၇ ဖြစ်ပါတယ်။ ကျွန်တော်တို့က ၅၅ ဒသမ ၀၅ ရတယ်။ အဲဒီအချိန်ကစပြီးတော့ ကုန်သွယ်မှုမှာ နည်းနည်းအခက်အခဲ၊ အတားအဆီးလေး တွေ့ရှိလာတယ်။ အဲဒီတော့ ကျွန်တော်တို့သတိထားမိတာက အဲဒီအချိန်က လမ်းတွေ ကျပ်တယ်။ ကားလမ်းပေါ်မှာ ကျပ်တော့ ကွန်တိန်နာတွေက နေ့ခင်းမှာ သွားရခက်လို့ ညပိုင်းမှာ ဦးစား ပေးပြီးသွားရတာရှိတယ်။ ဆိပ်ကမ်းထဲမှာ ကျပ်တာတွေရှိတယ်။ အခြားအချက်အလက်တွေလည်းရှိတယ်။ ဌာနပေါင်းက ၁၆ ခုဆိုတော့ ဘယ်နေရာက အဓိကလဲဆိုတာ ပြောဖို့ခက်တယ်။ ဒီဌာန ၁၆ ခုလုံး ပူးပေါင်းပြီး လုပ်မှ တိုးတက်မယ့် အညွှန်းကိန်းဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ကျတော့လည်း ဒေသအတွင်းမှာ အိန္ဒိယနဲ့ လာအိုတို့က အောက်ကိုပြန်ရောက်သွားတယ်။ မလေးရှားနဲ့ ထိုင်းတို့ကတော့ ကျွန်တော်တို့အထက်မှာပါ။ ကျွန်တော်တို့အဆင့်က (၁၅၉) ဖြစ်ပြီး ရမှတ်က ၄၇ ဒသမ ၄ ဖြစ်နေတယ်။ ၂၀၁၈ ခုနှစ်မှာ ကျွန်တော်တို့က ၄၇ ဒသမ ၆၇ ဆိုတော့ သိပ်မပြောင်းလဲသေးဘူးပေါ့။ အဆင့်ကလည်း(၁၆၃)ပါ။ ကျွန်တော်တို့က မှန်းထားတာက (၁၀၀) လောက်အထိ ရချင်တာဆိုတော့ ဆက်ပြီးကြိုးစားရဦးမှာပေါ့။ ကြိုးစားတဲ့နေရာမှာလည်း ဒါက ပြည်ပကုန်သွယ်မှုပို့ကုန်၊ သွင်းကုန်လုပ်ငန်းဆိုတော့ ကုန်သွယ်ရေးကပါတဲ့ အပိုင်းရှိတယ်။ ကုန်သွယ်ရေးကို မရောက်ဘဲ အကောက်ခွန်နဲ့သွားပြီး လိုင်စင်မလိုတဲ့ ပစ္စည်းတွေကလည်း ၅၀ ရာခိုင်နှုန်းကျော်ကျော်လောက် ရှိနေပြီဖြစ်ပါတယ်။ အဲဒီလိုရှိနေပြီဆိုတော့ ကျန်တဲ့ဌာနတွေကလည်း မြန်မှဖြစ်ပါမယ်။ ကုန်သွယ်ရေးပါတဲ့ အပိုင်းရှိသလို ကုန်သွယ်ရေးမပါတဲ့ အပိုင်းလည်းရှိတယ်။ ဒီလိုမြန်မှ တိုးတက်လာမှာဖြစ်ပါတယ်။

နောက်ဆုံး ၂၀၁၈ ခုနှစ်ရဲ့အခြေအနေအရဆိုရင် နယ်စပ်ဖြတ်ကျော်ပြီးတော့ ဆောင်ရွက်ရတဲ့အပိုင်းတွေမှာ ကြာမြင့်ချိန်က ပို့ကုန်မှာ ၁၄၂ နာရီ ဖြစ်နေတယ်။ သွင်းကုန်မှာက နာရီ ၂၃၀ ဖြစ်နေတယ်။ ဒါက နယ်စပ်ဖြတ်ကျော်မဟုတ်ဘဲ ပင်လယ်ရေကြောင်းကုန်သွယ်မှုကိုပဲ တိုင်းတာခြင်းဖြစ်ပါတယ်။ ကုန်ကျစရိတ်မှာလည်း ပို့ကုန်နဲ့ ပတ်သက်တဲ့လုပ်ငန်းမှာ ဒေါ်လာ ၄၃၀ ဖြစ်နေတယ်။ သွင်းကုန်မှာ ၄၅၇ ဒေါ်လာဖြစ်ပါတယ်။ နယ်စပ်ဖြတ်ကျော်တဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်မှာ ကုန်ကျစရိတ်တွေဖြစ်ပါတယ်။ စာရွက်စာတမ်းအပိုင်းနဲ့ပတ်သက်လို့ သူတို့ရဲ့ တွေ့ရှိချက်မှာ ဘာတွေ့လဲဆိုတော့ ပို့ကုန်မှာ ၁၄၄ နာရီကြာတယ်။ သွင်းကုန်မှာကျတော့ ၄၈ နာရီပဲကြာတယ်။ သွင်းကုန်ကဝင်လာပြီး ဖြန့်လိုက်တာဆိုတော့ ပိုလွယ်တယ်။ ပို့ကုန်က အဆင့်ဆင့်လုပ်ရတော့ နည်းနည်းကြာတယ်။ အဲဒီတော့ ကုန်ကျစရိတ်အပိုင်းမှာလည်း ပို့ကုန်က ဒေါ်လာ ၁၄၀ နဲ့ သွင်းကုန်က ၂၁၀ ဒေါ်လာ ဖြစ်နေတယ်။

ဒါတွေက သူတို့ရဲ့စံနှုန်းတွေနဲ့ လေ့လာမှုအရ တွက်ချက်တဲ့ အချိန်၊ နာရီတွေနဲ့ ကုန်ကျစရိတ်ကိန်းဂဏန်းတွေဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေက ဖြေတဲ့သူမှားလို့ မှားတာမျိုးလည်း ဖြစ်နိုင်တယ်။ တကယ့် လက်ရှိအခြေအနေလည်း ဖြစ်နိုင်တယ်။ ဒါတွေကို ကျွန်တော်တို့က အမြဲတမ်းဆွေးနွေးညှိနှိုင်းပြီးတော့ တိုးတက်အောင် လုပ်နေရမှာ ဖြစ်ပါတယ်။ ဒါတွေအားလုံးက မှန်တယ်လို့ တရားသေပြောလို့မရဘူး။ သို့သော် ကျွန်တော်တို့က လက်ရှိအခြေအနေမှာဖြစ်ပေါ်နေတဲ့ အညွှန်းကိန်းတစ်ခု အနေနဲ့တော့ လက်ခံရပါမယ်။ ဒါတွေကို မှားရင်မှားတယ်လို့ ထောက်ပြနိုင်ရမယ်။ မှန်ရင်လည်း ဒီထက်ပိုပြီးကောင်းအောင် ကျွန်တော်တို့ ဆက်ပြီးလုပ်ဆောင်ရမယ်။ လုပ်တဲ့နေရာမှာလည်း ကုန်သွယ်မှုဖြစ်တဲ့အတွက် ဌာနတစ်ခုတည်း လုပ်လို့မရဘူး။ ၁၆ ဌာနပေါင်းလုပ်ရမှာဖြစ်တဲ့အတွက် ဌာနအသီးသီးက ဟန်ချက်ညီညီ လွယ်ကူအောင်လုပ်ပေးမှ ဒီအဆင့်က တိုးတက်မယ်။

နောက်တစ်ခုက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ရင်းနှီးမြှုပ်နှံမှုလာရင်လည်း သူတို့ထုတ်လုပ်တဲ့ကုန်က ကုန်သွယ်မှုဖြစ်မှာပါ။ ကုန်သွယ်မှုဖြစ်တဲ့အခါကျ သူတို့က လွယ်ကူတာကို ကြိုက်တယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်က လွယ်ကူမှ ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်တဲ့နေရာမှာလည်းဆက်စပ်ပြီးတော့ တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ လက်ရှိ Doing Business မှာ နှစ်အလိုက် တွေ့ရှိရတဲ့အချက်တွေနဲ့ နောက်ဆုံးအခြေအနေဖြစ်ပါတယ်။ ဒါကို တင်ပြရင်းနဲ့ သက်ဆိုင်ရာဌာနတွေအားလုံးက ဆက်လက်ပြီးတော့ တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားနေပါတယ်။ လုပ်ငန်းရှင်တွေအပါအဝင် ကျန်တဲ့သက်ဆိုင်ရာဌာနတွေကလည်း အားလုံးဆက်ပြီးတော့ ပူးပေါင်းကြိုးစားကြဖို့ တိုက်တွန်းချင်ပါတယ်။

**အစီအစဉ်မှူး**။ ။ပြည်သူကို အသိပေးချင်တဲ့ကဏ္ဍတွေကိုလည်း ဆွေးနွေးကြဖို့အတွက် ဖိတ်ခေါ်ပါတယ်ခင်ဗျာ။

**ဒေါ်ခိုင်ခိုင်နွယ်**။ ။တကယ်တော့ လုပ်ငန်းလုပ်ရတာ လွယ်ကူအောင် လုပ်တဲ့အပိုင်းမှာ အစိုးရဌာနတစ်ခုတည်းနဲ့ လုပ်လို့ရတာမဟုတ်ပါဘူး။ ဒါကို ပုဂ္ဂလိကကဏ္ဍက လုပ်ငန်းရှင်တွေ သိစေချင်ပါတယ်။ အစိုးရဌာနဘက်က ပြုပြင်ပြောင်းလဲမှုတွေ လုပ်ကြမယ်။ ဒီလိုလုပ်တာလည်း ပုဂ္ဂလိကကဏ္ဍမှာ အလုပ်လုပ်ရတာ လွယ်ကူအောင်လုပ်ပေးတာ ဖြစ်ပါတယ်။ အဲဒီတော့ ပုဂ္ဂလိကဘက်ကလည်း သူတို့လုပ်တဲ့အခါမှာ မလွယ်ကူတာရှိရင်လည်း ပွင့်ပွင့်လင်းလင်းနဲ့ ဆက်သွယ်ပြောဆိုနေသင့်တယ်။ Communicate လုပ်နေသင့်တယ်။ ဒီလိုပြောင်းလိုက်တယ်ဆိုရင် ဒီလိုပြောင်းလိုက်တာကိုတော့ ကျွန်မတို့ မခံစားရသေးဘူးဆိုတာ သိအောင်ပေါ့။ ပွင့်ပွင့်လင်းလင်းစကားပြောကြရင် ဘယ်နေရာမှာတော့ ဘယ်လိုရှိလဲဆိုတာ ပိုပြီးရှင်းလင်းအောင်လုပ်နိုင်မယ်လို့ ကျွန်မထင်တယ်။

အဲဒီတော့ အစိုးရအေဂျင်စီတွေကလည်း ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ခြင်း (Reform) လုပ်တဲ့နေရာမှာ စီးပွားရေးလုပ်ငန်းတွေအတွက် အမှန်တကယ် အကျိုးရှိလာမည့်ကိစ္စဖြစ်ခြင်း၊ မဖြစ်ခြင်းကို ပုဂ္ဂလိကကဏ္ဍကလည်း မည်သည့်နေရာ၊ မည်သည့်အနေအထားတွေမှာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်သင့်တယ်ဆိုတာကို ကိုယ်တိုင်တွေ့ကြုံနေရတဲ့ အခက်အခဲတွေကိုအခြေခံပြီး ပွင့်လင်းစွာတင်ပြဆွေးနွေးရမှာ ဖြစ်ပါတယ်။ အစိုးရအေဂျင်စီတွေအနေနဲ့လည်း ဆောင်ရွက်လိုက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပုဂ္ဂလိကကဏ္ဍမှာ ထိရောက်စွာ အကျိုးကျေးဇူးခံစားရတယ်ဆိုတာ သေချာဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုကလည်း Emphasize လုပ်ချင်တာပါ။ ပုဂ္ဂလိကဘက်ကလည်း ကမ္ဘာ့ဘဏ်ရဲ့အမှတ်ပေးစနစ်မှာ ပြုပြင်ပြောင်းလဲမှုလုပ်ပြီးတာနဲ့ ပြီးသွားတာ မဟုတ်ပါဘူး။ ပြည်ပကုန်သွယ်မှုဆိုရင် ဒီနှစ်မှာ ဆရာတို့ပြောင်းခဲ့တဲ့ Negative List တွေ ထွက်လာတယ်။ Export List တွေ ထွက်လာတာ ဖြစ်ပါတယ်။ တကယ်ဆို ကျွန်မတို့ အချိန်မှီနေခဲ့သေးတာပေါ့။ ဒါပေမယ့် ပုဂ္ဂလိကကိုမေးတော့ တိကျတဲ့အဖြေ မရတဲ့အခါမှာ စောင့်ကြည့်နဲ့ထွက်လာတော့ အဲဒီမှာ အမှတ်ကတိုးမလာတော့ဘူး။ Customs ဆို MACCS ကို သုံးတာ ၂၀၁၆ ခုနှစ်ကတည်းကပါ။ ဒါပေမယ့် သူတို့လည်းကြိုးစားလုပ်တယ်။ တကယ်တမ်းမြေပြင်မှာသုံးရတဲ့အခါကျရင် အဆင်မပြေတဲ့အသံတွေက ပုဂ္ဂလိကဘက်က ထွက်လာတဲ့အခါမှာ အခုအထိ အမှတ်က မတက်လာဘူး။ စောင့်ကြည့်ပဲရှိနေသေးတယ်။ Customs နဲ့ ဆိပ်ကမ်းဆိုရင် သွင်းကုန်ကို ပိုလွယ်ကူအောင် လုပ်ပေးတယ်။ အချိန်လျော့အောင် လုပ်ပေးတဲ့အပိုင်းဟာ တချို့ Sector မှာ တကယ်ကို လျော့ပါတယ်။ ကျွန်မတို့ အထည်ချုပ်ဆိုရင် တကယ်ပေါင်းလုပ်တဲ့ အပိုင်းတွေရှိတယ်။ ဒါပေမယ့် Sector အားလုံးနဲ့မဟုတ်တော့ ဒီမေးခွန်းက တခြား Sector ရောက်သွားရင် အဖြေက Negative ထွက်လာမှာဖြစ်ပါတယ်။ အဲဒီတော့ စောင့်ကြည့်ဆိုတဲ့ အပိုင်းတွေ ဖြစ်လာတာပါ။

ဒါကြောင့် ပုဂ္ဂလိကကဏ္ဍကိုလည်း ကိုယ့်နိုင်ငံရဲ့ Doing Business ကို ပိုလွယ်ကူအောင်ပေါ့။ ရမှတ်တက်လာရင် အပြည်ပြည်ဆိုင်ရာကလည်း ကိုယ့်ကိုရင်းနှီးမြှုပ်နှံမှုလုပ်ချင်တဲ့အခါကျ ဒါကို သူတို့ကြည့်ကြတယ်။ ဘာလဲဆိုတော့ အညွှန်းကိန်းနဲ့လာတယ်။ ကြည့်တဲ့အခါမှာ Starting Business အလွန်လွယ်တယ်ဆိုရင် အကုန်လုံးက လာချင်ကြမယ်။ ချေးငွေရရှိနိုင်မှု၊ ပြည်ပကုန်သွယ်မှုတွေ အလွန်လွယ်တယ်ဆိုရင် အားလုံးက လာချင်ကြမှာပါ။ သူတို့ချည်းပဲမဟုတ်ဘူး၊ ကိုယ့်နိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေလည်း ဒါကိုကြည့်လိုက်ရင် ငါတို့အစိုးရဘက်က လုပ်ကိုင်ပေးနေမှုဟာ အလုပ်လုပ်ဖို့ အဆင်ပြေနေပြီဆိုရင် အားတက်သရောရှိလာမယ်။ ခုနက ဆွေးနွေးခဲ့သလို မွေးပြီးရှင်သန်ချင်သလိုပေါ့။ ရှင်သန်တဲ့အခါမှာလည်း သန်သန်စွမ်းစွမ်း၊ ကျန်းကျန်းမာမာနဲ့ ရှင်သန်ချင်တယ်။ ပိန်ပိန်လှီလှီနဲ့တော့ ဘယ်ရှင်သန်ချင်မလဲ။ ဒါမျိုးလေးတွေက ပုဂ္ဂလိကကဏ္ဍမှာလည်း ပေါင်းလုပ်ဖို့အတွက် တာဝန်ရှိတယ်ဆိုတာ ပြောချင်ပါတယ်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေနဲ့ကတော့ လုပ်ငန်းအဖွဲ့ ၁၀ ခုမှာတော့ ပါဝင်ပါတယ်။ အစည်းအဝေးတွေလည်း တက်နေကြတယ်။ အခုထက်ပိုပြီးပါဝင်ဖို့လည်း ကြိုးစားမယ်။ အတူဆောင်ရွက်မယ်လို့လည်း ပြောချင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ပဉ္စမအကြိမ် ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၅**

Cinematheque Program ၏ကဏ္ဍခွဲတစ်ခုဖြစ်သော ရုပ်ရှင်ဇာတ်ကားအပေါ် ပဉ္စမအကြိမ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်သည်။

**အနုပညာဆန်တဲ့တွေးခေါ်မှု**

ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်မင်းက "ဒီနေ့ပြသဆွေးနွေးတဲ့ ဇာတ်ကားကတော့ ရုပ်ရှင်ထဲကနေ အတွေးအခေါ်ကိုပေးတဲ့ ဇာတ်ကားမျိုးပါ။ အနုပညာဆန်တဲ့တွေးခေါ်မှုမျိုးပါ။ ရုပ်ရှင်နဲ့ အတွေးအခေါ်ကိုဘယ်လိုလုပ်သွားလဲ၊ ရုပ်ရှင်လုပ်တဲ့အခါမှာ အရင့်အရင်ပေါ်ခဲ့တဲ့သူတွေအတိုင်း လုပ်ရမယ်လို့ မဆိုလိုဘူး။ ကိုယ့်ရဲ့အရသာနဲ့ကိုယ် အသစ်ရိုက်နိုင်ရင်ရပြီ။ ကိုယ့်ပုံစံနဲ့ကိုယ်ရိုက်တဲ့သဘောမျိုးပါ။ အခုဆိုရင် လာရောက်တဲ့ကျောင်းသားတွေကို သိပ်ရှင်းပြစရာ မလိုတော့ဘူး။ သူတို့အနေနဲ့လည်း သိနေကြပါပြီ။ သူတို့ကို ပိုပြီး သဘောပေါက်နားလည်လာအောင်၊ စိတ်ထဲကို ပိုပြီးရောက်သွားအောင် ဘယ်လိုတင်ဆက်ရမလဲဆိုတာပဲ ကျွန်တော့်အနေနဲ့ စဉ်းစားရတယ်။ ရုပ်ရှင်ကို ဘယ်လိုလုပ်မလဲဆိုတာကို ပြရင်းနဲ့ဆွေးနွေးတာမျိုးပဲလုပ်ရတယ်"ဟု ပြောသည်။

အဆိုပါ သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ပူးပေါင်း၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများ၊ ပြင်ပမှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသည့် လူငယ်များနှင့် ပြင်ပရုပ်ရှင်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ယနေ့သုံးသပ်ဆွေးနွေးရာတွင် ဒေါက်တာ အောင်မင်းက ဒါရိုက်တာ Be´la Tarr ရိုက်ကူးထားသည့် "The Turin Horse" ရုပ်ရှင်ဇာတ်ကားအပေါ် မိတ်ဆက်စကားပြောကြားပြီး အဆိုပါဇာတ်ကားကို တက်ရောက်လာကြသူများနှင့်အတူ ကြည့်ရှုသုံးသပ်ကြသည်။

ယင်းနောက် ဒေါက်တာအောင်မင်းက ရုပ်ရှင်ဇာတ်ကားတစ်ကားလုံးအပေါ် အသေးစိတ် ခွဲခြမ်းစိတ်ဖြာသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တက်ရောက်လာကြသူများ၏ အမြင်များကို မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ကာ အဆိုပါဇာတ်ကားရိုက်ကူးခဲ့သည့် ဒါရိုက်တာ၏ အင်တာဗျူးကိုပြသခဲ့သည်။

စာရေးဆရာ ကိုနိုင်ဦးက "ကျွန်တော်တို့ဆီမှာ ရုပ်ရှင်နဲ့ ပတ်သက်ပြီး အဟောင်းတွေထပ်တလဲလဲဖြစ်နေတာ ထက်စာရင် လူငယ်တွေအနေနဲ့ အသစ်တွေဖန်တီးဖို့လိုတယ်။ အဲဒီလို ဖန်တီးဖို့အတွက်လည်း နည်းပညာအသစ်တွေကို လေ့လာနေရုံနဲ့ မပြီးပါဘူး။ စာပေနဲ့ အတွေးအခေါ်အသစ်တွေကိုလည်း လေ့လာဖို့လိုတယ်လို့ ထင်ပါတယ်။ ဒီနေ့ပြသတဲ့ဇာတ်ကားက ဖျော်ဖြေရေးဇာတ်ကားတွေလို မဟုတ်ပါဘူး။ အတွေးတစ်ခုကို ရိုက်ပြထားတဲ့ ဇာတ်လမ်းလေးပါ။ ရသတွေကို မခံစားတတ်ရင်တော့ ဒီလိုဇာတ်ကားတွေကို ကြိုက်မှာမဟုတ်ပါဘူး"ဟု ပြောသည်။

ယနေ့ ပြသဆွေးနွေးသည့် ရုပ်ရှင်ဇာတ်ကားသည် အဘိုးအိုတစ်ဦး၏ အတွေးအခေါ်ကို ခံစားပြထားသည့် ရုပ်ရှင်မျိုးဖြစ်ပြီး ၁၈၈၉ ခုနှစ်ခန့် တူရင်မြို့ကို အခြေခံကာ ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းကဲ့သို့ ဆွေးနွေးပွဲများကို လစဉ်ပြုလုပ်လျက်ရှိရာ လာမည့်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားပြီး ထိုသို့ပြုလုပ်ရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် ကမ္ဘာတစ်ဝန်းမှ Art House Film အမျိုးအစား ရုပ်ရှင်ဇာတ်ကားများထဲမှ ဇာတ်ကားများကို အလှည့်ကျရွေးချယ်ကာ ပြသဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# စစ်တွေမြို့၌ အမျိုးသမီးများအား အကြမ်းဖက်မှုဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားမှုအစီအစဉ် ဖွင့်ပွဲကျင်းပ

**စစ်တွေ နိုဝင်ဘာ ၂၅**

ရခိုင်ပြည်နယ်တွင် အမျိုးသမီးများအား အကြမ်းဖက်မှုဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားမှုအစီအစဉ် ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာပေါ်ရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း၊ ကျန်းမာရေးပြဿနာရပ်အဖြစ် သာမက လူ့အခွင့်အရေးကို ချိုးဖောက်ခံရခြင်းဖြစ်ကြောင်း၊ The World Bank ၏ ယခုနှစ် အောက်တိုဘာလ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်း အမျိုးသမီးသုံးဦးတွင် တစ်ဦးမှာ ကာယ၊ မ အခြေပြု အကြမ်းဖက်ခြင်းခံရကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှု ရပ်တန့်သွားစေရန် ရည်မှန်းပြီး ၁၉၉၁ ခုနှစ်မှစတင်ကာ Women's Global Leadership Institute မှ ဦးဆောင်ကာ အမျိုးသမီးများအား အကြမ်းဖက်မှု ဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားမှုများကို နှစ်စဉ်နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုနှစ်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးလိုက်သည့် ဆောင်ပုဒ်မှာ Hear Me Too အကြမ်းဖက်မှုရပ်တန့်ရေး အမျိုးသမီးများ အသံနားထောင်ပေးဖြစ်သည်။ ထို့နောက် UN Women အဖွဲ့မှ အမျိုးသမီးများအား အကြမ်းဖက်မှုဆန့်ကျင်ရေးနှင့် ပတ်သက်၍ သရုပ်ပြတင်ဆက်ပေးကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**





# ကျောက်မဲမြို့နယ်၌ ဆင်းတုတော် ၄၈ ဆူ တူးဖော်တွေ့ရှိ

**ကျောက်မဲ နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာ ဘုန်းကြီးကျောင်းအတွင်းရှိ စေတီဟောင်းတစ်ဆူအား ပြန်လည်ပြုပြင် မွမ်းမံရန် ချုံနွယ်များရှင်းလင်းစဉ် နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက ဉာဏ်တော် ၁၂ လက်မခန့်ရှိ ကြေးဆင်းတုတော် ၃၃ ဆူ၊ ဉာဏ်တော် ခြောက်လက်မခန့်ရှိ ဖန်ဆင်းတုတော် လေးဆူ၊ ကျောက်စိမ်းဆင်းတုတော် ခြောက်ဆူ၊ ပန်းပေါင်း ဆင်းတုတော် ငါးဆူ စုစုပေါင်း ဗုဒ္ဓဆင်းတုတော် ၄၈ ဆူ တူးဖော်တွေ့ရှိသဖြင့် ကွဲကုန်းဘုန်းကြီးကျောင်း၌ အပူဇော်ခံထားရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မန္တလေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေကျီးမြင်မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းသမိုင်းဝင် ရွှေကျီးမြင်ဆုတောင်းပြည့်မြတ်စွာဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ကြီးကို ဂေါပကအဖွဲ့က ဦးဆောင်ပြီး စေတနာရှင်ပြည်သူများက ရွှေကျီးမြင်မြတ်စွာဘုရားနှင့် ရှေးဟောင်းဘုရားအဆူဆူတို့အား တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှစပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးမျိုးစုံဖြင့် ကပ်လှူပူဇော်ခဲ့ကြပြီး လပြည့်ကျော် ၃ ရက် နံနက် ၆ နာရီက သံဃာတော်အပါး ၃၀၀ အား ဆွမ်းကြီးလောင်းလှူကာ စာရေးတံမဲများ လှူဒါန်းခဲ့ကြသည်။

ရွှေကျီးမြင်မြတ်စွာဘုရားအား အလောင်းစည်သူမင်းကြီး၏ သားတော် မင်းရှင်စောက သက္ကရာဇ် ၅၀၀ ကျော်တွင် တိုင်းခန်းလှည့်လည်စဉ် ရွှေအဆင်းရှိသော ရွှေကျီးတစ်ကောင်နားတော်မူရာမြင်သောအရပ်ကို အောင်မြေသတ်မှတ်ကာ တည်ထားကိုးကွယ်ခဲ့သည်။ ရွှေကျီးနားသည်ကို မြင်တော်မူသောကြောင့် ရွှေကျီးမြင်ဘုရားဟု ဘွဲ့တော်သမုတ်ခဲ့ခြင်းဖြစ်ကာ နန်းမြို့တွင်းတွင် ထိန်းသိမ်းထားရှိသော နန်းစဉ်မင်းဆက် ကိုးကွယ်တော်မူခဲ့ကြသည့် နှစ်ပေါင်း ၁၀၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းရုပ်ပွားတော်များနှင့် ဗုဒ္ဓအံတော်မြတ်တစ်ဆူတို့ကို ရွှေကျီးမြင်မြတ်စွာဘုရား ဂန္ဓကုဋိလိုဏ်ဂူတော်သို့ ပင့်ဆောင်အပူဇော်ခံလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မော်လူးတွင် အလည်လွန်ကျောင်းသားနှစ်ဦး ပြန်လည်တွေ့ရှိသဖြင့် မိဘများထံအပ်နှံ

**မော်လူး နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့အုပ်ချုပ်ရေးမှူးရုံးတွင် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁၂နာရီခွဲက အလည်လွန်ကျောင်းသားနှစ်ဦးကို ပြန်လည်တွေ့ရှိသဖြင့် ၎င်းတို့၏ မိဘများထံ တာဝန်ရှိသူများက ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၂ ရက်က နေအိမ်မှထွက်သွားခဲ့သော ဒသမတန်းကျောင်းသားနှစ်ဦးဖြစ်သည့် ကရင်ကျေးရွာ အင်းတော်မြို့နယ်နေသူနှင့် ဟဲနုကျေးရွာ အင်းတော်မြို့နယ်နေသူတို့ကို ရဲအုပ်မင်းသိန်းထွန်းနှင့်အဖွဲ့က ပြန်လည်တွေ့ရှိသဖြင့် ၎င်းတို့၏မိဘများနှင့်အတူ မော်လူးအုပ်ချုပ်ရေးမှူးရုံးတွင် ယနေ့တွင် မော်လူးမြို့ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်အဖွဲ့နှင့် ရပ်မိရပ်ဖများ၊ ခေတ္တမော်လူးနယ်မြေစခန်းမှူး ရဲအုပ်မင်းသိန်းထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီခိုင်နှင့် တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**ဝဇိရ**



# လဲချား၊ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဘိန်းခင်းများအား ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၅** - လဲချားမြို့နယ် ပန်ဆနန်းကျေးရွာ အရှေ့တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ နိုဝင်ဘာ ၂၄ ရက်က ဘိန်းစိုက်ခင်း ၁ ဒသမ ၅ ဧကခန့်ကို လဲချားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ကလည်းကောင်း၊ မိုင်းဆတ်မြို့နယ် ရှဲဟောကျေးရွာနှင့် ပန်ဟတ်ကျေးရွာတို့၌ ဘိန်းစိုက်ခင်း သုံးဧကခန့်ကို လည်းကောင်း၊ မိုင်းတုံမြို့နယ် ရွှေတောင်ကျေးရွာ၌ ဘိန်းစိုက်ခင်း ၃ ဒသမ ၇ ဧကခန့်ကို လည်းကောင်း ရဲတပ်ဖွဲ့ဝင်များပါဝင်သည့်ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ဂျီဘရော်တာကျွန်းဆွယ် အနာဂတ်ရေးနှင့်ပတ်သက်၍ စပိန်နှင့် ဗြိတိန်တို့ သဘောတူညီချက်ရရှိပြီ

**ဘရပ်ဆယ် နိုဝင်ဘာ ၂၅**

ဗြိတိန်နိုင်ငံ၏ ပင်လယ်ရပ်ခြား ပိုင်နက်နယ်မြေဖြစ်သော ဂျီဘရော်တာ ကျွန်းဆွယ်ဒေသ၏ အနာဂတ်ရေးနှင့် ပတ်သက်၍ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်နှင့် စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်တို့ သဘောတူညီချက် တစ်ရပ်ရရှိရာ ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေးသဘောတူညီချက်အား အတည်ပြုရန် ရည်မှန်းသော အီးယူထိပ်သီးအစည်းအဝေးမတိုင်မီ တစ်ရက်အလိုတွင် အဓိကကျသည့် အတားအဆီးတစ်ရပ်ကို ရှင်းလင်းဖယ်ရှားနိုင်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျီဘရော်တာ ကျွန်းဆွယ်ဒေသနှင့် ပတ်သက်၍ ဗြိတိန်နှင့် စပိန်နိုင်ငံတို့အကြား သဘောတူညီချက်တစ်ရပ် ရရှိကြပြီဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ဆန်ချက်ဇ်က ပြောကြားသည်။ အနာဂတ်ကာလတွင် ဂျီဘရော်တာဒေသနှင့် စပ်လျဉ်း၍ မည်ကဲ့သို့သော ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရာတွင် စပိန်နှင့်အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် အဆိုပါ သဘောတူညီချက်တွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ပြီးသည့်အခါ အီးယူနှင့် ဗြိတိန်နိုင်ငံအကြား ရရှိသည့် သဘောတူညီချက်များတွင် ပိုင်နက်နယ်မြေဆိုင်ရာဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ဂျီဘရော်တာဒေသ ပါဝင်မည်မဟုတ်ကြောင်း သဘောတူညီချက်တွင် ဖော်ပြထားသည်။

ဂျီဘရော်တာဒေသသည် မြေထဲပင်လယ်ဝ၌ တည်ရှိပြီး အိုက်ဘေးရီးယန်း ကျွန်းဆွယ်၏ တောင်ဘက်စွန်းတွင် တည်ရှိကာ ဗြိတိသျှ ပင်လယ်ရပ်ခြားနယ်မြေအဖြစ် သတ်မှတ်ခံထားရသည်။ ဧရိယာ ၆ စတုရန်းကီလိုမီတာ (၂ ဒသမ ၃ စတုရန်းမိုင်)ရှိ ယင်းဒေသသည် စပိန်နိုင်ငံ တောင်ဘက် မြေထဲပင်လယ်အတွင်းသို့ ထိုးထွက်လျက်ရှိသော သန်လျက်စွန်းအငူပေါ်တွင် တည်ရှိသည်။

၁၇၁၃ ခုနှစ်တွင် ဗြိတိသျှတို့က သိမ်းပိုက်ခဲ့သော်လည်း စပိန်နိုင်ငံက ယင်း၏ ပိုင်နက်နယ်မြေအဖြစ် ယနေ့တိုင် ကြေညာထားသော ဂျီဘရော်တာဒေသအရေးနှင့် ပတ်သက်၍ အီးယူ-ဗြိတိန် ဆက်ဆံရေးသစ်နှင့် သက်ဆိုင်နေသည့် ကြေညာစာတမ်းတွင် ထည့်သွင်းခြင်းမပြုရန် စပိန်နိုင်ငံဘက်မှ တောင်းဆိုခဲ့သည်။

ယခုအခါ နှစ်နိုင်ငံ သဘောတူညီချက် ရရှိလိုက်ကြပြီဖြစ်သဖြင့် စပိန်နှင့် ဗြိတိန်တို့အကြား တိုက်ရိုက် တွေ့ဆုံဆွေးနွေးနိုင်ကြတော့မည်ဖြစ်သည်။

ဂျီဘရော်တာ၏ အနာဂတ်ရေးကို ဆုံးဖြတ်ရာတွင် စပိန်ဘက်မှ ဗီတိုအာဏာရှိရမည်ဟု စပိန်ဝန်ကြီးချုပ် ဆန်ချက်ဇ်က တောင်းဆိုခဲ့သည်။ **အေအက်ဖ်ပီ**



ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်(ဝဲ)နှင့် စပိန်ဝန်ကြီးချုပ် ဆန်ချက်ဇ်(ယာ)

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲလက်ခံကျင်းပရန် အိုဆာကာ ရွေးချယ်ခံရ

**အိုဆာကာ နိုဝင်ဘာ ၂၅**

ဂျပန်နိုင်ငံ ကန်ဆိုင်းဒေသရှိ မြို့ကြီးတစ်မြို့ဖြစ်သော အိုဆာကာမြို့သည် ၂၀၂၅ ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ရွေးချယ်ခံရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲဗျူရိုသည် နိုဝင်ဘာ ၂၃ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသော အထွေထွေညီလာခံတွင် နိုင်ငံပေါင်း ၁၅၆ နိုင်ငံက ကမ္ဘာ့ကုန်စည်ပြပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရမည့်နိုင်ငံကို မဲပေးရွေးချယ်ခဲ့ကြသည်။

ဂျပန်နိုင်ငံရှိ အိုဆာကာမြို့သည် ရုရှားနိုင်ငံရှိ အီကာတာရင်းဘာ့ဂ်မြို့၊ အဇာဘိုင်ဂျန်နိုင်ငံ၏ မြို့တော် ဘာ့ကုတို့နှင့်အတူ ကမ္ဘာ့ကုန်စည်ပြပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ယှဉ်ပြိုင်ခဲ့သည်။

အိုဆာကာခရိုင် အုပ်ချုပ်ရေးမှူး အိချိရော မတ်ဆုအိ အပါအဝင် ထိပ်တန်းအရာရှိများသည် မဲပေးရွေးချယ်ရာတွင် အိုဆာကာမြို့ကို ထောက်ခံအားပေးကြရန်အတွက် လှုံ့ဆော်မှုများပြုလုပ်နိုင်ရန် ပါရီမြို့သို့ ရောက်ရှိခဲ့ကြသည်။



ပထမအကျော့မဲပေးပွဲတွင် အဇာဘိုင်ဂျန်နိုင်ငံ မြို့တော် ဘာ့ကုမှာ ရှုံးနိမ့်ခဲ့ရပြီး ဒုတိယအကျော့ မဲပေးပွဲတွင် အိုဆာကာက အီကာတာရင်းဘာ့ဂ်မြို့ကို ၉၂ မဲ၊ ၆၁ မဲ ဖြင့် အနိုင်ရရှိခဲ့သည်။ အိုဆာကာမြို့သည် ကမ္ဘာ့ကုန်စည်ပြပွဲကို ဒုတိယအကြိမ်အဖြစ် လက်ခံကျင်းပခွင့် ရရှိမည် ဖြစ်သည်။ ပထမအကြိမ်အဖြစ် ကမ္ဘာ့ကုန်စည်ပြပွဲကို ၁၉၇၀ ပြည့်နှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတွင် ဘတ်စ်ကားတစ်စီး ရေမြောင်းထဲသို့ ထိုးကျ လူ ၂၈ ဦးသေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၂၅**

အိန္ဒိယနိုင်ငံတောင်ဘက်ပိုင်းတွင် ဘတ်စ်ကားတစ်စီး မတော်တဆမှုဖြစ်ပွားခဲ့ရာ ကလေးငယ်များအပါအဝင် လိုက်ပါစီးနင်းသူ ခရီးသည် ၂၈ ဦးသေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ခရီးသည် ၃၀ ကျော်လိုက်ပါစီးနင်းခဲ့သည့် အဆိုပါ ဘတ်စ်ကားသည် နိုင်ငံ၏တောင်ပိုင်း ကာနာတာကာ ပြည်နယ်တွင် လမ်းချော်ကာ ရေမြောင်းတစ်ခုအတွင်းသို့ ထိုးကျသွားခဲ့ကြောင်း သိရသည်။ သေဆုံးသူများ အနက် အများအပြားမှာ ကျောင်းသား ကျောင်းသူ ကလေးငယ်များဖြစ်ကြောင်း သိရသည်။

**ထင်မြင်ယူဆ**

အခင်းဖြစ်ပွားမှု၏ အဓိကအကြောင်းအရင်းကို မသိရသေးပေ။ သို့သော် စတီယာရင်ထိန်းချုပ်မရသဖြင့် လမ်းဘေးရှိ မြောင်းထဲသို့ ထိုးကျသွားခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိများက ထင်မြင်ယူဆကြသည်။

ထို့ပြင် လမ်းပေါ်တွင် လက်ရန်းများ တပ်ဆင်ထားခြင်းမရှိခြင်းကြောင့် ဘတ်စ်ကားသည် မြောင်းထဲသို့ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ဆိုသည်။

**အစိုးရအား မီးမောင်းထိုး**

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကားမတော်တဆမှုများ တစ်နေ့တခြားပိုမိုများပြားလာသည့်အတွက် ဘေးကင်းလုံခြုံစိတ်ချရသော လုပ်ဆောင်ချက်များ ဆောင်ရွက်သင့်ကြောင်း မတော်တဆမှုများက အိန္ဒိယအစိုးရအား မီးမောင်းထိုးပေးလျက်ရှိသည်။

လွန်ခဲ့သော ရက်သတ္တပတ်က နိုင်ငံ၏အရှေ့ပိုင်းတွင် ဘတ်စ်ကားတစ်စီး တံတားတစ်စင်းပေါ်မှ ထိုးကျခဲ့ရာ လူ၁၀ ဦးသေဆုံးခဲ့ကြောင်းသိရသည်။

**သေဆုံးမှုအများဆုံး**

လွန်ခဲ့သောနှစ် စာရင်းများအရ အိန္ဒိယနိုင်ငံသည် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူအရေအတွက် ၁၅၀၀၀၀ ဝန်းကျင်ရှိပြီး ကမ္ဘာ့နိုင်ငံများတွင် သေဆုံးမှုအရေအတွက် အများဆုံးနိုင်ငံအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းသည် များသောအားဖြင့် စည်းကမ်းမဲ့မောင်းနှင်ခြင်းနှင့် လမ်းများ ပြင်ဆင်ထိန်းသိမ်းမှုညံ့ဖျင်းခြင်းတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကူဝိတ်သဲကန္တာရအတွင်း မြေမြှုပ်မိုင်းရှင်းလင်းရေးဆောင်ရွက်၊ တောစခန်းချအပန်းဖြေ ခရီးစဉ်များကို ဆိုင်းငံ့ထားရန် တိုက်တွန်း

**ကူဝိတ်စီးတီး နိုဝင်ဘာ ၂၅**

ကူဝိတ်နိုင်ငံရှိ သဲကန္တာရအတွင်း မကြာသေးမီက မကြုံစဖူး ထူးထူးခြားခြား မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် စစ်ကာလအတွင်း အီရတ်တပ်ဖွဲ့များက ထောင်ထားခဲ့သော မြေမြှုပ်မိုင်းဗုံးအရေအတွက် ဒါဇင်ပေါင်းများစွာ မြေပေါ်သို့ ပေါ်လာကြောင်း၊ သို့ဖြစ်၍ အပန်းဖြေရာသီအတွင်း သဲကန္တာရတောစခန်းတွင် စခန်းချ အပန်းဖြေသူများ၏ အားလပ်ရက် ခရီးစဉ်များကို ဖျက်သိမ်းထားလိုက်ကြရကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

ကူဝိတ်သဲကန္တာရအတွင်းရှိ ဆာဖာရီ အပန်းဖြေစခန်း ၁၈ ခုကို အာဏာပိုင်များက ပိတ်ထားလိုက်ပြီး မြေမြှုပ်မိုင်း ရှင်းလင်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်အထိ မြေမြှုပ်မိုင်းဗုံး ၄၈ လုံးထက်မနည်းကို ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



သဲကန္တာရအတွင်း မြေအောက်မှ မြေပေါ်သို့ပေါ်ထွက်လာသည့် မိုင်းဗုံးများကို ကာကွယ်ရေးဝန်ကြီးဌာနက ရှင်းလင်းလျက်ရှိပြီး မိုင်းရှင်းလင်းရေးလုပ်ငန်း ပြီးဆုံးချိန်အထိ တောစခန်းချအပန်းဖြေခရီးစဉ်များ (ဆာဖာရီခရီးစဉ်များ)ဆိုင်းငံ့ထားရန် မြို့ပြကာကွယ်ရေးကော်မတီက စခန်းချ အပန်းဖြေခရီး ထွက်ခွာမည့်သူများကို တိုက်တွန်းခဲ့သည်။

မကြာသေးမီ ရက်များအတွင်း သဲကန္တာရနယ်မြေတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေမြှုပ်မိုင်းဗုံး အများအပြားမှာ ရေစီးကြောင့်မြေပေါ်သို့ ပေါ်ထွက်လာခဲ့သည်။ ၁၉၉၀-၉၁ ခုနှစ် အီရတ်တပ်ဖွဲ့က ကျူးကျော်သိမ်းပိုက်စဉ် ကူဝိတ်သဲကန္တာရအတွင်းတွင် မြေမြှုပ်မိုင်းဗုံးများကို ထောင်ထားခဲ့ကြောင်း၊ ယခုအခါ ကာကွယ်ရေးဝန်ကြီး ဌာနက မိုင်းရှင်းလင်းရေးလုပ်ငန်းကို လုပ်ဆောင်နေဆဲဖြစ်၍ ကန္တာရစခန်းချ အပန်းဖြေခရီးစဉ်များကို ဆိုင်းငံ့ထားရန် မြို့ပြကာကွယ်ရေးကော်မတီက တိုက်တွန်းထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**အေအက်ဖ်ပီ**




# ဂျူဗင်တပ်အသင်းက SPAL အသင်းကို နှစ်ဂိုးပြတ်နိုင် လက်ရှိ အမှတ်ပေးဇယားတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့

ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေပွဲစဉ် ၁၃ အဖြစ် နိုဝင်ဘာ ၂၅ ရက်ညပိုင်းက SPAL အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်အသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူးစီရိုနယ်လ်ဒိုသည် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ဂျူဗင်တပ်အသင်းက ရှုံးပွဲမရှိစံချိန်နှင့်အတူ အမှတ်ပေးဇယားတွင် ရမှတ် ၃၇ မှတ်ဖြင့် ထိပ်ဆုံးတွင်ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းနှင့် SPAL အသင်းတို့၏ ပွဲစဉ်တွင် ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၂၈ မိနစ်တွင် တိုက်စစ်မှူးစီရိုနယ်လ်ဒိုက လည်းကောင်း၊ မိနစ် ၆၀ တွင် တိုက်စစ်မှူး မန်ဇူကစ်ကလည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့် ဘောလုံးရာသီခုနစ်ရာသီဆက်တိုက် အီတလီစီးရီးအေချန်ပီယံဖြစ်ခဲ့သည့် ဂျူဗင်တပ်အသင်းသည် SPAL အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် လက်ရှိတွင် အမှတ်ပေးဇယား၌ ဒုတိယနေရာက နာပိုလီအသင်းကို နာပိုလီအသင်း ပွဲစဉ် ၁၃ မကစားမီတွင် ကိုးမှတ်အထိဖြတ်ထားနိုင်ခဲ့ကြောင်းလည်း သိရသည်။

ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေ ၁၃ ပွဲကစားအပြီးတွင် ၁၂ ပွဲ အထိအနိုင်ကစားနိုင်ခဲ့ပြီး တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားကြောင်းလည်း သိရသည်။

# မန်ယူအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးပါက နွေရာသီအပြောင်းအရွှေ့တွင် ပီအက်စ်ဂျီသို့ ဒီဂီယာပြောင်းရွှေ့မည်ဟုဆို

ဂိုးသမားဒီဂီယာသည် လက်ရှိကလပ် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပါက ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။

ဒီဂီယာသည် မန်ယူအသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆွေးနွေးလျက်ရှိပြီး ပီအက်စ်ဂျီအသင်းကလည်း ပြောင်းရွှေ့ကြေးအနေဖြင့် တစ်ပတ်ပေါင်သုံးသိန်းနှင့် ကမ်းလှမ်းထားခြင်းကြောင့် ကမ္ဘာ့ဈေးအကြီးဆုံးကစားသမားတစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

ဂိုးသမားဒီဂီယာသည် ပီအက်စ်ဂျီအသင်းနှင့်စာချုပ်ချုပ်ဆိုခဲ့ပါက တစ်နှစ်လျှင် ပေါင် ၁၅ ဒသမ ၅ သန်းရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။ ပီအက်စ်ဂျီအသင်းက စာချုပ်ချုပ်ဆိုမည်ဆိုပါက လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ပြီး ဒီဂီယာ၏ လုပ်ခလစာသည် ပေါင်သန်း ၆၀ ကျော်ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ဂိုးသမားဒီဂီယာသည် မန်ယူအသင်းသို့ ၂၀၁၁ ခုနှစ်တွင် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား၊ လိဂ်ဖလားနှင့် ယူရိုပါလိဂ်ဖလားတို့ကို ဆွတ်ခူးပေးထားနိုင်ခဲ့ကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်






## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၈ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၆၈ သန်း) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၀၄၈ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် AD Van ယာဉ် နှစ်စီး၊ ခရီးသည်တင်ယာဉ် နှစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း၊ ဖုန်းအပိုပစ္စည်းနှင့် အဝတ်အထည် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၈ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မူဆယ်မြို့၌ မီးလောင်မှုဖြစ်ပွားသည့် မော်တော်ယာဉ်အတွင်းမှ ကျောက်စိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက် ဆင်ဖြူပေါက် (မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်/ထွက်ပေါက်)အနီး၌ နိုဝင်ဘာ ၂၃ ရက် ည ၉ နာရီ ၁၅ မိနစ်က 1G/--- Ipsum အဖြူရောင် မော်တော်ယာဉ်တစ်စီး (ယာဉ်မောင်း-စိစစ်ဆဲ)သည် အင်ဂျင်ခန်းအတွင်း အပူလွန်ကဲ၍ ဝါယာရှော့ခ်ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ဆင်ဖြူရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မော်တော်ယာဉ် ဘောနပ်ဖုံးအောက်မှ ကျောက်စိမ်းဖြတ်စ တစ်တုံး၊ လက်ကောက်ပုံကြမ်းအကျိုး ၂၅ စ၊ လက်ကောက်ပုံကြမ်း ၃၅ ကွင်း၊ ယာဉ်နောက်ခန်းတွင် ဂုံနီအိတ်ဖြင့် ထုပ်ထားသော ကျောက်ဖြတ်စ သုံးတုံး၊ သတင်းစာစက္ကူဖြင့်ပတ်ထားသည့် လက်ကောက်ပုံကြမ်း ၃၅ ကွင်းတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ကျောက်စိမ်းများအား မူဆယ်မြို့ အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံရန် စီစဉ်ထားကြောင်းနှင့် ယာဉ်မောင်း(စိစစ်ဆဲ)အား မူဆယ်မြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ပင်လည်ဘူးမြို့နယ်တွင် ဆိုင်ကယ်ခိုးယူသူဖမ်းမိ

**ပင်လည်ဘူး နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် မူးလဲကျေးရွာအနီး ဆိုင်ကယ်တစ်စီး ပျောက်ဆုံးသွားရာ cctv မှတ်တမ်းအရ ဆိုင်ကယ်ခိုးယူသူအား ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ပင်လည်ဘူးမြို့နယ် မူးလဲကျေးရွာနေ ဦးစန်းမောင်ဆိုသူသည် လယ်တောတွင်မွေးထားသော ဝက်များကို ဝက်စာကျွေးစဉ် ဆိုင်ကယ်အားတဲအနီး ကုန်းမြင့်တွင် ဇက်သော့ခတ်ထားခဲ့ပြီး အပြန်တွင်ဆိုင်ကယ်မှာ ပျောက်ဆုံးနေကြောင်း သိရသဖြင့် လိုက်လံစုံစမ်းရာ ပင်လည်ဘူးမြို့ (ရွှေတောင်ဦး) သံတိုသံစ ဝယ်ယူရေးဆိုင်၏ cctv မှတ်တမ်းအရ အဆိုပါ ဆိုင်ကယ်အား လာရောက်ရောင်းချသူမှာ ပင်လည်ဘူးမြို့နယ် ဟဲသတ်ကျေးရွာနေ မြင့်လွင်ဆိုသူဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်ခိုးယူသူ မြင့်လွင်အား နိုဝင်ဘာ ၂၅ ရက်တွင် ပင်လည်ဘူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း ဒုရဲအုပ်မျိုးနိုင်ထံမှ သိရသည်။

**လူအောင်(ကသာ)**





## မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးသူအား ရွှေပြည်သာတွင် ဖမ်းဆီးရမိ

**ရွှေပြည်သာ နိုဝင်ဘာ ၂၅**

မင်္ဂလာဒုံမြို့မရဲစခန်း၏ မူးယစ်အမှုတစ်ခုမှပြစ်မှုကျူးလွန်၍ ဖမ်းဆီးထားသူက ဖော်ထုတ်ခဲ့သောကြောင့် ရွှေပြည်သာရှိ မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက်တွင် မင်္ဂလာဒုံမြို့နယ် မြို့မရဲစခန်း၌ ပြစ်မှုကျူးလွန်သူ အောင်ပိုင်ဖြိုး(ခ)အောင်ဖြိုးအား စစ်ဆေးရာ ၎င်းထံမှ သိမ်းဆည်းရမိသော WY စိတ်ကြွရူးသွပ်ဆေးပြားများမှာ ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက် ချယ်ရီလမ်း တိုက်(ခ) အခန်းအမှတ်(၅၀၃)နေ ကျော်စွာထံမှဝယ်ယူရရှိကြောင်း စစ်ဆေးပေါ်ပေါက်၍ ကျော်စွာ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၅၂၃၀ အား သိမ်းဆည်းရရှိပြီး ဆေးသုံးစွဲရာတွင်အသုံးပြုသော သုံးလက်စခဲပြားခြောက်ခု၊ ချောကလက်ရောင် စက္ကူပုံးအတွင်းမှ ငွေကျပ် ၁၄၅၀၀၀၊ လက်ကိုင်ဖုန်းနှင့် ဆင်းကတ်တို့အား သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများလက်ဝယ်ဖြန့်ဖြူးရောင်းချသူ ကျော်စွာ (၃၇)နှစ်အား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုခိုင်၊ရွှေမြင့်ဦး(ရွှေပြည်သာ)**



### ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကိုအများပြည်သူသို့တင်ပြပေးနိုင်ရန် ဤကဏ္ဍကိုဖွင့်လှစ်ခြင်းဖြစ်၍စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှသည် ဆောင်းပါးရှင်၏အာဘော်သာဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# ယာဉ်လမ်းကြောင်းပိတ်ဆို့၊ ကျပ်တည်းခြင်းအား နေရာဒေသအလိုက် ဖြေရှင်းခြင်း

ခ ထွန်းထွန်း(သတ္တုတွင်း)

**လုပ်နိုင်တဲ့နေရာက စလုပ်ကြရအောင်**

ရန်ကုန်မြို့တော်မှာ မော်တော်ယာဉ်အစီးပေါင်း သုံးသိန်းခန့်ရှိပါတယ်။ ဒီအရေအတွက်ဟာမြို့ဧရိယာ အကျယ်အဝန်းနှင့် နှိုင်းယှဉ်ပါက များပြားနေပြီလို့ ပြောဆိုရန်မဖြစ်နိုင်ပါ။ ဒါပေမယ့် ဒီနေ့အခြေအနေအရ လမ်းများပေါ်မှာ မော်တော်ယာဉ်များနဲ့ ယာဉ်လမ်းကြောင်းပိတ်ဆို့တာ၊ ကျပ်တည်းစွာ သွားတာတွေကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေကြရပါတယ်။ ဒီလို ဖြစ်ပေါ်ရတဲ့ အခြေခံအကြောင်းအရင်းများ များစွာရှိတဲ့အနက်က ရန်ကုန်မြို့တွင်း အရှေ့အနောက်ဖြတ်လမ်းများ နည်းပါးလွန်းခြင်းကလည်း တစ်ချက်အပါအဝင်ဖြစ်ပါတယ်။

အင်းစိန်၊ မင်္ဂလာဒုံစတဲ့ ရန်ကုန်မြို့မြောက်ဘက်ခြမ်းမှ ရန်ကုန်မြို့တွင်း( Down Town) အရောက်သွားနိုင်တဲ့ တောင်မြောက်လမ်းကြီးများရှိပေမယ့်လည်း အဲဒီလမ်းကြီးတွေထံအရောက် တစ်လမ်းမှ တစ်လမ်း ကူးလူးသွားလာနိုင်တဲ့ အရှေ့အနောက်ဖြတ်လမ်းဆိုတာရှိပေမယ့် အလွန်နည်းပါးပြီး တစ်လမ်းနဲ့တစ်လမ်းကလည်း အလှမ်းဝေးပါတယ်။

အရှေ့အနောက်ဖြတ်လမ်းတွေ နည်းပါးတာကြောင့် အနောက်က အရှေ့၊ အရှေ့က အနောက်သွားလိုတဲ့ ယာဉ်အားလုံးဟာ တောင်မြောက်လမ်းပေါ် တက်လာပြီး မလိုအပ်ဘဲ မောင်းနေကြရကာ မိမိသွားလိုသည့်အနီးဆုံးဖြစ်တဲ့ အရှေ့၊ အနောက်ဖြတ်လမ်းရောက်မှ လမ်းပြောင်းပြီး မောင်းနှင်နေကြရပါတယ်။ ဒီလိုမောင်းကြရတဲ့အတွက် တောင်-မြောက်လမ်းမကြီးတွေအပေါ်မှာ ယာဉ်များ များပြားလာတဲ့အပြင် အရှေ့-အနောက်လမ်းနှင့် တောင်-မြောက် လမ်းဆုံတွေမှာလည်း ယာဉ်တွေနဲ့ တစ်ဆို့ ကျပ်ညပ်သွားတဲ့အဖြစ်ကိုပါ ရောက်သွားစေပါတယ်။

ဒီလိုမဖြစ်အောင်ဆောင်ရွက်ဖို့ဆိုရင် အရှေ့-အနောက်လမ်းမကြီးတွေ ထပ်ဖောက်ပေးရမလိုဖြစ်လာပါတယ်။ လောလောဆယ် ဒီလိုဆောင်ရွက်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ရှိပြီးသား အရှေ့-အနောက်လမ်းတွေကို တောင်-မြောက် လမ်းမကြီးများနှင့် ဆက်သွယ်နိုင်တဲ့ လမ်းမကြီးတွေအဖြစ် ပြောင်းလဲပြင်ဆင်ပေးရပါမယ်။

ဒီလိုဆောင်ရွက်ဖို့ဆိုရာမှာလည်း ရန်ကုန်မြို့ကြီးတစ်ခုလုံးမှာ တစ်ပြိုင်တည်းဆောင်ရွက်ဖို့ဆိုတာဟာလည်း မဖြစ်နိုင်ပါဘူး ။ နေရာဒေသအလိုက် တစ်နေရာပြီးတစ်နေရာ အကောင်အထည်ဖော်သွားတဲ့ နည်းဗျူဟာကို သုံးစွဲရပါမယ်။

**အရှေ့-အနောက်လမ်း ဆက်သွယ်ရေးအတွက် လေ့လာခြင်း**

ဘုရင့်နောင်လမ်း၊ ဗဟိုလမ်း၊ အင်းစိန်လမ်းစတာတွေဟာ တောင်နဲ့မြောက် လမ်းတွေပါ။ လှိုင်မြို့နယ်ပတ်ဝန်းကျင်မှာအဲဒီလမ်းသုံးသွယ်ကို အရှေ့-အနောက်ဆက်သွယ်ပေးတာက ပါရမီလမ်း၊ အုတ်ကျင်းဘုတာရုံလမ်းနဲ့ လှိုင်ဘူတာရုံလမ်း သုံးခုပဲရှိပါတယ်။လှိုင်ဘူတာရုံလမ်းနဲ့ အုတ်ကျင်းဘူတာရုံလမ်းအကြား ဘုရင့်နောင်လမ်းရဲ့ အနောက်ဘက်ခြမ်းမှာ သီရိမင်္ဂလာဈေးရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့ ဈေးကြီးတွေထဲက အဓိက ဈေးကြီးတစ်ခုဖြစ်လို့ အလွန်စည်ကားပြီး



မြကန်သာလမ်းနှင့်သံလမ်းတို့ဟာ ဗဟိုလမ်းမှာ ဆုံနိုင်တဲ့အခြေအနေရှိပေမယ့် မီးရထားလမ်းက ကန့်လန့်ပိတ်ထားသလိုဖြစ်နေတာကိုတွေ့ရပုံပါ။ ရထားလမ်းကိုဖြတ်ပြီး မြကန်သာလမ်းနဲ့ သံလမ်းကို အလွယ်တကူဆက်နိုင်တာကို ပြထားတဲ့ပုံပါ။

ကုန်ပစ္စည်းသယ်တဲ့ မော်တော်ယာဉ်တွေလည်း အတော်များပါတယ်။ အဲဒီဈေးကထွက်လာတဲ့ ကားကြီး ကားငယ် အားလုံးဟာ အင်းစိန်လမ်းပေါ်ကို တက်ချင်ရင် လှိုင်ဘူတာရုံလမ်း၊ အုတ်ကျင်းဘူတာရုံလမ်းနဲ့ ပါရမီလမ်းကို အဓိကသုံးကြရပါတယ်။

ဘုရင့်နောင်ဈေးဘက်က ကားကျပ်လေ့ရှိတာကြောင့် အဲဒီဘက်အထိ မသွားကြဘဲ ပါရမီလမ်းနဲ့ အုတ်ကျင်းဘူတာရုံလမ်းက သွားကြတာများပါတယ်။အဲဒီကားတွေအပြင် ကျောင်းဖွင့်ရက်တွေမှာ မြကန်သာလမ်းဘေးမှာရှိတဲ့ ISM ကျောင်းကိုလာကြတဲ့ကျောင်းကားအများစုဟာ အုတ်ကျင်းဘူတာရုံလမ်းကကွေ့ဝင်လာပြီး မြနန္ဒာလမ်းမတိုင်း ISM အရောက်သွားကြတာဖြစ်လို့ အုတ်ကျင်းဘူတာရုံလမ်းနဲ့ မြနန္ဒာလမ်းပေါ်မှာအမြဲကားကျပ်ပြီး လမ်းပိတ်လေ့ရှိပါတယ်။

အလားတူပဲ လှိုင်ဘူတာရုံလမ်းပေါ်မှာလည်း ဘုရင့်နောင်လမ်းကနေ တက်တဲ့ကားနဲ့ အင်းစိန်လမ်းနဲ့ ဗဟိုလမ်းတွေက ဆင်းလာတဲ့ကားတွေကြောင့် ကားလမ်းပေါ်မှာ ကားပြည့်ပြီးပိတ်လေ့ရှိပါတယ်။ ဒီလိုဖြစ်ရတာဟာ တောင်မြောက်လမ်းမကြီးတွေကိုဆက်သွယ်ပေးတဲ့ အရှေ့-အနောက်လမ်းအရေအတွက် နည်းနေလို့ဖြစ်ပါတယ်။

> လှိုင်ဘူတာရုံလမ်းပေါ်မှာလည်း ဘုရင့်နောင်လမ်းကနေ တက်တဲ့ကားနဲ့ အင်းစိန်လမ်းနဲ့ ဗဟိုလမ်းတွေက ဆင်းလာတဲ့ကားတွေကြောင့် ကားလမ်းပေါ်မှာ ကားပြည့်ပြီး . . .

တကယ်လို့များ နောက်ထပ်လမ်းတစ်ခုလောက်ကို သီရိမင်္ဂလာဈေးကနေထွက်လာမယ့်ကားတွေနဲ့ တခြားကားတွေအတွက် အရှေ့-အနောက်လမ်းတစ်ခု ဖောက်ပေးနိုင်လိုက်ရင်ဆိုတဲ့အတွေးကြောင့် Google Map ကနေ လေ့လာလိုက်တော့ သီရိမင်္ဂလာဈေးထိပ်နားက မြကန်သာလမ်းမကြီးဟာ လေးလမ်းသွား လမ်းမကြီးဖြစ်ပြီးတော့ ဘုရင့်နောင်လမ်းဘက်ကနေ အရှေ့ဘက်ကို တက်လာပေမယ့် ဗဟိုလမ်းမရောက်ခင်မှာ ရထားလမ်းက တောင်-မြောက်ကန့်လန့်ဖြတ်သွားတာကြောင့် လမ်းဆုံးသွားတာကို တွေ့ရပါတယ်။

မြကန်သာလမ်းကိုသာ ရထားလမ်းကို ဖြတ်ပြီး ဆက်ဖောက်ပေးလိုက်နိုင်ရင် အင်းစိန်လမ်းက ဆင်းလာပြီး ဗဟိုလမ်းမှာဆုံးသွားတဲ့ သံလမ်းနဲ့ပါ ဆက်သွားနိုင်လို့ အင်းစိန်လမ်းအထိကိုပါ ရောက်သွားနိုင်တာကို တွေ့ရပါတယ်။ မြေပြင်အနေအထားကို လေ့လာတော့ မြကန်သာလမ်းမကြီးနဲ့ သံလမ်းဆက်နိုင်ဖို့ ဆိုတာ မခက်ခဲတာကို တွေ့ရပါတယ်။

ဒါကြောင့် အဲဒီလမ်းနှစ်ခုကို ရထားလမ်းဖြတ်ကျော်ပြီး ဆက်ပေးလိုက်မယ်ဆိုရင် သီရိမင်္ဂလာဈေးကနေ ဘုရင့်နောင်ခုံးကျော်တံတားအကြား ဘုရင့်နောင်လမ်းပေါ်မှာ ကားများပြီး ကြပ်နေတာလျော့နည်းသွားပါမယ်။

အလားတူ ဘုရင့်နောင်လမ်းနဲ့ ဗဟိုလမ်းအကြား ပါရမီလမ်းပေါ်နဲ့ အုတ်ကျင်းဘူတာရုံလမ်းပေါ် ကားကျပ်တာလျော့သွားပါမယ်။ ဒီလိုပဲ ဘုရင့်နောင်လမ်းနဲ့ဗဟိုလမ်းအကြား လှိုင်ဘူတာရုံလမ်းပေါ် ကားကျပ်တာတွေလျော့နည်းသွားပါမယ်။

**လုပ်သင့်တာကိုအမြန်လုပ်ကြရအောင်**

ပထမ အဆင့်အနေနဲ့ ထူးထူးခြားခြား ထပ်မံပြီး လမ်းသစ် ဖောက်စရာမလို၊ ထပ်ပြီး လမ်းချဲ့ထွင်ရန်မလိုဘဲ ရထားလမ်းကိုဖြတ်ကျော်ပြီး ကားလမ်းဆက်ပေးလိုက်ရုံနဲ့ အရှေ့-အနောက်လမ်းတစ်ခုပေါ်လာမှာဖြစ်သလို ဘုရင့်နောင်လမ်း၊ ဗဟိုလမ်း၊ အင်းစိန်လမ်း၊ သုံးလမ်းစလုံးကို ဆက်သွယ်ပေးမည့် လမ်းတစ်ခုကို ကုန်ကျစရိတ်နည်းနည်းနဲ့ ရနိုင်မှာဖြစ်ပါတယ်။

အခုတင်ပြချက်ဟာ ကုန်ကျစရိတ်အနည်းဆုံးနဲ့ အရှေ့-အနောက်လမ်းတစ်ခု ပေါ်လာစေနိုင်တာကို ဦးစွာ ရွေးချယ်တင်ပြထားတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်လိုက်တဲ့အတွက် -

(၁) မူလက ယာဉ်လမ်းကြောင်းပိတ်ဆို့ကျပ်ညပ်နေတဲ့ သီရိမင်္ဂလာဈေးကနေ ဘုရင့်နောင်လမ်းပေါ်မှာရှိသော ပါရမီလမ်းပွိုင့်အထိ လမ်းကြပ်ပိတ်ဆို့မှု။

(၂) ဘုရင့်နောင်လမ်းနှင့် ဗဟိုလမ်းအကြား အုတ်ကျင်းဘူတာရုံလမ်းမှာ ပိတ်ဆို့လမ်းကြပ်မှု။

(၃) ဘုရင့်နောင်လမ်းနှင့် ဗဟိုလမ်းအကြား လှိုင်ဘူတာရုံလမ်း (ကမာရွတ်ဘူတာရုံလမ်း)မမှာ ပိတ်ဆို့ လမ်းကျပ်မှုတွေဟာ သိသိသာသာ လျော့ကျသွားစေနိုင်မှာဖြစ်ပါတယ်။ အခုတင်ပြသလိုပဲ စရိတ်အနည်းဆုံးနဲ့ ဆက်သွယ်နိုင်မည့် အရှေ့-အနောက်လမ်းများကို တစ်ခုပြီးတစ်ခု ပြင်ဆင်ဖောက်လုပ်ပေးလိုက်နိုင်မယ်ဆိုရင် တောင်-မြောက်လမ်းကြီးတွေပေါ်မှာ ယာဉ်ကြောပိတ်ဆို့ကျပ်ညပ်မှုကို အထိုက်အလျောက် ဖြေရှင်းပေးနိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

## မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ် လျှပ်စစ်မီးလင်းရေးနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၅**
ကရင်ပြည်နယ် နယ်စပ်မြို့ဖြစ်သည့် မြဝတီမြို့ လေးကေ့ကော်မြို့သစ်နှင့် ပတ်ဝန်းကျင်ကျေးရွာသုံးရွာ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးခွဲရုံဖွင့်ပွဲနှင့် မြဝတီမြို့ပေါ် ရပ်ကွက်ရှိ အမှတ် (၂) အခြေခံပညာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးခဲ့သော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးခွဲရုံအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ KNU (ကရင်အမျိုးသားအစည်းအရုံး) ဥက္ကဋ္ဌ စောမူထူးစေးဖိုးနှင့် အဖွဲ့၊ Green Alliance Energy ကုမ္ပဏီမှ Chair Man ဒေါက်တာဇော်မင်းအောင်နှင့် အဖွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်အား ပြည်တွင်း စစ်ဘေးရှောင်ပြည်သူများအား ပြန်လည်နေရာချထားရေးအတွက် ပြည်နယ်တွင် တည်ဆောက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်များကို အထောက်အကူဖြစ်စေရေး၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ပြည်သူလူထုအနေဖြင့် လက်တွေ့ခံစားနိုင်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ အကောင်အထည်ဖော်ခဲ့ကြောင်း၊ လေးကေ့ကော်မြို့သစ်လျှပ်စစ်မီးလင်းရေးတွင် လေးကေ့ကော်မြို့သစ်နှင့် ပတ်ဝန်းကျင်ကျေးရွာသုံးရွာအတွက် လျှပ်စစ်မီးပေးနိုင်ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြဝတီမြို့ အမှတ် (၂) ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

အဆိုပါ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းသား ကျောင်းသူဦးရေ ၇၀၀ ကျော်ရှိပြီး ပေ ၁၂၀၊ ပေ ၃၀ ရှိ RCC နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မြဝတီမြို့တွင် နယ်စပ်မြို့အဂ်ါရပ်နှင့် လျော်ညီမှုရှိရေး၊ သောင်းရင်းခန်းမ အကြီးစားဆင်ပြင်မှု ပြုလုပ်နိုင်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးဇုန်၏ သွင်းကုန်၊ ထုတ်ကုန် အခြေအနေများအား ဒေသဖွံ့ဖြိုးရေးအတွက် စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ပိတ်ပွဲနှင့်ဆုပေးပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၅**
ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၂၃ ရက် ညနေ ၆ နာရီက မီးပုံးပျံအဝေရာကုန်းသာယာကွင်း၌ ကျင်းပခဲ့သည်။

ဆုပေးပွဲကိုကျင်းပရာတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က ပထမရရှိသော ညမီးကြီးပထမဆုကို ဆုဖလားနှင့် ငွေသားများ ချီးမြှင့်ခြင်း၊ ဆုရရှိသည့် နေ့လွှတ်အရုပ် စိန်နားပန်၊ ဓာတ်ပုံဆုများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးပုံးပျံပညာရှင်များ၊ ပညာရေးကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆုရရှိသူများနှင့် ပြည်သူလူထုများတက်ရောက်အားပေးခဲ့ကြသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ထန်တလန်မြို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ



**ထန်တလန် နိုဝင်ဘာ ၂၅**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်ဝန်ကြီးများအဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ထန်တလန် မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့က အမှာစကားပြောကြားပြီး ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီယို၊ ပြည်နယ်စည်ပင်သာယာရေး၊ စက်မှုလက်မှုနှင့် လျှပ်စစ်ဝန်ကြီး ဦးစိုးထက်တို့က ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ အခမ်းအနားတက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေးကိစ္စများတင်ပြမှုအပေါ် တာဝန်ရှိသူများက ဖြေကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ မြို့မိမြို့ဖများ၊ စည်ပင်ကော်မတီဝင်များ နိုင်ငံရေးပါတီများ၊ NGO,INGO များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အိမ်တွင်းအလှဆင်နှင့် အထည်အလိပ်၊ အဝတ်အထည် လုပ်ငန်းရှင်များအား ကူညီမည့် အစီအစဉ်များ ရှင်းလင်းဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၂၅**
နယ်သာလန်နိုင်ငံ Centre For the Promotion of Inports From Developing Countries (CBI) အဖွဲ့မှ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပို့ကုန်မြှင့်တင်ရေးအစီအစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အိမ်တွင်းအလှဆင်နှင့် အထည်အလိပ်၊ အဝတ်အထည်လုပ်ငန်းရှင်များအား ကူညီပံ့ပိုးမည့်အစီအစဉ် ရှင်းလင်းပွဲနှင့် အကူအညီများ လျှောက်ထားနိုင်ရန် နည်းလမ်းများ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး နယ်သာလန်နိုင်ငံ (CBI) အဖွဲ့ဒေသဆိုင်ရာ တာဝန်ခံက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အိမ်တွင်းအလှဆင်နှင့် အထည်အလိပ်အဝတ်အထည်လုပ်ငန်းများအား ကူညီပံ့ပိုးမည့် အစီအစဉ် အကူအညီရရှိသောလုပ်ငန်းရှင်များ အနေဖြင့် လေးနှစ်တာ အကူအညီရရှိမည်ဖြစ်ပြီး ပထမ နှစ်နှစ်တွင် ဥရောပနိုင်ငံ ၂၈ နိုင်ငံသို့ ခေါ်ဆောင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာများ သင်ကြားရေး အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျန်နှစ်နှစ်တွင် ဥရောပသမဂ္ဂနိုင်ငံများရှိ ကုန်စည်ပြပွဲများသို့မိမိတို့၏ ထုတ်ကုန်များ ပြသနိုင်ရေး၊ ဈေးကွက်ရရှိရေး ဆက်လက်ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ အမရပူရမြို့နယ်ရှိ ချည်ထည်လုပ်ငန်းရှင်များ၊ ဝမ်းတွင်းမြို့နယ်မှ အဝတ်အထည် လုပ်ငန်းရှင်များတက်ရောက်ကြပြီး တက်ရောက်သူများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။
**သီဟကိုကို(မန္တလေး)**

## မြို့ပြအင်ဂျင်နီယာ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ပြုလုပ်

**မန္တလေး နိုဝင်ဘာ ၂၅**
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး)တို့နှင့် မြန်မာမြို့ပြအင်ဂျင်နီယာများအသင်း (စင်ကာပူ) တို့ပူးပေါင်း၍ မြို့ပြအင်ဂျင်နီယာ နည်းပညာဆိုင်ရာဆွေးနွေးပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆×၂၇ လမ်းကြား ၇၁ လမ်းရှိ မြို့တော်ခန်းမတွင် ပြုလုပ်သည်။

ယင်းနောက် မြန်မာမြို့ပြအင်ဂျင်နီယာများအသင်း (စင်ကာပူ) မှ ဦးဝင်းမော်၊ ဒေါ်ခင်နှင်းရီ၊ ဦးစန်းနွယ်၊ ဒေါ်သန္တာလင်းနှင့် ဦးအောင်ကျော်သိုက်တို့က မြို့ပြအင်ဂျင်နီယာဆိုင်ရာ ပညာရပ်များကို အသီးသီးဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းဆွေးနွေးပွဲသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး)၊ မြန်မာမြို့ပြအင်ဂျင်နီယာများအသင်း(စင်ကာပူ) တို့မှ တာဝန်ရှိသူများနှင့် အင်ဂျင်နီယာများ၊ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**



## ဘုရားဆင်းတုတော်များနှင့် တရားနာနိုင်မည့် MP-3 စက်များလှူဒါန်းမည်

**မုံရွာ နိုဝင်ဘာ ၂၅**
ရွှေဆံပင်ဆရာတော်ဦးဆောင်ကျင်းပမည့် ကချင်ပြည်နယ် ပူတာအိုကောင်းမှုလုံတရားပွဲတွင် ကျပ်သိန်း ၃၀ ကျော် တန်ဖိုးရှိသည့် ဘုရားဆင်းတုတော်များနှင့် MP-3 စက်များကို ဒေသခံတရားနာသူများကို မဲချလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် ပူတာအိုကောင်းမှုလုံဘုရားကြီးဓမ္မာရုံ၌ ရွှေဆံပင်ဆရာတော်ဦးဆောင်၍ နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပမည့် ကထိန်အောင်ပွဲအလှူ ပစ္စည်းလေးပါးအလှူ ရွှေဆံပင်ခန္တီးလုံဓမ္မာရုံ ရေစက်ချအလှူအကြိုဓမ္မသဘင်တွင် ကျပ်သိန်း ၃၀ ကျော်ဖိုးရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ တရားနာရသည့် MP-3 စက်အစုံ ၁၂၀ နှင့်ပစ္စည်းများကိုမဲချလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"တရားပွဲမှာအထူးအစီအစဉ်အဖြစ် ခရစ်ယာန်ကနေ ဗုဒ္ဓဘာသာကို ကိုယ့်သဘောနဲ့ကိုယ် တရားဝင်ကူးပြောင်းမယ့်သူ ၁၇ ဦး ရှိပါတယ်" ဟု ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လက မိန့်သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

**မီးဘေးရှောင် မလောင်ခင်တား**

# စိန်ရတုအလွန် ပန်းချီပြပွဲနှင့် အသက် ၈၅ နှစ်အထက် ပန်းချီပညာရှင်များ သက်ကြီးပူဇော်ပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၅**

အသက် ၇၅ နှစ်နှင့် အထက်ပန်းချီပညာရှင်ကြီးများ၏ တတိယအကြိမ်မြောက် စိန်ရတုအလွန် ပန်းချီပြပွဲနှင့် အသက် ၈၅ နှစ်အထက် ပန်းချီပညာရှင်များ သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပန်းချီဆရာကြီး ဦးစောလှိုင်၏ ဧရာဝဏ်ပန်းချီပြခန်း၌ကျင်းပသည်။

"သက်ကြီး ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေ စုစည်းပြီး ပြသတဲ့ပြပွဲအပြင် အခုလို ခေတ်အဆက်ဆက်ကို ဦးဆောင်ပါဝင်ဖြတ်သန်းခဲ့ပြီး အနုပညာအပေါ် သစ္စာရှိရှိယုံကြည်ချက်ကြီးမားစွာနဲ့ လျှောက်လှမ်းနေကြတဲ့ ပန်းချီပညာရှင်ကြီးတွေကို အသိအမှတ်ပြု ဂုဏ်ပြုတဲ့ပွဲဖြစ်ပါတယ်။ တခြား နယ်ပယ်တွေမှာ သက်ကြီးပူဇော်ပွဲတွေရှိပေမယ့် ပန်းချီမှာက မရှိသေးဘူး၊ နောင်လာနောက်သား လူငယ်တွေ အစဉ်အလာတစ်ရပ် အနေနဲ့ ကျင်းပလာအောင် နှိုးဆော်တာလည်း ဖြစ်ပါတယ်" ဟု စိန်ရတုအလွန်ပြပွဲကော်မတီမှ ဦးလှတင်ထွန်းက ပြောသည်။

ယနေ့အခမ်းအနားတွင် အသက် ၈၆ နှစ်မှ ၉၂ နှစ်အထိ သက်တော်ရှည် ပန်းချီဆရာကြီးများ ဖြစ်ကြသည့် ဆရာကြီးဦးသက်ညွန့်၊ ဆရာကြီး ဒေါက်တာဦးလွန်းကြွယ်၊ ဆရာကြီး ဦးတင်ဦး(ROXY)၊ ဆရာကြီး ဦးမြဟန်တို့အား တက်ရောက်လာသူများက အမှတ်တရလက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထို့နောက် ပြပွဲသို့ တက်ရောက်လာသူများအား ပန်းချီဆရာကြီးများ၏ လက်ရာပန်းချီကားများ၊ ဧရာဝဏ်ပြခန်းမှ ထုတ်ဝေသည့် စာအုပ်များ၊ ပို့စကတ်များကို မဲနှိုက်၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးခဲ့သည့်အပြင် ပန်းချီဆရာကြီးများက ကိုယ်တိုင်ပန်းချီရေးဆွဲ၍ ပန်းချီရေးဆွဲနည်းများကို ပြန်လည်မျှဝေပေးခဲ့ကြသည်။

ဧရာဝဏ်ပန်းချီပြခန်း၌ နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ အသက် ၇၅ နှစ်အထက် ပန်းချီဆရာကြီး ၄၃ ဦး၏ ပန်းချီကားများကို ပြသထားမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

စိန်ရတုအလွန်ပန်းချီပြပွဲကို ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ်ကျင်းပခဲ့ပြီး ယနေ့ပြုလုပ်သည့်ပြပွဲသည် တတိယအကြိမ်မြောက် ကျင်းပသည့် ပြပွဲဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

# အရည်အသွေးကောင်း ဥဿမွှေးစပါးကွင်းပြပွဲ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီး ကြည့်ရှုအားပေး

**ဟင်္သာတ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် အရည်အသွေးကောင်း ဥဿမွှေးစပါး ကွင်းပြပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီက စိုက်ပျိုးရေးဦးစီးဌာန တံခွန်တိုင်မျိုးသန့်ခြံ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။



အဆိုပါကွင်းပြပွဲတွင် မျိုးစေ့ထုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးက ဥဿမွှေးစပါးသည် ထူးခြားကောင်းမွန်သောလက္ခဏာ၊ အရည်အသွေး၊ ရာသီဉတုဒဏ်ခံနိုင်မှုနှင့် ထွက်နှုန်းကောင်းမွန်မှုကြောင့် စိုက်ပျိုးသင့်သည့် မျိုးစပါးဖြစ်ကြောင်းကို တိုက်တွန်းပြောကြားပြီး တံခွန်တိုင်မျိုးသန့်ခြံရှိ အရည်အသွေးကောင်း ဥဿမွှေးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ဥဿမွှေးစပါးသည် ဧည့်မထမျိုးအုပ်စုဝင်ဖြစ်ပြီး အပင်အမြင့် ၄ ပေ အထက်နှင့် အနှံ့ပင်ပွား ၈ ပင်အထက်ရှိကြောင်း၊ နိုဝင်ဘာလကုန်ရက်တွင် ရိတ်သိမ်းရပြီး တစ်ဧကအထွက်နှုန်း တင်း ၇၀ မှတင်း ၉၀ ကြားထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ကန့်ဘလူ၌ သင်္ချာနှင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ကန့်ဘလူ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်္ချာစွမ်းရည်မြင့်မားရေး ရည်ရွယ်ချက်ဖြင့် မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို ကန့်ဘလူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။

အဆိုပါစွမ်းရည်ပြိုင်ပွဲသို့ တစ်မြို့နယ်လုံးရှိ အထက၊ အလက နှင့် အမက ကျောင်းပေါင်း ၂၉၂ ကျောင်းမှ စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းတို့မှ ကျောင်းသား ကျောင်းသူ ၆၄၀ ဝင်ရောက်ဖြေဆိုကြကြောင်း ပြိုင်ပွဲကြီးကြပ်သူ လက်ထောက်ပညာရေးမှူး ဦးမိုးကျော်အောင်က ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း X-Gym Groupမှ လူငယ်မောင်မယ် ၁၀၀၀ ခန့် စုပေါင်း၍ နိုဝင်ဘာ ၂၄ ရက် နံနက်က ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သိရသည်။ ကျော်ကျော် (စက်မှုတက္ကသိုလ်)

## တိုတိုထွာထွာဖတ်စရာ

### မြေပုံမြို့၌ ကရဝိက်ဖောင်တော်မျှော မီးပူဇော်ပွဲကျင်းပ

**မြေပုံ**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့၌ တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယဆီမီးပူဇော်ပွဲ ကရဝိက်ဖောင်တော်မျှော မီးပူဇော်ခြင်းကို နိုဝင်ဘာ ၂၄ ရက် ည ၁၀ နာရီ ၉ မိနစ်က မြေပုံမြစ်အတွင်း ဆင်ယင်ကျင်းပသည်။

တန်ဆောင်မုန်းလ၌ ကရဝိက်ဖောင်မျှော ဗုဒ္ဓပူဇနိကပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကရဝိက်ဖောင်တော်မျှော မီးပူဇော်ပွဲတွင် ဖောင်မမျှောမီ နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တွင်လည်း မြေပုံမြစ်အတွင်း အပူဇော်ခံထားရှိကာ ဆီမီးလာရောက်ပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ဒဂုံမြို့သစ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များစစ်ဆေး

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အမှတ် (၆) ရပ်ကွက် ကျန်စစ်သားလမ်းနှင့် မင်းရဲကျော်စွာလမ်း၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီက မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်း ၁၆ ဦးတို့က လိုင်စင်မဲ့မော်တော်ယာဉ်စစ်ဆေးပြီး စည်းကမ်းနှင့် မညီညွတ်သည့် မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပဉ္စမအကြိမ် ချေးငွေပြန်လည်ထုတ်ချေးနိုင်ရေး ဆွေးနွေး

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ်ပြန်လည်ထုတ်ချေးနိုင်ရေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက နမ့်ပိန်းလင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မြို့နယ်ကျေးလက်ဦးစီးမှူးဦးမိုးအောင်က စီမံကိန်းချေးငွေကို သတ်မှတ်ကာလအတွင်း အချိန်မီပြန်လည်ပေးဆပ်နိုင်ခဲ့သဖြင့် စီမံကိန်းချေးငွေလည်ပတ်ပြီး ပဉ္စမအကြိမ် ပြန်လည်ထုတ်ချေးရန် ပြင်ဆင်ဆောင်ရွက်နေကြောင်းနှင့် ကျေးရွာပြည်သူလူထုမှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

### မြစ်သားမြို့တွင် ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် အေးရွာကျေးရွာတွင် ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲကို အခြေခံပညာမူလတန်းကျောင်း (အေးရွာ) ၌ နိုဝင်ဘာ ၂၃ ရက်က ကျင်းပသည်။

ကျေးရွာစီမံကိန်းဆောင်ရွက်ရာတွင် ကျေးရွာများမှ အိမ်ခြေအိမ်ထောင်စုများအလိုက် မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်၍ ကော်မတီ ဖွဲ့စည်းရန်၊ လုပ်ငန်းများနှင့် ငွေစာရင်းထိန်းသိမ်းနည်းများ ကြိုတင်သိရှိစေရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ရှင်းလင်းသည်။

**မြို့နယ်(ပြန်/ဆက်)**

### နတ်မောက်မြို့နယ်တွင် လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၅ မိုင်နှင့် ၁၁ ဒသမ ၀၄ ကေဗွီ ထရန်စဖော်မာ ၃၁၅ ကေဗွီအေတစ်လုံး တည်ဆောက်ပေးနိုင်ခဲ့ပြီး နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၅ မိုင်နှင့် ၁၁ ဒသမ ၀၄ ကေဗွီ ထရန်စဖော်မာ ၃၁၅ ကေဗွီအေတစ်လုံး တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ကျေးရွာရှိ အိမ်ထောင်စု ၂၅၆ စုအား ဗို့အားပြည့်ဝစွာဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဇော်ဇော် (မြို့သစ်)**

### လေးအိမ်တန်း ဆိပ်ကမ်းတာပေါင်လမ်း ကွန်ကရစ်ခင်း

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ လေးအိမ်တန်းတာပေါင်လမ်းကို ကွန်ကရစ်လမ်းအဖြစ် စတင်ခင်းကျင်းမှုကို နိုဝင်ဘာ ၂၃ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။

လေးအိမ်တန်းဆိပ်ကမ်းတာပေါင်လမ်းကြီး၏ အရှည်မှာ ပေ ၉၀၀၀ ခန့် ရှည်လျားပြီး အကျယ် ၁၆ ပေ၊ အမြင့် ရှစ်လက်မဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်**

# စိတ်ပျိုကိုယ်နု ကျန်းမာခြင်း သုခအဖုံဖုံ ပြည့်စုံစေဖို့

ထက်ဝေအောင် (စစ်ကိုင်း)

## အိုမင်းမစွမ်း

လူနေမှုဘဝများစွာတွင် စိတ်ဖိစီးမှုသည် နေ့စဉ်ကြုံတွေ့နေရသော လက္ခဏာတစ်ခုဖြစ်ပါသည်။ တစ်နည်းမဟုတ်တစ်နည်း စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာများ မလွဲမသွေ ကြုံတွေ့ရလျက်ရှိပါသည်။ စိတ်အို၊ ရုပ်အိုဖြင့် ပျင်းရိစွာ ဘဝကိုဖြတ်သန်းနေထိုင်ရခြင်းက အသက်ရှင်သန်လျက် သေဆုံးနေသည့်ပမာတူလှပါသည်။ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းသဖြင့် ရုပ်ပိုင်းဆိုင်ရာမှာလည်း အိုမင်းမစွမ်းဖြစ်လာပါသည်။ ထိုမှတစ်ဆင့် ဆက်စပ်ရောဂါများစွာ တရစပ်ဝင်လာနိုင်ပုံကိုလည်း သတိချပ်သိအပ်နိုင်ပါသည်။

ထို့ကြောင့် အမှုမဲ့အမှတ်မဲ့ နေထိုင်စားသောက်မှုပုံစံများကို လေ့လာစောင့်ကြည့်ရန် လိုအပ်လှပါသည်။ ကျန်းမာရေးအထောက်အကူပြု နေထိုင်စားသောက်မှုပုံစံဟုတ်-မဟုတ် မိမိသာလျှင် ဦးဦးဖျားဖျားသိနိုင်သူဖြစ်ပါသည်။ အမှုမဲ့အမှတ်မဲ့နေသည်ထက် အမှတ်စိပ်စိပ်နေသည်က အရာရာကို ကောင်းစွာထိုးထွင်းမြင်နိုင်ပါသည်။ သတိမမူ ဂူမမြင် ဆိုရိုးစကားရှိပါသည်။ သတိမူက ဂူမက မြေမှုန်ကလေးကအစ ထဲထဲဝင်ဝင်မြင်သိနိုင်ပါသည်။

ကျန်းမာစွာ ရှင်သန်နေထိုင်ရေးက အရေးကြီးလှပါသည်။ မကျန်းမာမှုကို ကျန်းမာစွာ နေထိုင်လှုပ်ရှားခွင့်ရနေစဉ် သိရှိနိုင်လိမ့်မည်မဟုတ်ပေ။ ကျန်းမာရေးသည် ထူးခြားသော လာဘ်ကြီးတစ်ပါးဖြစ်ပါသည်။ ကျန်းမာရေးကောင်းမွန်မှသာ လူမှုပတ်ဝန်းကျင်တွင် ပျော်ရွှင်စွာ ဖြတ်သန်းနေထိုင်နိုင်မည်ဖြစ်ပါသည်။

## စိတ်နှင့်ကိုယ် မျှတသောဝန်

လူတိုင်းနီးပါး မိသားစုစားဝတ်နေထိုင်ရေးအတွက် ပိုက်ဆံရှာဖွေရသည့်အလုပ်ကို ပြုလုပ်နေကြရပါသည်။ အလုပ်ကြိုးစားမှုကတစ်ပိုင်း၊ ကျန်းမာရေးကတစ်ပိုင်း အပိုင်းနှစ်ပိုင်းခွဲခြားနိုင်လျှင် ပိုမိုအဆင်ပြေသည်ဟု မြင်မိပါသည်။ အလုပ်စားပွဲတွင် အထိုင်ကြာလာသည်နှင့် ခြေဆန့်လက်ဆန့် ပြုလုပ်ပေးရပါမည်။စိတ်နှင့်ကိုယ်မှာ လေးလံလာပါက လမ်းထလျှောက်ပေးရပါမည်။ သို့မှသာ စိတ်နှင့်ကိုယ်သည် မျှတသောဝန်ကို ထမ်းဆောင်နိုင်လိမ့်မည် ဖြစ်ပါသည်။

စိတ်ပျိုက ကိုယ်နုနိုင်ပါသည်။ စိတ်ထားတတ် မြတ်၏။ စိတ်နှင့်သက်ဆိုင်သော ဆိုရိုးစကားများကို အလေးမြတ်ထားလျက် စိတ်ကျန်းမာရေးကို အလေးပေးလုပ်ဆောင်သင့်လှပါသည်။ စိတ်တည်ငြိမ်မှုသည် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပါသည်။ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများက လူ၏ကျန်းမာရေးကို မလွဲမသွေ ထိခိုက်စေပါသည်။ စိတ်ခံစားမှုနှင့် အာရုံခံစားနိုင်သည့် ကိုယ်ခန္ဓာအစိတ်အပိုင်းများက ဆက်စပ်လျက်ရှိသောကြောင့် ဖြစ်ပါသည်။ လူနေမှုပြဿနာများစွာကလည်း စိတ်အခြေအနေကို ပြောင်းလဲစေနိုင်ပါသည်။ ထိုအခြေအနေများမှ လွတ်မြောက်နိုင်ရန် လူအချင်းချင်း နွေးထွေးစွာ ကူညီရိုင်းပင်းမှု၊ အပြန်အလှန် စာနာနားလည်ပေးနိုင်မှုက အရေးကြီးလာပါသည်။

## ဆိုးကျိုးကိုဖြစ်စေသော ရန်စွယ်တစ်ခု

ယနေ့ လူ့အသိုင်းအဝိုင်းတွင် စိတ်ဖိစီးစေသည့် အကြောင်းအရာများစွာရှိနေပါသည်။ ငွေရေးကြေးရေး၊ အလုပ်တာဝန်၊ မိသားစုအရေး၊ ပတ်ဝန်းကျင်အရေး၊ မပြီးဆုံးနိုင်သည့် အတိတ်က စိတ်ဒဏ်ရာများစွာက လူကို စိတ်ဖိစီးစေပါသည်။ စိတ်ဖိစီးလာသည်နှင့် နှလုံးခုန်မြန်လာခြင်း၊ အသက်ရှူမြန်လာခြင်း၊ သွေးဖိအားတိုးလာစေခြင်းတို့ကို ဖြစ်ပွားစေပါသည်။ အမှားအမှန် ခွဲခြားသိနိုင်ရန် ခက်ခဲလာသလို စိတ်အနှောင့်အယှက်များစွာ စုပုံလာပြီး ကိုယ်ရောစိတ်ပါ မကျန်းမမာဖြစ်လာနိုင်ပါသည်။ စိတ်ဖိစီးမှုသည် ဆိုးကျိုးကိုဖြစ်စေသော ရန်စွယ်တစ်ခုဟု သတ်မှတ်ရမည်ဖြစ်ပါသည်။

နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရသည့် စိတ်ဖိစီးမှုများကို လျှော့ချသွားရန် လိုအပ်လှသည်။ လူတစ်ဦးစီ၏ ကိုယ်ရည်ကိုယ်သွေး မတူညီကြသဖြင့် စိတ်ဖိစီးမှုလက္ခဏာမှာလည်း တူညီနိုင်မည်မဟုတ်ပေ။ အချို့က ခံနိုင်ရည်ရှိသည်။ ပင်ကိုစိတ်ဓာတ်က မာကျောသည်။ အချို့က စိတ်ဓာတ်ပျော့ညံ့လွယ်သည်။ ထိခိုက်ခံစားလွယ်သည်။ စိတ်တွင်ဖြစ်ပေါ်နေသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် အားနည်းသူများဖြစ်ကြသည်။ စိတ်ဖိစီးမှုများပြားလာလျှင် ကိုယ်ခန္ဓာတွင် လက္ခဏာများ ပြသတတ်ပါသည်။ ဆံပင်ကျွတ်ခြင်း၊ ကိုယ်အလေးချိန်ပုံမှန်မရှိခြင်း၊ စိတ်လှုပ်ရှားလွယ်ခြင်း၊ သည်းခံနိုင်စွမ်းနည်းပါးလာခြင်း၊ အိပ်မပျော်ဖြစ်ခြင်းနှင့် တစ်စုံတစ်ခုကို အချိန်ပြည့်နီးပါး စိတ်ရောက်တွေးတောနေခြင်းတို့ဖြစ်ပါသည်။

## စိတ်ထွက်ပေါက်ပေးသူများ

ယနေ့အချိန်တွင် စိတ်ဖိစီးမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းမျိုးစုံ အသုံးပြုလျက်ရှိကြပေသည်။ လွဲမှားသောအပြုအမူများဖြင့် စိတ်ထွက်ပေါက်ပေးသူများလည်း ရှိနေပါသည်။ လူသားမျိုးနွယ်စုတစ်ခုလုံး လူညွှန့်တုံးစေသည့် မူးယစ်ဆေးဝါးသုံးစွဲပြီး စိတ်ထွက်ပေါက်ပေးကြသည်။ အချို့က အရက်သောက်ကြသည်။ အချို့က ဆေးလိပ်နှင့်ကွမ်းကို တရစပ်သုံးစွဲကြသည်။ ထိုကဲ့သို့ လွဲမှားစွာ ထင်မြင်ယူဆထားသော နည်းလမ်းများက လူကို ကောင်းကျိုးပေးသည်ထက် ဆိုးကျိုးကို ပိုမိုဖြစ်ပွားစေခဲ့ပါသည်။

## စိတ်ဖိစီးမှုကို ကြီးစိုးစေ

လူတိုင်း စိုးရိမ်သောကနှင့် လည်ပင်းဖက်ကြီးပြင်းလာသူများ ဖြစ်ကြသည်။ တုန်လှုပ်စရာတွေ့လျှင် တုန်လှုပ်ကြပြီး စိတ်တည်ငြိမ်မှုမှာ ကန်ရေပြင် ဂယက်ထသည့်နှယ် လှုပ်ရှားလျက်ရှိပေသည်။ မမျှော်လင့်သောကိစ္စ၊ မျှော်လင့်ထားသောကိစ္စများအတွက် အထူးပင် တုန်လှုပ်ကြလေ့ရှိပါသည်။ စိုးရိမ်သောကဝင်လာလျှင် အရေးပေါ် ဖြေရှင်းနိုင်သည့် နည်းလမ်းအချို့ကို အသုံးပြုရမည်ဖြစ်သည်။ တွေးတောမှုကို ချက်ချင်းရပ်တန့်ပစ်ရမည်ဖြစ်သည်။ လက်ငင်းပြုလုပ်ရန် ခက်ခဲသော်လည်း အတွေးစိုးမိုးမှုကို ဖြတ်တောက်ရန်မှာ အရေးကြီးလှပါသည်။ အတွေးသည် စိတ်ဖိစီးမှုကို ကြီးထွားလာစေပါသည်။ စိတ်ဓာတ်ခွန်အားကိုလည်း လျော့ကျစေပါသည်။ မနက်ဖြန်အတွက် ကြိုတင်တွေးတောကြံဆခြင်းသည် ကောင်းမွန်သော်လည်း အတွေးလွန်ခြင်းသည် စိတ်ဖိစီးမှုကို ကြီးစိုးစေပြန်သည်။ အမှားများကို ကျူးလွန်စေနိုင်သည်။





## ကိုယ်လက်လှုပ်ရှား အားကစား

လက်ရှိအချိန်ကာလသည် အကောင်းဆုံးကာလဖြစ်သည်ကို ယုံကြည်နိုင်ရမည်။ မိမိကြိုတင်ပူဆွေးထားသည့် ကိစ္စမှာ စိုးရိမ်စရာမဟုတ်ကြောင်းနှင့် မိမိဖြေရှင်းနိုင်သည့် ကိစ္စတစ်ခုဖြစ်ကြောင်း လက်ခံနိုင်လာပါက စိတ်ဓာတ်ခွန်အား တိုးလာသည်ဟု ယုံကြည်ရမည်ဖြစ်သည်။ စိတ်ဓာတ်ခွန်အား ပိုမိုရရှိစေရန် လုံလောက်သော အနားယူအိပ်စက်မှု၊ ရေကောင်းရေသန့်၊ လေကောင်းလေသန့်နှင့် ဓာတုကင်းလွတ်သော အစားအသောက်များ စားသောက်ရန်နှင့် ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုပြုလုပ်ရန် လိုအပ်လှပါသည်။

ထို့ပြင် လုပ်ငန်းခွင်တွင် ဦးစားပေးလုပ်မည့်အပိုင်း၊ နောက်ချန်လုပ်ရမည့်အပိုင်းများကို ခွဲခြားသတ်မှတ်ပြီး အလုပ်ကို ပြီးမြောက်အောင်မြင်စေရပါမည်။ တစ်နေ့တာ လုပ်ငန်းနယ်ပယ်အတွင်း စိတ်ပင်ပန်းမှုမရှိဘဲ ပြီးမြောက်သောလုပ်ငန်းတာဝန်သည် နေ့သစ်များစွာအတွက် လန်းဆန်းတက်ကြွခြင်းကို ပေးစွမ်းနိုင်ပေသည်။ မိသားစုနှင့် နွေးနွေးထွေးထွေးနေထိုင်နိုင်ခြင်းကလည်း စိတ်ပင်ပန်းမှုကို လျော့နည်းသက်သာစေပါသည်။

## တည်ငြိမ်စေသောနည်းလမ်း

စိတ်ချမ်းသာမှုသည် ရွှေငွေနှင့်မလဲထပ်နိုင်သော တန်ဖိုးထုထည်ဖြစ်ပေသည်။ သူတစ်ပါးက မိမိကို စိတ်ဆိုးစေသောအပြုအမူကို တုံ့ပြန်နိုင်သောနည်းလမ်းမှာ မိမိ၏စိတ်ကို တည်ငြိမ်စေသောနည်းလမ်းဖြစ်ပါသည်။ ဖြည်းညင်းစွာ စိတ်ကိုငြိမ်သက်စေလျက် စိတ်အေးချမ်းမှုကို အရယူရမည်ဖြစ်ပါသည်။ ဆိုးနေသောစိတ်ကို ယဉ်ပါးအောင်ပြုလုပ်ခြင်းသည် သိမ်မွေ့လှသော်လည်း ပြုကျင့်ရန်မှာ ခက်ခဲလှပါသည်။ အကြိမ်ကြိမ်အဖန်ဖန် ပြုကျင့်ပါက ငြိမ်းချမ်းသော ဘဝကို ပိုင်ဆိုင်ရရှိနိုင်မည် ဖြစ်ပါသည်။ စိတ်အညစ်အကြေးကင်းစင်သော ဘဝဖြင့် စိတ်ထားတတ် မြတ်သော လူပုဂ္ဂိုလ်ပေါင်းများစွာ ပေါ်ထွန်းလာရေး လိုလားတောင့်တနေမိပါသည်။

လူတိုင်းစေ့ စိတ်ဖိစီးမှုလျော့နည်းစေရေး၊ အသက်ရှည်ကျန်းမာရေးအတွက် ကာံ၊ စိတ်၊ ဥတု၊ အာဟာရ ပြည့်စုံရန် အထူးလိုအပ်လှပါသည်။ ကာံ၊ စိတ်၊ ဥတု၊ အာဟာရ ပြည့်စုံရန်မှာမူ မိမိတို့ကိုယ်တိုင် ပြုကျင့်နေထိုင်ရမည် ဖြစ်ပါသည်။ စိတ်ကျန်းမာပြီး ကိုယ်ကျန်းမာစေရန် လုံလောက်သော အိပ်စက်အနားယူမှု ရှိရပါမည်။ ကိုယ်ခန္ဓာကျန်းမာရေးအတွက် လိုအပ်သော အစာအာဟာရ မှီဝဲသုံးစွဲရပါမည်။ ကိုယ်ကာယလေ့ကျင့်ခန်းတစ်ခု ပုံမှန်ပြုလုပ်သွားရပါမည်။ မူးယစ်စေသော အရက်သေစာ သောက်စားခြင်းမှ အထူးရှောင်ကြဉ်ကြရပါမည်။

စိတ်ဖိစီးမှုကို လက်မြှောက်အရှုံးမပေးသင့်ပါ။ လွယ်လွယ်ကူကူ အရှုံးမပေးသည့် စိတ်ဓာတ်သည် စိတ်ဖိစီးမှုပမာဏ အနည်းအများကို ကျော်လွှားနိုင်သည့် စိတ်အဆင့်အတန်းကို ဖြစ်စေပါသည်။ အကောင်းမြင်စိတ် မွေးမြူခြင်းဖြင့် စိတ်ပင်ပန်းမှုကို သက်သာစေပါသည်။ စိတ်ခွန်အားဖြည့် စာပေများများဖတ်ပေးသင့်ပါသည်။ စာအုပ်စာပေလူ့မိတ်ဆွေ ဆိုစကားအတိုင်း လက်တွေ့ကျကျ အကျိုးပြုလျက်ရှိပါသည်။ စာပေမှရရှိနိုင်သည့် စိတ်အာဟာရသည် ဗဟုသုတကို တိုးပွားစေပြီး မိမိကိုယ်တိုင် ပြောင်းလဲရန် ကြိုးစားလိုစိတ်ကို ဖြစ်ပေါ်စေပါသည်။ ဦးနှောက်၏ တွေးခေါ်နိုင်စွမ်းကို တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာစေပါသည်။ အမှားအမှန်၊ အဆိုးအကောင်းကို ကောင်းမွန်စွာ ခွဲခြားသိမြင်နိုင်စေပါသည်။

လူတိုင်း စိတ်ဖိစီးမှုမှ ကင်းဝေးစေချင်မိပါသည်။ စိတ်လှုပ်ရှားခြင်း၊ စိတ်တို၊ ဒေါသထွက်ခြင်းကို အလွယ်တကူ မပြုမူဘဲ စိတ်ကို သက်သောင့်သက်သာဖြစ်စေသင့်ပါသည်။ စိတ်အေးလျှင် ကိုယ်အေးနိုင်ပါသည်။ ရှေ့ဆက်လျှောက်လှမ်းရမည့် နေ့သစ်တိုင်းအတွက် အင်အားဖြစ်စေပါသည်။ သို့မှသာ မြတ်တရား၏ ဆိုဆုံးမမှုကို လိုက်နာလျက် သမထ၊ ဝိပဿနာ၊ ဘာဝနာတရားများနှင့် အလှမ်းမဝေးစွာ ခရီးဆက်နိုင်ပေလိမ့်မည်။

ထို့ကြောင့် ဘဝလမ်းခရီးတစ်လျှောက် စိတ်ဖိစီးမှုကင်းဝေးစေရေး မကောင်းမှုရှောင် ကောင်းမှုဆောင်လျက် စိတ်ကိုဖြူအောင်ထားရှိခြင်းသည် စိတ်ပျိုကိုယ်နုခြင်း၊ ကျန်းမာခြင်းသုခအဖုံဖုံ ပြည့်စုံစေပါကြောင်း နှိုးဆော်တိုက်တွန်း ရေးသားအပ်ပါသည်။

> “စိတ်ဖိစီးမှုကို လက်မြှောက် အရှုံးမပေးသင့်ပါ။ လွယ်လွယ်ကူကူ အရှုံးမပေးသည့် စိတ်ဓာတ်သည် စိတ်ဖိစီးမှုပမာဏ အနည်းအများ ကျော်လွှားနိုင်…”

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးအမှုဆောင်များအားကန်တော့



**ရန်ကုန် နိုဝင်ဘာ ၂၅**
သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း သက်ကြီးအမှုဆောင်များအား ကန်တော့ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် သက်ကြီးအမှုဆောင်များဖြစ်ကြသော ဥက္ကဋ္ဌဦးမြင့်ဆွေ (အငြိမ်းစား စာတည်းမှူးချုပ်-ကြေးမုံ)၊ ဒုတိယဥက္ကဋ္ဌ ဦးစံငြိမ်း (ဖြန့်ချိရေးမှူး-ငြိမ်း၊ NLM )နှင့် အမှုဆောင် ဦးစိန်ရွှေ (စာတည်း-ငြိမ်း၊ မြန်မာ့အလင်း) တို့အား ကန်တော့ကြခြင်းဖြစ်သည်။

ဆက်လက်၍ နှစ်ပတ်လည်သက်ကြီးပူဇော်ပွဲများတွင် နှစ်စဉ်မပျက် မတည်လှူဒါန်း အကူအညီပေးသော ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော် မိသားစု (ကျော်ညွန့်ရည်စာပေ) အား အသင်းဥက္ကဋ္ဌက ဝါကျွတ်လက်ဆောင်အဖြစ် သစ်သီးခြင်း လက်ဆောင်ပေးအပ်ခဲ့သည်။

၂၀၁၈ ခုနှစ်အတွက် အသင်းနှစ်စဉ်ကြေးပေးသွင်းရန်ကျန်ရှိသော အသင်းသားများနှင့် ကင်းကွာအသင်းသားများသည် အတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၀၉၄၂၀၁၀၁၃၈၉ နှင့် တွဲဖက်အတွင်းရေးမှူးဦးအေးသန်း ဖုန်း - ၀၉၆၉၇၂၇၁၁၆၈ သို့ ဆက်သွယ်ပေးသွင်းနိုင်ကြောင်းသိရသည်။

**ကိုဇော်**

# သောက်သုံးရေအခက်ကြုံနေသည့် စာသင်ကျောင်းများသို့ သောက်သုံးရေလှူဒါန်း

**ညောင်ဦး နိုဝင်ဘာ ၂၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့မင်းမေးကျေးရွာနှင့် သဲပြင်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် သောက်သုံးရေ ရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသဖြင့် နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ပရဟိတရေအလှူတော်အသင်းမှ ရေသယ်ယာဉ်များဖြင့် သွားရောက်လှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ် ငါ့မင်းမေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၄၈ ဦးအတွက် ရေဂါလန် ၁၅၀၀၊ သဲပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၁၁ ဦးအတွက် ရေဂါလန် ၁၅၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ညောင်လှကျေးရွာ စီးခံတဲတိုက်ရှိ အိမ်ခြေ ၃၄ အိမ်ရှိ ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန် ရေဂါလန် ၁၅၀၀ ကိုလည်း ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ကျောက်ဖြူ၌ တီထွင်ဆန်းသစ်မှုမဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းဖွင့်

**ကျောက်ဖြူ နိုဝင်ဘာ ၂၅**
"Idea Platform for Innovation & Strategy Development Training" တီထွင်ဆန်းသစ်မှု မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်စေရန် အကြံဉာဏ်များ အထောက်အပံ့ပေးသည့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျောက်ဖြူခရိုင် ရမ္မာဝတီခန်းမ၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ကျောက်ဖြူခရိုင်အတွင်းမှာရှိတဲ့ ကျောက်ဖြူ ရမ်းဗြဲ၊ မာန်အောင်နှင့် အမ်းမြို့နယ်တွေမှာ SME လုပ်ငန်းရှင် စုစုပေါင်း ၆၃၃ ခုရှိကြောင်း၊ မိမိဒေသ၏ အလားအလာရှိတဲ့ လုပ်ငန်းတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံခြင်းကနေ ဝင်ငွေတိုးတက်မှု ပိုမိုရရှိလာပြီး စီးပွားရေးဖွံ့ဖြိုးရေးတိုးတက်လာမှာဖြစ်ကြောင်း၊ ကော်ဖီဝိုင်ပြုလုပ်ခြင်း၊ အပူစွမ်းအင်မြင့် ထင်းမီးဖို တည်ဆောက်ခြင်း၊ အုန်းခွံမှ Fiber Board ထုတ်လုပ်ခြင်း၊ အုန်းသီးခွံမှ Activated Carbon ထုတ်လုပ်သည့် နည်းပညာစသည့် နည်းပညာ ၁၁ မျိုးကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၉ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ကျောက်ဖြူခရိုင်အတွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများ (SME) အတွက် သင်တန်းတက်ရောက်ခြင်းဖြင့် မိမိတို့လုပ်ငန်းများကို မိရိုးဖလာနည်းများအတိုင်း ဆောင်ရွက်လုပ်ကိုင်နေရာမှ ပိုမိုတီထွင် ဆန်းသစ်မှုရှိသည့် အတွေးအခေါ်များဖြင့် ဆောင်ရွက်နိုင်စေရန်နှင့် မိမိတို့၏ လုပ်ငန်းများအား စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# အကြိမ် (၁၀) မြောက်လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ မန္တလေးမြို့၌ကျင်းပ၊ စက်ဘီးစီးဝါသနာရှင်ပြည်သူ ၃၀၀ ကျော်ပါဝင်ဆင်နွှဲ

**မန္တလေး နိုဝင်ဘာ ၂၅**
မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ကကြီးမှူး၍ လစဉ်နောက်ဆုံးပတ်တွင် စက်ဘီးစီးနင်းပွဲ ကျင်းပလျက်ရှိရာ အကြိမ် (၁၀) မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို နိုဝင်ဘာ ၂၅ ရက်နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး ဦးဆောင်၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့မှ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီး အားကစားသမားများ၊ အား/ကာသိပ္ပံမှ စက်ဘီးစီးသမား ကျောင်းသား ကျောင်းသူများ၊ သက်ကြီး၊ သက်လတ်၊ သက်ငယ် စက်ဘီးစီး အားကစားဝါသနာရှင် ပြည်သူများ၊ ဝန်ထမ်းများ စုပေါင်းစက်ဘီးစီးနင်း ပါဝင်ဆင်နွှဲခဲ့ကြသူများသည် သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။



ယနေ့ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် စက်ဘီးအားကစားသမား ဝါနာရှင် သက်ကြီး၊ သက်လတ်၊ လူငယ်လူရွယ် ပြည်သူများ၊ ဝန်ထမ်းများအင်အား ၃၀၀ ကျော်တို့သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း ၆၂ လမ်းသို့၊ ထိုမှ သိပ္ပံလမ်းအထိ၊ ထိုမှ ၆၆ လမ်းအတိုင်း၊ ကျုံးတောင်ဘက် ၂၆ လမ်း တာလွှတ်စုရပ်နေရာအထိ ပျော်ရွှင်စွာ စက်ဘီးစီးနင်းခဲ့ကြသည်။

အဆိုပါ ပြည်သူလူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ်လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သည့် စက်ဘီးနှင့်မဆို ပါဝင်စီးနင်းဆင်နွှဲနိုင်ပါကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မန္တလေးမြို့တွင် နိုင်ငံတကာရူပဗေဒဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**
မြန်မာ့ပညာရေး စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် အခွင့်အလမ်းများရရှိနိုင်ရန် ပြည်တွင်း ရူပဗေဒပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများပေါ်တွင် အခြေခံ၍ မြန်မာ့ရူပဗေဒပညာရှင်များနှင့် နိုင်ငံတကာရူပဗေဒပညာရှင်များ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံအကျိုးစီးပွားတိုးတက်မှုကို အထောက်အကူပြုစေမည့် သင်ကြားရေးနည်းစနစ်များ၊ သုတေသနလုပ်ငန်းများ ဖြစ်ထွန်းလာစေရန် မျှော်မှန်း၍ နိုင်ငံတကာ ရူပဗေဒဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမြင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် (အငြိမ်းစား)၊ ဂုဏ်ထူးဆောင်ပါမောက္ခရူပဗေဒဌာနမှ ဒေါက်တာ ခင်ဆွေမြင့်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာလှဖေ၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာတင်လှိုင်နှင့် ဆွီဒင်နိုင်ငံ Director of International Science Programme မှပါမောက္ခ Ernst Van Groningen တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို 'ရူပဗေဒဘာသာရပ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ' ခေါင်းစဉ်ဖြင့် အမေရိကန်၊ ဂျပန်၊ တရုတ်၊ ရုရှား၊ ဆွီဒင်၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်းနှင့် မြန်မာအစရှိသော နိုင်ငံများမှ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ နေ့စဉ် နံနက် ၈ နာရီ မှ ညနေ ၅ နာရီထိ သုံးရက်ကြာ ဆွေးနွေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ နိုင်ငံတကာတက္ကသိုလ်များနှင့် သုတေသနဌာနများမှ ရူပဗေဒပညာရှင်များ၊ စာတမ်းရှင်များ၊ မြန်မာနိုင်ငံ တက္ကသိုလ်အသီးသီးမှ သုတေသနစာတမ်းရှင်များ၊ မြန်မာနိုင်ငံတက္ကသိုလ်၊ ကောလိပ်များရှိ ရူပဗေဒဌာနမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းနှင့် ပါရဂူသင်တန်း တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**




ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် သော်တာလမ်း မိသားစု (၁၀) ကြိမ်မြောက်စတုဒိသာကျွေးပွဲကို နိုဝင်ဘာ ၂၄ ရက်ညနေ ၆ နာရီက ကျင်းပစဉ်။
ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

## တိုတိုထွာထွာဖတ်စရာ

### ဖျာပုံမြို့တွင် တောင်သူပညာပေးကွင်းသရုပ်ပြ

**ဖျာပုံ**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် မိုးစပါးပေါ်ဆန်းရင်စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ဖျာပုံမြို့နယ် ကြက်ဖမွှေးဇောင်းစိုက်ကွင်း၌ ကျင်းပသည်။

ကြက်ဖမွှေးဇောင်း၊ အလန်းဖကွက်၊ ဇေးဂုနှင့် ဗျိုင်းကဇီးကျေးရွာများမှ တောင်သူ ၂၀၀ တက်ရောက်လေ့လာကြပြီး မိုးစပါးပေါ်ဆန်းရင် RS-CS စီးပွားဖြစ်မျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်း ၈၅ ဧကအနက် ဒသမ ၅၀ စံကွက်အား စံကွက်ရိတ်သိမ်းသည်။

ယင်းနောက် လေ့လာရေးတောင်သူများအား ဖျာပုံခရိုင် မြေအသုံးချတာဝန်ခံ ဒေါ်ခင်စန်းယု၊ ခရိုင်မျိုးစေ့တာဝန်ခံများဖြစ်သော ဒေါ်ဉမ္မာအေးနှင့် ဦးစိုးနိုင်တို့က ကဏ္ဍအလိုက် တောင်သူပညာပေး ဆွေးနွေးကြသည်။

**မော်ကျွန်းမြင့်အောင်**

### အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**အထက်မင်းလှ**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့တွင် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မင်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂၄ ဦး၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၂ ဦး စုစုပေါင်း ၁၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

### အဖျောက်မြို့တွင် ကမ်းပြိုအိမ်ထောင်စုများအား ထောက်ပံ့

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး အဖျောက်မြို့ အဖျောက်(၄)ရပ်ကွက် ပန်းတုန်းပိတ်ကျေးရွာနှင့် ကြွေပန်းကန်ချောင်းကျေးရွာအုပ်စု ကြွေပန်းကန်ကျေးရွာတို့တွင် ဧရာဝတီမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ထားသည့် အိမ်ခြေ ၃၅ လုံးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၃၅၀၀၀၀၀၊ ဆန်ရိက္ခာခုနစ်ရက်စာငွေကျပ် ၃၀၀၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးတို့ကို ကမ်းပြိုအိမ်ထောင်စု ၃၅ စုအား မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ နိုဝင်ဘာ ၂၄ ရက် နံနက်က သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရွှေရောင်အနာဂတ်လှပဖို့ အမှိုက်ကင်းအောင်ဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော



**ဝေါ နိုဝင်ဘာ ၂၅**
အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့အမှိုက်ကောက်ခြင်းကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အောက်ပန်းညိုကျေးရွာ အ-မ-က(မူလွန်) ကျောင်းတွင် နိုဝင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက အမှိုက်ကင်းစင်ခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောပြီး မြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် စာပေစေတမန်ပရဟိတအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာ ဘုန်းဇော်မိုး(ဥဿာ)က 'ရွှေရောင်အနာဂတ်လှပဖို့ အမှိုက်ကင်းစင်အောင်ဆောင်ရွက်စို့' ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ကျောင်းသား ကျောင်းသူလေးများက ကျောင်းဝင်းအတွင်း အမှိုက်များကို စနစ်တကျ လက်တွေ့စုပေါင်းကောက်ခဲ့ကြသည်။

အသိပညာပေးဟောပြောပွဲသို့ စာပေစေတမန်ပရဟိတအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကမ္ဘာကြီးကိုညစ်ညမ်းစေပြီး လူသားတို့အတွက် ကျန်းမာရေးနှင့် သဘာဝရာသီဥတုဘေးအန္တရာယ်ကို ကျောင်းသားမောင်မယ်များ သိရှိ၍ ကိုယ့်အသိဖြင့် အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်ပြီး အမှိုက်ကင်းစင်ရေး ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရှိလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကမ္ဘာ့ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် အထိမ်းအမှတ်နေ့ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၈) ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်း လှသဇင်ဆောင်ခန်းမ၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက (၂၉) ကြိမ်မြောက် ကမ္ဘာ့ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အထိမ်းအမှတ်နေ့အခမ်းအနားကို ကျင်းပသည်။

ကလေးများက ရုပ်သေပြတိုက်ဇာတ်လမ်းကပြခြင်း၊ ရောင်စုံသက်တန့်ကလေးအဖွဲ့မှ ကလေးအခွင့်အရေး သံချပ်သီဆိုခြင်း၊ ဝိုင်းဝန်းကာကွယ်တားဆီးပေး လူကုန်ကူးမှုပပျောက်ရေး ပြဇာတ်ကပြခြင်း၊ သီချင်းများသီဆိုခြင်း စသည့်ပျော်ပွဲရွှင်ပွဲအစီအစဉ်များ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေးမြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆွေးနွေး



**ရေး နိုဝင်ဘာ ၂၅**
ရေးမြို့နယ်တွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန်အတွက် ပြည်နယ်ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်နှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ပြည်နယ်ဝန်ကြီးဦးစောအောင်မြင့်ခိုင်က ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို မြို့နယ်အဆင့် ကျင်းပမည်ဖြစ်ကြောင်း၊ ပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ပြည်နယ်မှူး ဦးစောဘဆွေက ကရင်အမျိုးသားနေ့ နှစ်သစ်ကူးပွဲတော် မြို့နယ်အဆင့် ကျင်းပရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲတင်ပြရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ပြောကြားကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြင်းခြံတွင် Myanmar Fitness Dance သင်တန်းဖွင့်လှစ်

**မြင်းခြံ နိုဝင်ဘာ ၂၅**
မြင်းခြံမြို့နယ်ရှိ အားကစားကွင်းတွင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော Myanmar Fitness Dance သင်တန်းကို နိုဝင်ဘာ ၂၄ ရက် နံနက် ၇ နာရီက ဖွင့်လှစ်သည်။

Myanmar Fitness Dance သင်တန်းသည် လူကြီး၊ လူငယ်၊ လူလတ်ပိုင်းများမကျန် ကျား/မ မရွေး လေ့ကျင့်သင်ကြားနိုင်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဖြစ်ပြီး လေ့ကျင့်ခန်းများ ပုံမှန်ဆောင်ရွက်ပါက ကျန်းမာရေးကောင်းမွန်စေပြီး ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးဖြစ်စေသော လေ့ကျင့်ခန်းများဖြစ်ကြောင်း သိရသည်။

ယင်းကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို မြို့နယ်အားကစားကွင်းတွင် နိုဝင်ဘာ ၂၄ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၇ နာရီမှ ၈ နာရီခွဲထိ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်ယူတက်ရောက်လိုသူ ပြည်သူများအနေဖြင့် တက်ရောက်နိုင်ကြောင်း သိရသည်။

ပထမဆုံးအကြိမ်ဖွင့်လှစ်သည့် Myanmar Fitness Dance ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း အခမဲ့သင်တန်းသို့ မြင်းခြံခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မိုးထိုက် တက်ရောက်လေ့ကျင့်ခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်သင်ကြားလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်**

## ပုဂံဒေသတွင် ပဒေါင်တိုင်းရင်းသားများကိုယ်တိုင် လက်တွေ့ရက်လုပ်သည့်အထည်များကို စိတ်ဝင်စားမှုများပြား



**ပုဂံ နိုဝင်ဘာ ၂၅**
၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ပုဂံဒေသသို့ လာရောက်လည်ပတ်သူများ၊ ဘုရားဖူးသူများ ပိုမိုများပြားလျက်ရှိရာ နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများမှာ ပဒေါင်တိုင်းရင်းသူများကိုယ်တိုင် လက်တွေ့ရက်လုပ်ရောင်းချသည့် အထည်များကို စိတ်ဝင်စားမှုများပြားလျက်ရှိသည်။

ပုဂံဒေသသို့ လွိုင်ကော်ဘက်မှလာရောက်သည့် ပဒေါင်တိုင်းရင်းသူများက ရိုးရာတဘက်များကို ကိုယ်တိုင်ဂျပ်ခုတ်ရက်လုပ်ကာ ရောင်းချလျက်ရှိရာ စိတ်ဝင်စားမှုများပြားလျက်ရှိသည်။ တိုင်းရင်းသားရိုးရာတဘက်တစ်ထည်လျှင် အနည်းဆုံးငွေကျပ် ၅၀၀၀ မှ ၈၀၀၀ အထိ ရောင်းချသည်။ လက်တွေ့ဂျပ်ခုတ်ရက်လုပ်ရောင်းချသည်များကို လေ့လာရင်း ပဒေါင်တိုင်းရင်းသားများ၏ ထူးခြားသည့်ဝတ်စားဆင်ယင်မှုကို အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

ယခုအခါ ပုဂံရှိ ရွှေဆံတော်စေတီအနီးတွင် တိုင်းရင်းသူများကိုယ်တိုင် လက်တွေ့ဂျပ်ခုတ်ရက်လုပ်ရောင်းချသည့်အထည်များကို စိတ်ဝင်တစား ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

## အင်း၀ ရှေးဟောင်းယဉ်ကျေးမှုဇုန်မှ စိတ်ဝင်စားဖွယ်ရာ ညောင်ရမ်းခေတ်လက်ရာ စေတီတန်းတည်ရှိရာနေရာတွင် ခရီးသွားများ လာရောက်လေ့လာ



**အင်း၀ နိုဝင်ဘာ ၂၅**
အင်း၀ရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် စိတ်ဝင်စားစရာ စေတီပုထိုးများစွာရှိပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများပြားလျက်ရှိရာ ညောင်ရမ်းခေတ်လက်ရာ စေတီတန်းတည်ရှိရာနေရာတွင် ဈေးဆိုင်များဖြင့် ပိုမိုစည်ကားလာကြောင်း သိရသည်။

အင်း၀တွင် စိတ်ဝင်စားစရာကောင်းပြီး လက်ရာမြောက်သည့်ထူးခြားသော စေတီပုထိုးများစွာရှိသည်။ ဝက်ပါ၊ ကြောင်လိန်၊ မြင့်မိုရ်တောင်ဘုရားများ၏ လက်ရာများမှာ ထူးခြားကာစိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထိုစေတီပုထိုးများသည် ညောင်ရမ်းခေတ် ဗိသုကာလက်ရာများဖြစ်ပြီး တစုတဝေးတည်းရှိနေသည်။ ဗားကရာကျောင်း၏ အနောက်ဘက်သို့သွားလိုက်သည်နှင့် ပတ်ဝန်းကျင်ရှုခင်းများနှင့်အတူ ခြောက်ဆူတန်း၊ ကိုးဆူတန်း၊ ကြောင်လိန်၊ မြင့်မိုရ်တောင်၊ စူဠာမဏိစေတီ၊ ဝက်ပါစေတီတို့ကို ထူးခြားစွာမြင်တွေ့နိုင်သည်။ ဒုတိယ အင်း၀ခေတ် (ညောင်ရမ်းခေတ်)သက္ကရာဇ် ၁၀၇၆-၁၀၉၅ခုနှစ်တွင် အင်း၀ထီးနန်းစံမြန်းခဲ့သည့် သီရိပဝရမဟာဓမ္မရာဇာဓိပတိမင်းတွဲ့ခံ တနင်္ဂနွေမင်းသည် မာရ်အောင်ဘွဲ့ပါသည့် ဘုရားများကို တည်ထားခဲ့သည့်အပြင် ဗိသုကာလက်ရာထူးခြားသည့် ဝက်ပါဘုရား၊ မြင့်မိုရ်တောင်၊ ကြောင်လိန်နှင့် လောကဒုသမာရ်အောင်ဘုရားတို့ကို တည်ထားခဲ့ကြောင်း သိရသည်။

ဝက်ပါစေတီမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ လိုဏ်ဂူကြီးသဏ္ဍာန်တည်ထားပြီး အတွင်းဘက်တွင် ဝက်ပါဖွဲ့ကာတည်ထားခဲ့သည်။ ဝက်ပါပေါက်များကို ကျော်လွန်ကာ စေတီတော်အပေါ်ပိုင်းသို့ ရောက်သည်နှင့် အနီးနားရှိဘုရားစုမြင်ကွင်းများက ဘုရားဖူးများနှင့် နိုင်ငံတကာခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်စေသည့် နေရာပင်ဖြစ်သည်။ လက်ရှိကာလတွင် အင်း၀မြို့ဟောင်းယဉ်ကျေးမှုဇုန်မှ စိတ်ဝင်စားဖွယ်ရာ ညောင်ရမ်းခေတ်လက်ရာ စေတီတန်းတည်ရှိရာနေရာတွင် ဈေးဆိုင်တန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များဖြင့် စည်ကားလျက်ရှိပြီး ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**

## ဂျပန်နိုင်ငံ၏အထောက်အပံ့ဖြင့် စစ်တွေမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (ဂန့်ဂေါ်ကျွန်း) တွင် ကွင်းသရုပ်ပြပွဲ၊ မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူပညာပေးသင်တန်းဖွင့်လှစ်



**စစ်တွေ နိုဝင်ဘာ ၂၅**
ဂျပန်နိုင်ငံ၏အထောက်အပံ့ဖြင့် UN Women ၏ လူထုအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်မှုစီမံကိန်း (Inclusive Development and Empowerment of Women in Rakhine State) ကို စိုက်ပျိုးရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန (International Rice Research Institute-IRRI) တို့ ပူးပေါင်း၍ စစ်တွေမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ (ဂန့်ဂေါ်ကျွန်း) တွင် ယခုနှစ်မိုးရာသီ၌ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါ်ကျွန်းကျေးရွာ ကွင်းအမှတ် ၅၆၉ ရှိ တောင်သူဦးသံလုံးချေ၏ လယ်မြေနှစ်ဧကတွင် ကွင်းသရုပ်ပြပွဲ၊ မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူပညာပေးသင်တန်းကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲ၊ စံကွက်ရိတ်သိမ်းပွဲနှင့် သင်တန်းသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်း၊ စစ်တွေခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်သူ ၁၀၉ ဦး၊ ဝန်ထမ်း ၁၉ ဦး စုစုပေါင်း ၁၃၄ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်ဦးစီးမှူးတို့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန စစ်တွေမြို့နယ်ဦးစီးမှူး ဦးတင်အေးနှင့် IRRI မှ ပြည်နယ်တာဝန်ခံ ဦးသူရကျော်တို့က ကွင်းသရုပ်ပြပွဲ၊ စံကွက်ရိတ်သိမ်းပွဲနှင့် သင်တန်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကွင်းသရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကို တောင်သူဦးသံလုံးချေ၏ ဆင်းသွယ်လတ်စပါး မျိုးစေ့ထုတ်စိုက်ခင်းနှစ်ဧကတွင် ၀ ဒသမ ၁၀ ဧကအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပြသခဲ့ရာ စပါးစက်ကျ အစို ၁၁၅ တင်းထွက်ရှိသည်။

ဆက်လက်၍ တောင်သူပညာပေးသင်တန်းကျင်းပခဲ့ရာ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းက ဒေသရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး တောင်သူများစီးပွားရေးတွက်ခြေကိုက်စေမည့် သီးနှံပုံစံများအားလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးတင်အေးက စီးပွားဖြစ်မျိုးသန့်မျိုးစေ့ ထုတ်လုပ်ပွားများခြင်းနည်းပညာအားလည်းကောင်း၊ စစ်တွေမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (ဂန့်ဂေါ်ကျွန်း) တာဝန်ခံ ဒုဦးစီးမှူး ဦးတင်မောင်မြင့်နှင့် ဦးသိန်းဇော်ထွန်းတို့က ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် မျိုးကောင်းမျိုးသန့်ပွားများရေး အကြောင်းအရာများအားလည်းကောင်း အသီးသီးရှင်းလင်းပို့ချကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## ငြိမ်းချမ်းရေးတွဲလက်များ မြစ်ဧရာမှာ ထပ်ဆင့်ပွားအဖွဲ့ နတ်မောက်မြို့သို့ရောက်ရှိ

**နတ်မောက် နိုဝင်ဘာ ၂၅**
ငြိမ်းချမ်းရေးတွဲလက်များ မြစ်ဧရာမှာ ထပ်ဆင့်ပွားအဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးဖွားရာဇာတိမြို့ဖြစ်သော နတ်မောက်မြို့သို့ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ရောက်ရှိရာ နတ်မောက်မြို့ တိုဂံလမ်းဆုံတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက ငြိမ်းချမ်းရေးအလံများကိုင်ဆောင်၍ လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။

ငြိမ်းချမ်းရေးတွဲလက်များ မြစ်ဧရာမှာ ထပ်ဆင့်ပွားအဖွဲ့သည် နတ်မောက်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ နံနက် ၁၀ နာရီခွဲတွင် ငြိမ်းချမ်းရေးစကားဝိုင်းနှင့် ဟောပြောပွဲကို ကျင်းပသည်။

စာရေးဆရာဇေယျာမင်းသျှင်က ငြိမ်းချမ်းရေးတွဲလက်များ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ဆက်လက်၍ ငြိမ်းချမ်းရေးစကားဝိုင်းကို လူငယ်နှင့်ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ဆရာ ဆရာမလေးဦး၊ ကျောင်းသား ကျောင်းသူ ၂၀ ဖြင့် ဆွေးနွေးခဲ့ရာ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို တက်ရောက်လာသော ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများက မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များ မြစ်ဧရာမှာ ထပ်ဆင့်ပွား ငြိမ်းချမ်းရေးအဖွဲ့သည် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအောင်မြင်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး (၂၁)ရာစု ပင်လုံညီလာခံကို ဂုဏ်ပြုသောအားဖြင့် သွားလာခြင်းဖြစ်ကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

## နေ့စဉ်ရေးသော အလှစိတ်ပန်းချီကား

ပန်းချီကားဟုဆိုလိုက်သည်နှင့် အရောင်စုံနေသော စုတ်ချက်များဖြင့် ရေးဆွဲထားသော ပန်းချီကားကို ပြေးမြင်မိနေပေလိမ့်မည်။ ကျွန်တော်ပြောလိုသည့် ပန်းချီကားမှာ စိတ်ပန်းချီကားပင်ဖြစ်သည်။ ငယ်စဉ်ကာလ ဖြူစင်ရိုးသားခြင်းဆိုသော အဖြူရောင်ပေါ် အရောင်အမျိုးမျိုး ခြယ်သလာခဲ့ကြပေသည်။ ပတ်ဝန်းကျင်မှ ကူးစက်လာသော အရောင်အလိုက် စိတ်ပန်းချီကားများကို ပြောင်းလဲလာစမြဲပင်ဖြစ်သည်။ ရှာဖွေခြင်း၊ ရှန်းကန်ခြင်း၊ ပညာသင်ခြင်းမှအစ လှုပ်ရှားမှုများဖြင့် ခြယ်သနေသော စိတ်ပန်းချီကားအတွက် အကောင်းဆုံးစုတ်ချက်များဖြင့် ရေးဆွဲနိုင်ရန် လိုအပ်လှပေသည်။

စိတ်ပန်းချီကားမှာ လူတစ်ဦး၏ အပြုအမူနှင့် အပြောအဆိုလုပ်ဆောင်မှု အကောင်းအဆိုးအလိုက် ပန်းချီကားကောင်းခြင်း၊ ဆိုးခြင်းကို ဆုံးဖြတ်ကြစမြဲပင်ဖြစ်သည်။ လူသည် အလှကြိုက်သည်။ ထို့အတူပင် လှပပြီး လက်ရာမြောက်သည့် ပန်းချီကားများကို ကြည့်ရှုလိုတတ်ကြပေသည်။ စိတ်ပန်းချီကားတစ်ချပ်ကို ခံစားကြည့်ရှုရင်း အမှန်တရားကိုရှာဖွေဖို့အတွက် စံပေတံတစ်ရပ်ရှိဖို့ လိုအပ်လှပေသည်။ ထိုပေတံမှာ ကိုယ်နှင့်နှိုင်းဆခြင်း သို့မဟုတ် ကိုယ်ချင်းစာနာခြင်းပင်ဖြစ်သည်။

လူတိုင်း အကောင်းကိုလိုချင်ကြသည်။ ချမ်းသာချင်ကြသည်။ ကြီးပွားလိုကြသည်။ လူအထင်ကြီးခံလိုကြသည်။ လူသည် ဒုက္ခကို အလိုမရှိတတ်ကြပေ။ မိမိကိုသတ်ဖြတ်ခြင်း အလိုမရှိတတ်ကြပေ။ မိမိကိုအထင်သေးခြင်း အလိုမရှိတတ်ကြပေ။ ထို့အတူပင် မိမိအားလိမ်ညာခြင်း၊ လှည့်စားခြင်း၊ ဟန်ဆောင်ပေါင်းခြင်းများကို အလိုမရှိတတ်ကြပါချေ။ စိတ်ပန်းချီကား လှဖို့အတွက် ဖြူစင်သောစိတ်ထား လိုအပ်လှပေသည်။ မကောင်းသော အရောင်တစ်ခု ပြုလုပ်ခြယ်သမည်ဆိုပါက မိမိသာဆိုလျှင်ဟု နှိုင်းဆကြည့်လိုက်လျှင် ပိုမိုသိရှိနိုင်ပေသည်။

လူအမျိုးမျိုး စိတ်အထွေထွေ လုပ်ရပ်အသီးသီးကြား မိမိလုပ်ရပ်များကောင်းမွန်နေဖို့ လိုအပ်လှပေသည်။ သူတစ်ပါးအား အပြစ်ဆိုကာ ကဲ့ရဲ့မည်ဟု ကြံလိုက်တိုင်း မိမိကိုယ်ကို ပြန်လည်သတိပြုရန် လိုအပ်လှပေသည်။ အလုံးစုံပြီးပြည့်စုံခြင်းမရှိသော လောကအလယ်တွင် လစ်ဟာမှုဟူသည် လူတိုင်းရှိနေမည်ဖြစ်သည်။ မွေးဖွားခြင်းမှ သေဆုံးခြင်းကာလအကြား ကောင်းသောသမိုင်းများကို ကိုယ်တိုင်သာလျှင် ရေးထိုးကြစမြဲပင်ဖြစ်သည်။ ကိုယ်တိုင်ရေးဆွဲသော စိတ်ပန်းချီကား လှပဖို့အရေး နေ့စဉ်နေ့တိုင်း သတိပြုကာ ရေးဆွဲဖို့ လိုအပ်လှပေသည်။ သို့အတွက် မကောင်းမှုတစ်ခု၊ အချိန်ဖြုန်းမှုတစ်ခု၊ အကျိုးမရှိသည့်အရာတစ်ခု ပြုလုပ်တော့မည်ဆိုပါက တားဆီးနိုင်ရေး စိတ်ပန်းချီကားလေးများကို ကိုယ်တိုင်ရေးဆွဲနေသည်ကို သတိရသင့်လှပေသည်။ **သရက်တန်းစိုးရွှေ (စိတ်ပညာ)**

### တိုတိုထွာထွာဖတ်စရာ

## မှုခင်းကျဆင်းပပျောက်ရေး လှည့်ကင်းများ ဆောင်ရွက်

**မြောင်းမြ**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များ၊ မြို့ဝင်မြို့ထွက်များတွင် နိုဝင်ဘာ ၂၄ ရက် ညအချိန်က လှည့်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ဝေဦးဆောင်၍ မြောင်းမြမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ထွန်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ အများပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေး၊ မှုခင်းများမဖြစ်ပေါ်ရေးအတွက် လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

## သန်လျင်တွင် မြန်မာ့ရိုးရာခြင်းအလှခတ်သရုပ်ပြ

**ရန်ကုန်**
သန်လျင်လူမှုကွန်ရက်မှ ကြီးမှူးကျင်းပသော တန်ဆောင်တိုင် ဂီတမီးထွန်းပွဲတော်နှင့် ကာတွန်းဝက်ပါပြပွဲအား မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်း (ယခင်-ရော်ဘာလမ်း) ရှိ ငြိမ်းချမ်းရေးကွင်း၌ နိုဝင်ဘာ ၂၄ ရက် ညပိုင်းက ကျင်းပသည်။

မြန်မာ့ရိုးရာခြင်းအလှခတ်အဖွဲ့များဖြစ်သော သန်လျင်ရာစုဥဒါန်း၊ ဒဂုံဆံရှည်၊ စတိုင်မောင်သိန်းမိုး၊ မောင်မြင့်ထွန်း (စမ်းချောင်း)၊ ဂန္ဓဝင် ရဲထက်ဝင်း (ရန်ကုန်လက်ရွေးစင်)၊ စတိုင်ကောင်းထက် (ကိုကို၊ ညီညီ)၊ ချယ်ရီမော်တပင်တိုင် (ရန်ကုန်လက်ရွေးစင်) တို့က မြန်မာ့ရိုးရာ ခြင်းအလှခတ်အမျိုးမျိုးတို့ဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **သက်နိုင်(သန်လျင်)**

## အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကျင်းပ

**ဒေးဒရဲ**
ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အင်္ဂလိပ်စာ ရေးဖြေပြိုင်ပွဲတွင် ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၁၉၃ ဦးနှင့် သင်္ချာရေးဖြေပြိုင်ပွဲတွင် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၁၉၄ ဦးတို့ ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြို့ရန်ကုန်

**မိုးမိုးလှိုင်မြင့်(မြို့ပြ)**

ရုံးပိတ်ရက် တနင်္ဂနွေနေ့ တစ်နေ့မှာ ဆူးလေဝန်းကျင်ကို ရောက်ခဲ့တဲ့အချိန်က ရိုက်ထားတဲ့ ဓာတ်ပုံလေးတွေပြန်ကြည့်ပြီး အတွေးအချို့ပေါ်လာလို့ ဒီစာစုကို ရေးဖြစ်ခဲ့ပါတယ်။

ကျွန်မတို့ မိသားစုတွေ ရန်ကုန်မြို့ကို ပြောင်းရွှေ့လာတာ ခုဆို အနှစ်သုံးဆယ်ရှိခဲ့ပါပြီ။ ၁၉၈၇ ခုနှစ် မတ်လမှာ ဆယ်တန်းဖြေပြီး နောက်တစ်နေ့မှာပဲ ပြည်ကနေ ရန်ကုန်မြို့ကို ပြောင်းရွှေ့လာခဲ့တာပါ။ အဲဒီအချိန်မှာ အစ်ကို အကြီးဆုံးက တက္ကသိုလ်တက်နေပါပြီ။ ကျွန်မက ဆယ်တန်း၊ ကျွန်မအောက်က မောင်နှမတွေက ရှစ်တန်း၊ ခြောက်တန်းနဲ့ လေးတန်း အသီးသီး ဖြေဆိုပြီးကြပြီလေ။ ရန်ကုန်မြို့ကို ရောက်လာတဲ့ လူတွေထဲမှာ ကျွန်မတို့မိသားစုကတော့ ပညာရေးကို အဓိကထားပြီး ရောက်လာခဲ့တာပါ။

ရန်ကုန်ကိုမပြောင်းခင်က ပထမဆုံးအကြိမ်အဖြစ် ခြောက်တန်းနှစ်လောက်မှာ အဖေနဲ့ ရန်ကုန်မြို့ကို လိုက်ခဲ့ဖူးပါတယ်။ ပြည်မှာနေတဲ့ ကျွန်မအဖို့ ရန်ကုန်မြို့ကြီးဟာ အိပ်မက်ထဲက မြို့တော်ကြီးပေါ့။ ပြည်ကနေ ညရထားစီး မနက်စောစောမှာ ရန်ကုန်မြို့လယ်ကိုရောက်ပြီး ဘားလမ်းထဲက တည်းခိုခန်းမှာ တည်းပါတယ်။

အဲဒီအချိန်က ရန်ကုန်မြို့ဟာ ကားတွေ ပြောပလောက်အောင် မများသေးပါဘူး။ ကားလမ်းကူးရတဲ့ ဒုက္ခဆိုတာ မှတ်မိသလောက် မကြုံတွေ့ခဲ့ရပါဘူး။ ရန်ကုန်ရောက်ရင် ရုပ်ရှင်ထဲက မင်းသား မင်းသမီးတွေကို အပြင်မှာ တွေ့ရမလား၊ ဘားလမ်းထဲဖြတ်လျှောက်တော့ ဝတ္ထုတွေ၊ မဂ္ဂဇင်းတွေထဲက စာရေးဆရာ၊ ကဗျာဆရာတွေကို တွေ့ရမလားဆိုပြီး စိတ်လှုပ်ရှားမှုအပြည့်နဲ့ပေ့ါ။ ဒါပေမယ့်လည်း ဒီနေ့ရောက် နောက်တစ်နေ့ အဖေ့အလုပ်အပြီးမှာ ပြန်ဆိုတော့ အမှတ်တရဆိုတာ အများကြီးမရှိခဲ့ပါဘူး။ ရန်ကုန်မြို့တော်ကြီးကို ရောက်ဖူးခဲ့တယ်ပေ့ါလေ။

တကယ်လက်တွေ့ပြောင်းရွှေ့ရတဲ့အချိန်က ကားနဲ့ ပြည်ကစထွက်တာ ညဘက်ကြီးပါ။ ရန်ကုန်ကိုဝင်တော့ မနက်ဝေလီဝေလင်းအချိန်မှာပါ။ တချို့ လက်ဖက်ရည်ဆိုင်တွေက မီးစမွှေးနေပြီ။ အဖေ ဒီနေရာက ရန်ကုန်မြို့လားလို့ မေးယူရလောက်အောင် သုဝဏ္ဏရဲ့လမ်းတွေကဆိုးပါတယ်။ ပထမဆုံးနေတဲ့နေရာက သုဝဏ္ဏ တောင်ထိပ်ပန်းလမ်းက ဝန်ထမ်းလိုင်းခန်းမှာပါ။ အိမ်ရှေ့မှာ ကတ္တရာလမ်းက အပေါက်တစ်ရာ၊ နောက်ဘက်မှာက လယ်ကွင်း၊ ရှေ့လှမ်းလှမ်းကို ကြည့်လိုက်ရင် ငမိုးရိပ်ချောင်း၊ ကျွတ်တွေကလည်း မြေပြင်ကိုဆင်းရင် တလားလားနဲ့ လူကိုလာတွယ်၊ ထိတာနဲ့ အော်ဟစ်ပြီး ကြောက်လန့်တကြား ဖယ်ထုတ်ရတာအမော။ ကျွန်မရဲ့ အိပ်မက်တွေက လက်တွေ့နဲ့တော့ တခြားစီပါပဲ။

နှစ်သုံးဆယ်ကြာနေလာခဲ့အပြီးမှာတော့ အခုရန်ကုန်နဲ့ အရင်ရန်ကုန်ကို နှိုင်းယှဉ်ပြချင်စိတ် ပေါ်လာခဲ့ပါတယ်။

ပထမဆုံး ပြောင်းလဲမှုကတော့ ရာသီဥတုနဲ့ သဘာဝပတ်ဝန်းကျင်ပါ။ အရင်က မြို့ထဲကနေ သုဝဏ္ဏလမ်းဆုံကို စဝင်လာတာနဲ့ အအေးဓာတ်ကို ခံစားရပါတယ်။ သဘာဝအတိုင်းရှိနေတဲ့ လယ်ကွင်းပြင်ကို ဖြတ်သန်းလာတဲ့ လေနုအေးက အေးမြလန်းဆန်းတဲ့ခံစားမှုကို ပေးစွမ်းနိုင်ပါတယ်။ ရန်ကုန်ဟာ တခြားမြို့တွေနဲ့မတူဘဲ ဥတုသုံးပါးမှာ သဘာဝတရားတွေနဲ့ ပြည့်စုံတဲ့မြို့ပါ။ နွေမှာ မပူလွန်း၊ ဆောင်းမှာ အအေးမပြင်းထန်ဘဲ၊ မိုးတွင်းမှာလည်း ထစ်ချုန်းသံသိပ်မကြားရဘဲ မိုးပုံမှန်ရွာသွန်းတာကို တွေ့ရပါတယ်။

ပြည်ကပြောင်းလာတဲ့ သူတစ်ယောက်အနေနဲ့ ရာသီဥတုခြားနားမှုရှိနေတာကို သတိထားမိသွားပါတယ်။ ပြည်မှာ ရာသီဥတုက သိပ်ကြမ်းပါတယ်။ နွေမှာ အလွန်ပူ၊ ဆောင်းမှာ အလွန်အေးပြီး မိုးတွင်းမှာ ထစ်ချုန်းရွာ၊ တစ်ခါတလေ လေပြင်းတိုက်၊ မိုးခြိမ်းပြီး မိုးပျောက်သွားတာလည်း ကြုံတွေ့ဖူးပါတယ်။

အခုတော့ သုဝဏ္ဏဟာ လမ်းမကျယ်ကြီးတွေ၊ တိုက်တာ အဆောက်အအုံမြင့်တွေနဲ့ လယ်ကွင်းဆိုတာ ရှာလို့တောင် မတွေ့နိုင်တော့ပါဘူး။ ရုပ်ဝတ္ထုတွေ ပြောင်းလဲလာတာနဲ့ အမျှ သဘာဝတရားတွေ ပျောက်ကွယ်ကုန်တာ တွေ့ရတယ်။ ရာသီဥတုကလည်း အရင်လိုမဟုတ်ဘဲ အပူချိန်တွေတိုး၊ မိုးမှာလည်း ထစ်ချုန်းရွာ၊ ဆောင်းရယ်လို့မပီ ဖောက်လွဲဖောက်ပြန်တွေဖြစ်လို့ပါ။

> **အခုတော့ သုဝဏ္ဏဟာ လမ်းမကျယ်ကြီးတွေ၊ တိုက်တာ အဆောက်အအုံ မြင့်တွေနဲ့ လယ်ကွင်းဆိုတာ ရှာလို့တောင် မတွေ့နိုင်တော့ပါဘူး။ ရုပ်ဝတ္ထုတွေ ပြောင်းလဲလာတာနဲ့အမျှ သဘာဝတရားတွေ ပျောက်ကွယ်ကုန်တာ တွေ့ရတယ်။ ရာသီဥတုကလည်း အရင်လိုမဟုတ်ဘဲ အပူချိန်တွေ တိုး၊ မိုးမှာလည်း ထစ်ချုန်းရွာ၊ ဆောင်းရယ်လို့မပီ ဖောက်လွဲဖောက်ပြန် တွေဖြစ်လို့ပါ။**

လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ကြည့်မယ်ဆိုရင်တော့ လမ်းမကြီးတွေ ကွန်ကရစ်ခင်းအဆင့် ပိုများလာပြီး မြေသားလမ်း၊ ကျောက်ခင်းလမ်းတွေ လျော့နည်းလာခဲ့တယ်။ အရင်က ပေါက်ပြဲနေတဲ့ သုဝဏ္ဏက လမ်းမကြီးတွေဟာ အခုအချိန်မှာတော့ ကတ္တရာလမ်းမကြီးတွေအဖြစ် ပြောင်းလဲပြီး တိုးပွားလာတဲ့ လူဦးရေကို သယ်ဆောင်ပေးနေတဲ့ မော်တော်ယာဉ်တွေ အပြည့်နဲ့ပေ့ါ။

အရင်ကတော့ ကြို့ကုန်း YIT အခု YTU ကို ကျောင်းသွားတက်ရင် တစ်နာရီလောက် အချိန်ယူရပြီး ကားနှစ်ဆင့်စီးရပါတယ်။ တစ်နာရီကြာတယ်ဆိုတာ အခုလို ကားလမ်းပိတ်နေလို့ မဟုတ်ပါဘူး။ ကားရှားပါးလို့ပါ။ မိန်းကလေးတန်မဲ့ ဟိုင်းလပ်စ်ကား နောက်မြီးမှာလည်း တွယ်ပြီး လိုက်စီးခဲ့ရဖူးပါတယ်။ ထိုင်စရာရအောင်လည်း ကားပတ်စီးခဲ့ရပါတယ်။

အခုအချိန်မှာတော့ သုဝဏ္ဏနဲ့ ကြို့ကုန်းဆိုရင် ဘယ်လောက်ကြာကြာသွားရမယ်ဆိုတာ မခန့်မှန်းနိုင်အောင်ပါပဲ။ ရန်ကုန်မြို့မှာ ကားစီးဖို့ အသင့်လျော်ဆုံး အချိန်ဟာ ညမိုးချုပ်နဲ့ မနက်စောစောအချိန်တွေပါ။ အဲဒီအချိန်ကလွဲလို့ ကျန်တဲ့အချိန်တွေမှာ လမ်းပေါ်မှာ ကားရောင်စုံတွေ အပြည့်နဲ့ပေ့ါ။

လယ်ကွင်းတွေ ပျောက်၊ တိုက်တာတွေ တိုးပွားလာတဲ့ အချိန်မှာ သုဝဏ္ဏရဲ့ open space နဲ့ green area ကတော့ ရာခိုင်နှုန်းပိုနည်းသွားတာကို တွေ့ရပါတယ်။ သုဝဏ္ဏပန်းခြံကြီးလှပပြီး အသက်ဝင်လာတာကတော့ ပြောင်းလဲမှုတစ်ခုလို့ ပြောလို့ရပေမယ့် ထူးခြားတဲ့ public space တွေ recreation area တွေ ထပ်ပြီး တိုးပွားပေါ်ပေါက်လာခြင်းမရှိဘဲ တိုက်တာ အဆောက်အအုံတွေသာ တိုးပွားလာခဲ့တာကို တွေ့ရပါတယ်။

သုဝဏ္ဏကနေ မြို့လယ်ကို ပြောင်းလာတဲ့အချိန်မှာ ကားစီးရတဲ့ဒုက္ခက အတော်လေးကို လွတ်သွားပါတယ်။ ရုံးအနောက် ဝန်ထမ်းအိမ်ရာမှာနေတော့ အလုပ်ချိန်ပိုရလာသလို ကားစီးလို့ ကုန်ရမယ့် ငွေကြေးရယ်၊ အချိန်ရယ်နဲ့ အင်အားစိုက်ထုတ်မှုရယ် လျော့နည်းသွားပါတယ်။

ရန်ကုန်မြို့မှာYBS စနစ် စတင်ကျင့်သုံးတဲ့အချိန်လူတကာ လိုင်းကားစီးဖို့ လုံးပန်းနေရတဲ့အချိန်မှာ အိမ်ပေါ်ကဆင်းရင် ရုံးရောက်တဲ့ ကျွန်မအဖို့ သတိအရဆုံး၊ ကျေးဇူးအတင်ဆုံးက ကွယ်လွန်သွားပြီဖြစ်တဲ့ DG ဦးအုံ့ကျော်ကိုပါ။ အမြော်အမြင်ကြီးစွာနဲ့ ရုံးကအရာရှိတွေကို ရုံးအနီးမှာနေနိုင်ဖို့ ဝန်ထမ်းအိမ်ရာကို တည်ဆောက်ပေးခဲ့ပါတယ်။ ဈေး၊ ကျောင်း၊ shopping mall၊ ရုပ်ရှင်ရုံ၊ ဆေးခန်း၊ ဆေးရုံ၊ ဘုရားစေတီ၊ ပန်းခြံစသည်တို့ဟာ လက်လှမ်းမီတဲ့ အကွာအဝေးအတွင်းမှာ ရှိနေပြီး နေရာအတော်များများဟာ လမ်းလျှောက်လို့ရတဲ့ ဧရိယာအတွင်းမှာ ရှိနေလို့ အလွန်အဆင်ပြေလှပါတယ်။

နယ်ကပြောင်းလာတဲ့ ကျွန်မအဖို့ လမ်းလျှောက်ရတာကိုလည်း သိပ်သဘောကျပါတယ်။ အဲဒီတော့ ဟိုနားဒီနားဆိုရင် လမ်းလျှောက်သွားဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်ရဲ့ လမ်းမကြီးတွေအကြောင်း ရောက်ဖူးသူတိုင်း သိကြမှာပါ။ ပလက်ဖောင်းနဲ့ လမ်းပခုံးတွေဟာ လမ်းလျှောက်သူတွေအတွက်လား၊ ဈေးသည်နဲ့ ကားရပ်နားဖို့လား ခွဲခြားမရအောင်ပါဘဲ။ မီးပွိုင့်တွေဟာလည်း လမ်းကူးရသိပ်ခက်ပါတယ်။ မျဉ်းကျားတွေမှာ ကူးပြီဆိုပြန်တော့လည်း အရှိန်ပြင်းပြင်းနဲ့ မောင်းလာတဲ့ကားတွေ အရှင်းကို အချိန်အတော်ကြာအောင် စောင့်ပြီး ကူးရပြန်ပါတယ်။ ကားတွေကလည်း လူတွေကူးပါစေဆိုတဲ့ စိတ်မျိုးမရှိ၊ မျဉ်းကျားမှာ အရှိန်လျှော့ရကောင်းမှန်းမသိ၊ ဒီကြားထဲ လမ်းပြောင်းပြန်နင်းလာတဲ့ ဆိုက်ကားကို ရှောင်ရတာတွေကြောင့် မြို့ထဲမှာ လမ်းလျှောက်ဖို့ကို ကြာတော့ အတော်လေးစိတ်ကုန်လာမိပါတယ်။ နောက်ပိုင်းမှာ တစ်ပတ်တစ်ခါ လမ်းထွက်ဖို့တောင် စိတ်မကူးမိသလောက်ပါဘဲ။

စနေနေ့ တစ်နေ့မှာ ဗိုလ်ချုပ်ဈေးသွားတော့ နေပူနေတာနဲ့ အငှားယာဉ်စီးသွားဖြစ်ပါတယ်။ လမ်းလျှောက်ရင် ၁၅ မိနစ်၊ မိနစ် ၂၀ လောက်ပဲကြာမှာပါ။ အနော်ရထာလမ်းအတိုင်းသွားတော့ လမ်းဘေးဝဲ၊ ယာမှာ လမ်းဘေးဆိုင်တွေ မရှိတော့တာ သတိထားမိပါတယ်။ ကမ်းနားညဈေးကို ရွှေ့ပြောင်းထားလို့ ထင်ပါတယ်။ လမ်းသွယ်တွေမှာတော့ ဈေးဆိုင်တန်းတွေရှိနေပါတယ်။ အချို့ဈေးဆိုင်လေးတွေက အခြေအနေကြည့်ပြီး ပလက်ဖောင်းပေါ်မှာ တစ်ဆိုင်စ၊ နှစ်ဆိုင်စ သွေးတိုးစမ်းထားတာ တွေ့နေရပြန်ပါတယ်။ အရင်ကထက် ပလက်ဖောင်းဟာ ပိုရှင်းသွားတာတော့အမှန်ပါ။ ဒါပေမယ့် ဆိုင်တွေရဲ့ ရှေ့ကိုကျူးထားတဲ့အဖီတွေကိုလည်း အရေးယူသင့်တယ်လို့ ထင်ပါတယ်။ အရင်လမ်းဘေးဆိုင်တွေ နေရာချဲ့ထားတဲ့နေရာတွေမှာလည်း ကားပါကင်ဖြစ်တဲ့အတွက် ကားတွေရပ်ဖို့ နေရာပိုရနေသလိုပါပဲ။ ဗိုလ်ချုပ်ဈေးကို Taxi နဲ့သွားတာ လမ်းလျှောက်တာထက်တောင် ပိုကြာနေပါတယ်။ အနော်ရထာလမ်းဟာ စနေနေ့ရဲ့ နေရောင်အောက်မှာ မနိုင်ဝန်ကိုထမ်းနေရတာကိုတွေ့ရပါတယ်။ လူကူးဖို့အတွက် မျဉ်းကျားအဝါ၊ အနက်လေးဟာလည်း သူ့ထက်သူ ရှေ့တိုးဖို့ ကြိုးစားနေတဲ့ ကားတွေအောက်မှာ ခေါင်းမဖော်နိုင်အောင်ဘဲ ဖြစ်နေရရှာတယ်။ တရွေ့ရွေ့သွားနေတဲ့ ကားတန်းရယ်၊ ကားတွေကြား ဖြတ်ကူးနေတဲ့ လူတွေရယ်နဲ့ ရန်ကုန်မြို့ရဲ့လမ်းမကြီးဟာ အသက်ဝင်လှုပ်ရှားလို့နေပါတယ်။

BRT Lite ကားလိုင်းတွေ ပေါ်လာတဲ့အချိန်မှာ လူတွေရဲ့စိတ်ဝင်စားမှုကို အတော်ရရှိခဲ့တယ်လို့ ထင်ပါတယ်။ ကျွန်မတို့ညီအစ်မနှစ်ယောက် ရုံးရှေ့မှတ်တိုင်ကနေ စီးကြည့်ဖူးပါတယ်။ ကားကလည်းအသစ်၊ ယာဉ်မောင်းကလည်း ဝတ်စုံနဲ့ မျက်နှာကြည့်လိုက်တော့လည်း စိတ်အေးလက်အေးစီးရတဲ့သူတွေမှာလည်း သက်သောင့်သက်သာရှိတဲ့အပြင် ယာဉ်အကူမပါလို့ နားဝင်ပီယံတွေလည်း မကြားရတော့ ကောင်းလိုက်တာလို့ မှတ်ချက်ချမိပါသေးတယ်။ နောက်ပိုင်းအခြေအနေကိုတော့ မသိပါဘူး။ အခု သတိရလို့ မေးကြည့်လိုက်တဲ့အခါ BRT ဆိုတာ မရှိတော့ဘူးဆိုပဲ။

အခုဆိုရင် နိုင်ငံခြားကတင်သွင်းလာတဲ့ ကားသစ်ကြီးတွေ YBS မှာ ထည့်သွင်း ပြေးဆွဲနေပြီဆိုတော့ ပြည်သူလူထုတွေ ကားသစ်ရယ်၊ စနစ်သစ်ရယ် လမ်းကြောင်းတွေ မှန်ကန်လို့ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ လိုရာခရီးကို ရောက်နိုင်ပါစေကြောင်းနဲ့ ရန်ကုန်မြို့ကြီးလည်း ရေရှည်ရှင်သန်တိုးတက် ကျန်းမာစေဖို့လည်း ထပ်လောင်းဆုတောင်းမိပါတယ်။ ။

---

## ရန်ကုန်မြို့၌ အကြိမ်(၃၀)မြောက် လူထုစက်ဘီးစီးနင်းပွဲကြီး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်က ဦးစီးကျင်းပသော အကြိမ်(၃၀)မြောက် ရန်ကုန်မြို့ လူထုစက်ဘီးစီးနင်းပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၆ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အင်းလျားကန်ပေါင်အရှေ့ဘက်ရှိ မြကျွန်းသာဝင်ပေါက်၌ ကျင်းပခဲ့သည်။

ယင်းလူထုစက်ဘီးစီးပွဲကို မြကျွန်းသာကန်ပေါင်ရှေ့မှ စတင်တာထွက်ကာ ကမ္ဘာအေးဘုရားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ပြည်လမ်း၊ ပါရမီလမ်းတစ်လျှောက်မှ အင်းလျားကန်ကိုပတ်ပြီး မြကျွန်းသာ၌ပင် ပြန်လည်ပန်းဝင်ခဲ့ကြသည်။

အဆိုပါ လူထုစက်ဘီးစီးနင်းပွဲတွင် ရုပ်ရှင်သရုပ်ဆောင် နိုင်နိုင်း၊ ခင်ဝင့်ဝါ၊ တိုင်ရွှန်၊ အောင်မြင့်မြတ်၊ အိမ့်မီကို၊ ဇော်ဇော်အောင် စသည့် သရုပ်ဆောင်စက်ဘီးစီးအဖွဲ့နှင့်အတူ စက်ဘီးစီးအားကစားသမားများ၊ ဝါသနာရှင်များ စုစုပေါင်း ၈၀၀ ခန့် ပါဝင်စီးနင်းခဲ့သည်။

နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်သော နိုင်ငံတကာ အမျိုးသမီးများ အကြမ်းဖက်မှုပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လိုက်ပါစီးနင်းခဲ့ကြသော စက်ဘီးစီးအားကစားသမားများအား မုန့်၊ ရေသန့်ဘူး၊ ဗီတာမင်နှင့် သတ္တုဓာတ် ၁၇ မျိုးနှင့် ဂျင်ဆင်းဆေးပြားများကို ရယ်ဗီကွန်အားဆေးမှ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**ထွန်းအောင်ရှိန်၊ ဓာတ်ပုံ-စစ်မှူး**



# ဘုဇ္ဇာဟိုတယ် ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာ ၃၀ ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဆောင်းညပြာသို ရုပ်ရှင်ထုတ်လုပ်ရေးမှ မူပိုင်နှင်းဆီ ဇာတ်လမ်းကို ဇာတ်ညွှန်း၊ ဒါရိုက်တာ ပြည်ဟိန်းသီဟ ရေးသားရိုက်ကူးသည့် ဘုဇ္ဇာဟိုတယ် ရုပ်ရှင်ဇာတ်ကား အထူးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင်ပြသခဲ့ပြီး အဆိုပါ ရုပ်ရှင်ဇာတ်ကားအား နိုဝင်ဘာ ၃၀ ရက်မှ စတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

အဆိုပါ ဘုဇ္ဇာဟိုတယ် ရုပ်ရှင်ဇာတ်ကားကို ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေတွင် ရိုက်ကူးခဲ့ပြီး ပရိသတ်များ ရယ်မောပျော်ရွှင်နိုင်စေရန် မြင့်မြတ်၊ ရွှေသမီး၊ ခင်လှိုင်၊ တက္ကသိုလ်ဂွမ်းပုံနှင့် အနုပညာရှင်များစွာက ကျရာအခန်းကဏ္ဍမှ ပီပြင်စွာ ပါဝင်သရုပ်ဆောင်ထားသည်။

သရုပ်ဆောင် ရွှေသမီးက "ဒီဇာတ်ကားလေးက ပျော်စရာကောင်းပါတယ်။ ကြည့်တဲ့သူတွေအတွက် ကမ်းခြေကို တကယ်ရောက်သွားသလို ခံစားရတယ်။ ဇာတ်ဝင်ခန်းတိုင်းမှာ ရယ်စရာလေးတွေဖြစ်တဲ့အတွက် စိတ်လည်း ကြည်နူးရတယ်။ ပျော်လည်းပျော်တယ်။ ဒီဇာတ်ကားမှာ အမှတ်တရတွေက အများကြီးပါ။ ဒီဇာက်ကားရိုက်တာ တစ်နှစ်ကျော်ပြီ။ အဝတ်အစားကတော့ ဒီဇိုင်နာနဲ့ တိုင်ပင်ပြီး သေသေချာချာလေးချုပ်ထားတယ်"ဟုပြောသည်။

သရုပ်ဆောင် တက္ကသိုလ်ဂွမ်းပုံက "ဒီဇာတ်ကားက ဟာသကားလေးပါ။ ဘုဇ္ဇာဟိုတယ်ဇာတ်ကားကြည့်ပြီး ပရိသတ်ကို ပျော်စေချင်တယ်။ ဒီဇာတ်ကားမှာ ဟာသသရုပ်ဆောင် တော်တော်များများပါတယ်။ ဒါရိုက်တာက သရုပ်ဆောင်တွေကို သူ့ကာရိုက်တာနဲ့သူ ထိမိပြီးတော့ သူ့အဖွဲ့လေးနဲ့သူ ဟာသလေးတွေလုပ်ထားတယ်"ဟုပြောသည်။

သရုပ်ဆောင် ဇော်ဝင်းနိုင်က "ဒီဇာတ်ကားမှာ ဟိုတယ်ပိုင်ရှင်သူဌေးကြီးက သားသမီး ကိုးယောက်မွေးထားတယ်။ သူစိမ်းတွေကို အလုပ်ခန့်ရင် လခတွေ ပေးနေရမှာစိုးလို့ သားသမီးကိုးယောက်ကိုပဲ တန်တဲ့နေရာပြန်ခန့်ထားတယ်။ အဲဒီကစပြီး အလွဲတွေဖြစ်ရော။ ရယ်စရာဇာတ်ကားဖြစ်တဲ့အတွက် အဲဒီအလွဲတွေက ရယ်ရတာပါ။ ဒီဇာတ်ကားက ဟိုတယ်ဇာတ်ပါ။ ဟိုတယ်မှာပဲ မှားတတ်တဲ့ အလွဲလေးတွေပါ။ အဲဒီအလွဲတွေက သဘာဝလည်းကျတယ်။ ရယ်လည်း ရယ်ရတယ်" ဟု ဇာတ်ကားနှင့်ပတ်သက်၍ ပြောပြသည်။




**သရုပ်ဆောင် ရွှေသမီး**



**သရုပ်ဆောင် တက္ကသိုလ်ဂွမ်းပုံ**



**သရုပ်ဆောင် ဇော်ဝင်းနိုင်**



**သရုပ်ဆောင် K ညီ**

သရုပ်ဆောင် K ညီက "ဒီဇာတ်ကားမှာ ဘုဇ္ဇာကြီးရဲ့ သားသမီးကိုးယောက်ထဲက တစ်ယောက်ပါ။ စားဖိုဆောင်မှာ တာဝန်ကျတဲ့ စားဖိုမှူးနေရာက ပါဝင်သရုပ်ဆောင်ထားပါတယ်။ ပေးအပ်လာတဲ့ ကာရိုက်တာပိုင်းကို ကြိုးစားတယ်။ ပြင်ဆင်တယ်။ ကျွန်တော် သရုပ်ဆောင်တဲ့အခန်းမှာ ပရိသတ်ကြီး ရယ်ရတယ်ဆိုရင် ဝမ်းသာတယ်။ ပီတိဖြစ်တယ်။ ဒါက ကြိုးစားခြင်းရဲ့ ရလဒ်ပဲလေ။ ကျွန်တော့်အတွက်တော့ အားဖြစ်စေပါတယ်" ဟု ၎င်း၏ သရုပ်ဆောင်ပိုင်းနှင့် ပတ်သက်၍ ပြောပြသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**

# ပြစ်မှုကျူးလွန်သူများကို စစ်မေးရာမှ ဘက်ထရီအိုး ၄၉ လုံး ခိုးမှုအား ဖော်ထုတ်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များက တက်သစ်ရဲကင်းရဲစခန်း(ပ) ၄၆၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ အမှုမှ တရားခံ ထန်းတပင်မြို့နယ် ပေါက်တန်းကျေးရွာနေ ထွန်းထွန်းဝင်း (ခ)ဇော်လတ်(ခ)အငယ်ကောင်နှင့် ရွှေပြည်သာမြို့နယ် (၁၉/၄၈) ရပ်ကွက်နေ သီဟသူ(ခ)ဆံရှည် တို့အား အခြားပြစ်မှုများ ကျူးလွန်ခြင်း ရှိ၊ မရှိ တိုက်ဆိုင် စစ်ဆေးခဲ့သည်။



စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်းက အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ လှိုင်၊ မရမ်းကုန်းမြို့နယ်များအတွင်းမှ ရပ်ထားသော ကားများတွင် ဘက်ထရီအိုးမျိုးစုံ ၄၉ လုံးတို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ဥ တု ရာ သီ တော ကို မှီ ၍


## ပြောင်းလဲခေါ်ပါရန်

အဖ ဦးနေမျိုးနိုင်[၈/ဂဂန(နိုင်)၀၈၀၇၉၂]၏ သားဖြစ်သူ ဂန့်ဂေါမြို့နယ်၊ ဇာဟောရွာ အထက(ခွဲ) ပဥ္စမတန်းမှ မောင်ရှိုင်းနေနော်အား မောင်စွမ်းရည်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မဖူးပွင့်လွှာစိုး[၉/တကန(နိုင်)၁၉၆၀၄၅]၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၄၂၈၉၇၈၈**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အိမ်အမှတ်-၄၃(F1)၊ ၄၁ တိုးချဲ့ရပ်ကွက်နေ

ဦးမောင်မောင်နိုင်-ဒေါ်တိုးတိုးမြင့်တို့၏သား

**မောင်ကျော်ရဲလင်း**

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အိမ်အမှတ်(၆၆)၊ သီတာလမ်းနေ၊

ဦးမြင့်မောင်-ဒေါ်စိန်စိန်တို့၏သမီး

**မအေးမြရိပ်**

တို့သည် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ ၁၁-၁၁-၂၀၁၈ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**မောင်ကျော်ရဲလင်း-မအေးမြရိပ်**

## မင်္ဂလာညှော်ခံပွဲအခမ်းအနားကျေးဇူးတင်လွှာ

**ဒေါက်တာထက်လင်း**

M.B.,B.S (YGN), Master of Public Health

နှင့်

**ဒေါက်တာရွှန်းလဲ့ရည်**

M.B.,B.S (YGN), M.Med.Sc (Anesthesiology)

တို့၏ ၂၀-၄-၂၀၁၈ ရက်တွင် Sedona Hotel ၌ ကျင်းပခဲ့သည့် စေ့စပ်မင်္ဂလာ အခမ်းအနားနှင့် ၃-၁၁-၂၀၁၈ ရက်တွင် အင်းယားကန်ဖျားကျောင်းတိုက်၌ ကျင်းပခဲ့သော မင်္ဂလာဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ခဲ့သော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ဒုခရိုင်တရားသူကြီးဒေါ်မိမိခိုင်၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးစည်သူအောင် (ဒု/အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန)နှင့် Dr.ခင်သီတာရီ (အောင်ခေတ်မင်းရုပ်ရှင်ထုတ်လုပ်ရေး)၊ Dr.ကျော်တင်လတ်နှင့် Dr.မူယာညွန့် (Care Well Medical Co.,Ltd)၊ ဓာတ်ပုံ H & S Photography၊ ၁၇-၁၁-၂၀၁၈ရက်တွင် Sule Shangri-La Hotel (Myanmar Ballroom) တွင် ကျင်းပခဲ့သည့် မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Dr.မြင့်ထွေးနှင့် ဇနီး Dr.နန်းခမ်းမိုင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော နိုင်ငံတော်သမ္မတရုံးမှ အမြဲတမ်းအတွင်းဝန် ဦးခင်လတ်နှင့်ဇနီး Dr.မွန်မွန်ခိုင်၊ မင်္ဂလာသြဝါဒမြွက်ကြားပေးပါသော ပြည်တက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ် ဦးမြဝင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ပါမောက္ခDr.ခင်ဇော်(ညွှန်ကြားရေးမှူးချုပ်၊ FDA) နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗိုလ်မှူးချုပ်ဌေးနိုင်(ငြိမ်း)နှင့်ဇနီး၊ သူရ (၆၃) နှင့် ခလရ(၈၅)မှ အရာရှိကြီးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခဌာနမှူးများ၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့အပ်ပါသော အငြိမ်းစားနိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ ဦးနီအောင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)နှင့်ဇနီး၊ မင်္ဂလာအခမ်းအနားမှူး ဦးသန်းမြတ်စိုး၊ "စိုး"တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြိမထက်ဆုဝေ၊ မင်္ဂလာပန်းကုံးဗန်းကိုင် Dr.စိမ်းလဲ့ဖြူ၊ မင်္ဂလာလက်စွပ်ဗန်းကိုင် Dr.အိငြိမ်းမိုး၊ သတို့သားအရံ မောင်ဝေဖြိုးအေးနှင့် Dr.ဉာဏ်လင်း၊ သတို့သမီးအရံ မနှင်းယုလင်းနှင့် Dr.နွေးနွေးလှိုင်၊ မင်္ဂလာဝတ်စုံ ကြယ်သဇင်၊ မိတ်ကပ်နှင့် ဆံပင် မေဦးမောင် (တော်ဝင်သူ)၊ ပန်းအလှဆင် Elysian Floral၊ ဓာတ်ပုံနှင့်ဗီဒီယို Myo Zin Htut Photographyနှင့် Sule Shangri-La Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**ဒေါက်တာထက်လင်း-ဒေါက်တာရွှန်းလဲ့ရည်**

## မင်္ဂလာညှော်ခံပွဲအခမ်းအနား ကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဦး(ငြိမ်း)-ဗိုလ်ကြီးဒေါ်ဝင်းမာလှိုင် (ငြိမ်း)တို့၏ တစ်ဦးတည်းသောသား

**မောင်ခန့်ထက်ကြွယ်**

B.E(Electronic, DSTA)

(Master of Business Administration, University of Northampton)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပင်လုံအိမ်ရာနေ ဦးစိုင်းစိုင်း(Ex-Chief Engineer, Uniteam Marine) - ဒေါ်ခင်သူဇာအေး တို့၏သမီး

**မနန်းသဥ္ဇာနို**

(Lecturer, Myanmar Noble College)
B.A(Eng), Graduate Diploma (Business Management) (ABE UK)
Higher Diploma (Business) (Singapore), Advanced Diploma (Hospitality & Tourism Management)
(NIM Singapore), IEMBA (Marketing) (Paris Graduate School of Management) (France), Ph.D Candidate
(Organization Development) (Assumption University of Thailand)

တို့၏ ၂၁-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် Novotel Yangon Max Hotel (Yangoon Ballroom)၌ ကျင်းပပြုလုပ်သော ညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယသမ္မတ သရေစည်သူ ဦးဉာဏ်ထွန်း(ငြိမ်း)နှင့် ဇနီးဗိုလ်မှူး ဒေါ်ခင်အေးမြင့်(ငြိမ်း)အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ချစ်သန်း (ငြိမ်း)နှင့် ဇနီး ဒေါ်ခင်အေးမူတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဘိုမြင့်သန်း၊ မင်္ဂလာပန်းကြဲပေးပါသော မသင်ဖုန်းသက်လျှာသော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဖြိုးပြည့်မှူးခင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဝင်းပြည့်ပြည့်ထွန်း၊ သတို့သားအရံ မောင်ဝေမှူးအောင်၊ သတို့သမီးအရံ မနေခြည်ထက်၊ မင်္ဂလာဝတ်စုံ Aroma Zulu Studio ၊ မိတ်ကပ်နှင့်ဆံပင် အလှပြင်ဆင်ပေးပါသော ကိုအောင်မြတ်သူ (Aroma)၊ မင်္ဂလာတေးဂီတဖြင့် ဖျော်ဖြေပေးပါသော The Aces Music Band အဖွဲ့သားများ၊ မင်္ဂလာအခါတော်ပေးပါသော ဒေါ်ငြိမ်းငြိမ်းအိအားလည်းကောင်း၊ ပန်းအလှပြင်နှင့် စားသောက်ဖွယ်ရာများ တည်ခင်းညှော်ခံပေးပါသော Novotel Yangon Max Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာညှော်ခံပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသောသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ခန့်ထက်ကြွယ်-မနန်းသဥ္ဇာနို**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၇–၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမနေရာ"**မှ (၇)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့်"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နာယက" နှင့် "KBZ Bank တည်ထောင်သူ နာယကကြီး ဦးအောင်ကိုဝင်း" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

- စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- ပဲခူးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- ရှမ်း/မြောက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း
- မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း
- မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း
- မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း
- မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း
- Myanmar Plastic Industries Association
- Myanmar Computer Industry Association
- Myanmar Liquor Association

# ဝမ်းမြောက်ဂုဏ်ယူ အနုမောဒနာပြုခြင်း

ပညာရေး၊ ကျန်းမာရေး၊ ဘာသာ သာသနာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး ကဏ္ဍများတွင်သာမက

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြည်လည်ထူထောင်ရေး၊

ငြိမ်းချမ်းရေးဖော်ဆောင်ရေးစသည့် ကဏ္ဍစုံတွင် လူအား၊ ငွေအားဖြင့် စဉ်ဆက်မပြတ်

စွမ်းစွမ်းတမံ ပံ့ပိုးကူညီ လှူဒါန်းပေးလျက်ရှိသော

**"ကမ္ဘောဇဘဏ် တည်ထောင်သူ နာယကကြီး ဦးအောင်ကိုဝင်း"** အား

၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် "**ပထမ**" နေရာမှ (၇) နှစ်ဆက်

နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်၊ နိုင်ငံသားကောင်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အတွက်

များစွာဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့်

နိုင်ငံနှင့်ပြည်သူအကျိုး၊ ဘာသာ သာသနာအကျိုးတို့ကို ဆထက်ထမ်းပိုးတိုး ဆောင်ရွက်နိုင်ပါစေကြောင်း

ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကုံလုံဆရာတော် ဘဒ္ဒန္တကောဝိဒ
ကုံလုံကျောင်းတိုက်၊ထယ်သွန်းကျေးရွာအုပ်စု၊ ပင်းတယမြို့နယ်
ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တပည့်သာဝကများ။



**"ပထမ" နေရာမှ (၇)နှစ်ဆက် နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို အများဆုံးထမ်းဆောင်ခဲ့သော**
**အခွန်ထမ်းချန်ပီယံကြီး "KBZ BANK တည်ထောင်သူ နာယကကြီး ဦးအောင်ကိုဝင်း" အတွက်**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

- ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ် အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"**သည် ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ(၂၆.၄)ဘီလီယံ ပေးသွင်းခဲ့ပြီး၊ တစ်နိုင်ငံလုံးတွင် **"ပထမ" နေရာမှ (၇)နှစ်ဆက်** နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို အများဆုံးထမ်းဆောင်ခဲ့ခြင်း၊
- နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြုပါဝင်နိုင်ခဲ့ခြင်းနှင့် နိုင်ငံအတွင်း အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင် အမြောက်အများ ပေါ်ထွန်းလာအောင် ပံ့ပိုး ကူညီဖော်ဆောင်ပေးနိုင်ခြင်းများ အတွက် **"ကမ္ဘောဇဘဏ်တည်ထောင်သူ နာယကကြီး ဦးအောင်ကိုဝင်း"** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီးတို့တွင် ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

| | |
|---|---|
| **ဦးကျော်ဆွေ** | **ဦးသန့်ဇော်လင်း** |
| Chairman | Managing Director |
| Famous Group of Companies | OK Petroleum Myanmar Co., Ltd. |

GETC ကျောင်းကားအငှားရှိသည် nurture preschool

HIACE ယာဉ်အမျိုးအစားဖြစ်ရမည်။

Air-con အခြေအနေကောင်းမွန်ရမည်။

## ဖခင်အမည်မှန်

မူ(လွန်)ရိပ်သာ၊ လှည်းကူး စတုတ္ထတန်းမှ မစုသီဂီသန်းသန်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း[၁၂/လကန (နိုင်)၁၅၃၆၉၆]ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း**
**[၁၂/လကန (နိုင်)၁၅၃၆၉၆]**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ဆည်/ရေဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်နေသော ဦးကျော်သူလင်း(ဦးစီးမှူး၊ မြို့ပြ)၏ ဖခင်အမည် ဦးသိန်းနှင့်ဦးဘိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)

## အထူးအထွေထွေအစည်းအဝေးနှင့်နှစ်ပတ်လည်အထွေထွေအစည်းအဝေး

## တက်ရောက်ရန်ဖိတ်ကြားခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် အထူးအထွေထွေအစည်းအဝေးနှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစည်းအဝေးသို့ ဖိတ်စာနှင့်တကွ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အစုရှယ်ယာရှင်များအားလုံးထံသို့ စာတိုက်မှတစ်ဆင့် ဖိတ်စာများဆက်လက်ပေးပို့မည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၂၈. ၁၂. ၂၀၁၈ (သောကြာနေ့) |
| အချိန် | - | မွန်းလွဲ ၂း၀၀ နာရီ မှ ညနေ ၄း၀၀နာရီထိ |
| နေရာ | - | ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပထမထပ်(မင်္ဂလာခန်းမ)၊ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

**ဒါရိုက်တာအဖွဲ့**

**မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | RG Drilling Rig Spare Parts (21 ltems) | 1 Lot |
| (ခ) | Bourne Drilling Rig Spare Parts (12 ltems) | 1 Lot |

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၃-၁၁-၂၀၁၈ ရက် |
| တင်ဒါပိတ်ရက်နှင့်အချိန် | - | ၂၀-၁၂-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**
**ဖြည့်တင်းရေးဌာနခွဲ-၂**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၃၁၂၉၅၊ ၀၆၇-၃၄၃၁၃၀၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## စိုက်ပျိုးရေးသုတေသနဦးစီးဌာန

## နေပြည်တော်-ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) တည်ဆောက်ရေးလုပ်ငန်း(၃)ခု** **1-Lot**
- (၃၀'×၂၈'×၁၄') စိုက်ကွင်းရုံး(၁)လုံး
- (၁၅၇'×၆၆'×၉"ထု) မျိုးစေ့လှမ်း တလင်း(၁)ခု
- (3 Phase 4 Wire လိုင်း၊ 8800')လျှပ်စစ်မီးလိုင်း (၁လိုင်း) သွယ်တန်းတပ်ဆင်ခြင်း

**(ခ) တည်ဆောက်ရေးလုပ်ငန်း(၃)ခု** **1-Lot**
- (၄၀'×၂၀'×၁၀') Net House (၁)လုံး
- (၁၁၆. ၅'×၃၀')ဓာတ်ခွဲခန်း(၁ခန်း)အား ပြန်လည်ပြင်ဆင်ခြင်း
- Breeding House (၁၀၅'×၆၀'×၉')(၁)လုံးနှင့် (၃၀'×၂၀'×၁၂')(၄)လုံး

**(ဂ) ဓာတ်ခွဲခန်းသုံးပစ္စည်း(၂)မျိုး** (Amino Acid Analyzer,PCR) **1-Lot**

**(ဃ) အခြားစက်ပစ္စည်း(၁တွဲ)** (Microphone and 6 Channels Recorders)**1-Lot**

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၁၁-၂၀၁၈ရက်(ရုံးချိန်အတွင်း)
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာနစု
၄။ တင်ဒါလျှောက်လွှာပိတ်ရက် - ၇-၁၂-၂၀၁၈ရက်၊ ညနေ(၁၆း၃၀)နာရီ
၅။ တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် - ၁၀-၁၂-၂၀၁၈ရက်
၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

Asia Dragon အာရှနဂါး

ကျိုက်ထီးရိုး
ချောင်းသာ
ငွေဆောင်

01 707062, 09 799 100 100, 09 300 300 30

## စက်မှုဝန်ကြီးဌာန

## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ လျှပ်စစ်စစ်ဆေးရေးကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | High Voltage AC Dielectric Tester (100/50KV) | 1 Set |
| (ခ) | Portable Appliance Tester | 1 No |
| (ဂ) | Handheld Power Quality Analyzer | 1 No |
| (ဃ) | Insulation Coating Thickness Gauge | 4 Nos |

၂။ (က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် - (၂၇-၁၁-၂၀၁၈)ရက်၊ နံနက်(၉း၃၀)နာရီမှ (၁၆း၃၀)နာရီထိ
(ခ) တင်ဒါပိတ်မည့်ရက်၊ အချိန် - (၁၀-၁၂-၂၀၁၈)ရက်၊ (၁၆း၃၀)နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ်(၄၁)၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၄၀၈၄၀၂၊ ၀၆၇-၄၀၈၂၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

## ရခိုင်ပြည်နယ်ရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ပေ(၃၀×၅၀) RC ၂ထပ်အဆောက်အဦ(၁)လုံး (ရေသန့်၊ လျှပ်စစ်လုပ်ငန်းများနှင့် Aircon 1(HP) ၄လုံးအပါအဝင်)ဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၆-၁၁-၂၀၁၈ရက်မှ ၁၀-၁၂-၂၀၁၈ရက်
(ခ) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၁-၁၂-၂၀၁၈ရက် ညနေ(၄း၀၀)နာရီ
(ဂ) တင်ဒါရောင်းချမည့်နေရာ - ရခိုင်ပြည်နယ်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံး၊ စစ်တွေမြို့

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း(၀၄၃-၂၂၆၁၀)၊ (၀၉-၇၉၅၄၁၆၇၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



# ရန်ကုန်မြို့တော်ခန်းမတွင် လိမ္မော်ရောင်မီးများ အလှဆင်ထွန်းညှိ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့တွင် "လိမ္မော်ရောင်ခြုံလွှမ်း ကမ္ဘာတစ်ဝှမ်း အကြမ်းဖက်မှုပပျောက်ရေး အမျိုးသမီးအသံနားထောင်ပေး" ခေါင်းစဉ်နှင့်အညီ ရန်ကုန်မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ လိမ္မော်ရောင်မီးများ အလှဆင်ထွန်းညှိထားကြောင်း သိရသည်။

အဆိုပါ မီးထွန်းခြင်းအခမ်းအနားကို ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးသန်း၊ ကော်မတီဝင် ဒေါ်သန်းမြင့်အောင်နှင့် တာဝန်ရှိသူများ၊ UN Women မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

"ဒီနှစ်အတွက် သတ်မှတ်ထားတဲ့အရောင်ကို ထွန်းညှိပေးခြင်းအားဖြင့် မြန်မာနိုင်ငံဟာလည်း ကမ္ဘာ့ကုလသမဂ္ဂနဲ့အတူ အမျိုးသမီးများ အကြမ်းဖက်ခံရမှုပပျောက်ရေးလှုပ်ရှားမှုမှာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❋**




**အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးကို ရည်ရွယ်၍ ရန်ကုန်မြို့တော်ခန်းမတွင် လိမ္မော်ရောင်မီးများ အလှဆင်ထွန်းညှိထားသည်ကို တွေ့ရစဉ်။**

# အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း အချိန်ယူပြင်ဆင်မည်



**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ် ဧပြီလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၀ တိုကျိုအိုလံပစ်ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ခြေစစ်ပွဲအကြို ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် အုပ်စု(ဂ)တွင် ကျရောက်ခဲ့ပြီး နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပခဲ့သည်။ မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်ကို ငါးဂိုး-ဂိုးမရှိ၊ အိန္ဒိယကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နီပေါနှင့် တစ်ဂိုးစီသရေကျကာ ခုနစ်မှတ်ဖြင့် ပထမနေရာရပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် သုံးလကျော်အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ဖေဖော်ဝါရီတွင် ပြည်တွင်းခြေစမ်းခရီးစဉ်၊ မတ်လတွင် ပြည်ပခြေစမ်းခရီးစဉ်များ သွားရောက်ရန် စီစဉ်ထားသည်။ **စာမျက်နှာ ၈ ကော်လံ ၄ သို့ ◯**

**အိုလံပစ် ပထမအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီးအသင်းကို တွေ့ရစဉ်။**

## ထူးခြားသည့် ညအပူချိန်

| ၂၅-၁၁-၂၀၁၈ | |
|---|---|
| ဟားခါး | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၆ ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ ဒီဂရီစင်တီဂရိတ် |
| မတူပီ | ၆ ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၇ ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၇ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၇ ဒီဂရီစင်တီဂရိတ် |



